www.burmeseclassic.com



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၅၃၅၁၀၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၅၃၅၁၁၀၉ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၀၊ မတ်လ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် ၄၊ အခန်း ၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၀/၃၃၊ ၅၃လမ်း ဗိုလ်တထောင်၊ ရန်ကုန်။ |
| ဖြန့်ဈေး | - | ၁၂၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မယ်ခိုင်
ပန့်ခ်ချစ်သူ /မယ်ခိုင် ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၀၉ ။
၂၅၀ စာ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) ပန့်ခ်ချစ်သူ



တစ်ခါတစ်ရံမှာ အချစ်က
ဝါဂွမ်းတစ်မျှင်
တစ်ခါတစ်ရံမှာ
မြည်နေအောင်သွေးထားတဲ့
ဓားတစ်လက်
တစ်ခါတစ်ရံမှာ
မြွေပွေးတစ်ကောင်
တစ်ခါတစ်ရံမှာတော့
စုတ်ချက်ညီညီရေးခြစ်ထားတဲ့
ပန်းချီကားတစ်ချပ်
တစ်ခါတစ်ရံတော့လည်း
ကြည်လင်ပြတ်သားလှတဲ့
မှန်တစ်ချပ်
တကယ်တော့
အချစ်ဆိုတာ
ဆုပ်ကိုင်ဖမ်းပြလို့မရတဲ့
စိတ္တဇနာမ်တစ်ခုပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

ကန်ရေပြင်ရေငွေ့အေးအေးကိုရှူရှိုက်ကာ ပင့်သက်မျှောကို တမေ့
...အောမျှောချမိလိုက်သည်။ လေပြည်အေးအေးက သူမရင်ထဲ အနုပညာ
...ချီးထည့်သွင်းနေသည်ဟုထင်ပါသည်။ ဟိုမှဒီသို့ တောင်စဉ်မရရော
...မောနေမိရင်း ပန်းချီရေးချင်စိတ်က အလိုလိုဖြစ်ပေါ်လာရသည်။

သူမစိတ်ရှိတိုင်းလုပ်တတ်သူပီပီ လွယ်အိတ်ကြီးကြီးထဲမှ စုတ်တံ
...ရောင်စုံနှင့် ကတ်ပြားဖြူလိပ်ကြီးကြီးကိုထုတ်ကာ ပန်းချီရေးဖို့ပြင်
...တော့သည်။

အလုပ်ရှုပ်နေသောသူမကို အချို့အချို့ကျွန်းမာရေးလမ်းလျှောက်

www.burmeseclassic.com

www.burmeseclassic.com





ထွက်သူများက တရိပ်တစောင်းကြည့်ချင်လည်းကြည့်နေကြလိမ့်မည်။ ဘေးနားရှိ တွတ်ထိုးနေကြသောချစ်သူစုံတွဲများကိုလည်း သူမက စိတ်မဝင်စားတော့တဲ့ ပန်းချီရေးဖို့သာ အားထုတ်နေမိတော့၏။ ဆည်းဆာချိန် ကန်တော်ကြီး၏အလှက သူမအာရုံတစ်ခုလုံးကို ကြီးစိုးမင်းမူထားတော့သည်။

ရေပြင်ပေါ်ပျံဝဲနေကြသော ငှက်မောင်နှံစုံတွဲသည်လည်းကောင်း၊ အဝေးမှလှမ်းမြင်နေရသော ကုက္ကိုကျွန်းရဲ့အလှကိုလည်းကောင်း၊ ပီပြင်စွာ ရေးခြစ်ခြယ်မှုန်းနေစဉ်မှာ သူမသောက်လက်စကုန်လုလု ဖျော်ရည်ဘူးမှာ လေအဟုန်ကြောင့် မှောက်လဲသွားရသည်။ အရည်အချို့က သူမအင်္ကျီဖြူလွလွကို စွန်းပေစိုရွှဲသွားစေတာကြောင့်. . .

"ကျွတ်! အရေးထဲ"

အာရုံနှောက်သွားသဖြင့် သူမ စုတ်သပ်မိလိုက်တော့သည်။ ထိုစဉ် လေအဟုန်က ပိုတိုး၍ကျီစယ်လာသည်။ အကြောင်းမှာ ကားသုံးစီးထိုး ရပ်သွား၍ပါ။ သူမက အမှတ်တမဲ့လမ်းပေါ်မော့ကြည့်လိုက်စဉ် သူမကို ငေးသွားစေခဲ့ပါသည်။

မှန်ပါသည်။ ကောင်ချောချောလေး သုံးယောက်ပါ။ ကားပေါ်မှာ ဘေးကစောင်းမြင်နေရသောထိုသုံးယောက်က ဘေးတစောင်းပုံရိပ်နှင့်ပင် သူမအာရုံကိုဖမ်းစားလိုက်သည်။ ကားဝါဝါလေးပေါ်မှ အဝါရောင်ကောင်လေးက အရင်ဆုံးဆင်းလာသည်။

"အိုး. . .အရပ်က အရှည်ကြီးပါလား၊ ချောလိုက်တာ"

စိတ်ထဲ၌ ထိုသို့ဖြစ်ပေါ်မိရုံရှိသေး၊ ကားအနီလေးပေါ်မှဆင်းလာတဲ့ အဖြူရောင်ကောင်လေးကြောင့်. . .

အိုး. . .သူမ ဘာကိုမှထပ်မတွေးနိုင်ပြန်တော့။ သို့သော် ကားအနက်ရောင်ပေါ်မှဆင်းလာသော နီညိုရောင်ကောင်လေးမှာတော့ သူမအာရုံတွေ အဝေးသို့လွင့်စင်ကုန်ရသည်။ ဒီလိုရုပ်ရည်မျိုးကို ဘယ်လိုမိဘမျိုးကများ ဘာစားပြီးမွေးထားပါလိမ့်။

"မေ့, မင်းဘယ်လိုဖြစ်နေတာလဲ၊ မောင်က မင်းရည်းစားနော်"

အာရုံနှောက်လိုက်တာ။ ဒီစုံတွဲက တစ်မျောင့်၊ ခပ်လှမ်းလှမ်းမှစုံတွဲကပင် အပြစ်တင်လိုက်မိသေးသည်။

"မောင်ကလည်း မနာလိုမဖြစ်ပါနဲ့၊ သူတို့ကို အဲဒီလိုအစုလိုက် မြင်လိုက်တွေ့ရခဲ့တယ်။ အားရအောင် ငေးပါရစေဦး"

"အဲဒါတွေကြောင့် အဲဒီအဖွဲ့ကိုမကျေနပ်ရတာ၊ သူတို့ဖြတ်သွားလိုက်ရင် အားလုံးငေးကျန်လို့"

"ဟမ်! မောင်ကရော မငေးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အဟဲ. . . ကြည့်မိရုံလေးပါ"

"Audience Park သူတို့ ဘယ်တုန်းကပြန်ရောက်ကြလဲ မသိဘူးနော်"

"မနေ့က"

"အို၊ ဟုတ်လား။ မောင်က ဘယ်လိုသိတာလဲ"

"ဟိုကောင်တွေပေါ့။ ဒီနေ့ Audience Park တွေ မန္တလေးပြန်ရောက်မယ်။ လေယာဉ်ကွင်းမှာသွားကြည့်ရအောင်ဆိုပြီး အဆွယ်ကောင်းတာနဲ့ အပျင်းပြေပါသွားတာ"

"အပျင်းပြေဖြစ်ရအောင် သူတို့က မောင့်ကိုဖျော်ဖြေနေလို့လား"

"ဖျော်ဖြေပွဲဆိုရင်တော့ အဲ့ဒီပွဲမှာ မောင်ကထိပ်ဆုံးကပေါ့။ သူတို့ ပုံစံတွေကိုကြည့်ရတာ မိတယ်။ မောင်တို့အဖွဲ့ရဲ့ Hero တွေလေ"

"ဒါနဲ့များ မေ့,အဲ့ဒီလိုလေး ငမ်းမိတာကို တိုနေရသေးတယ်"

"အဲ့ဒါတွေကြောင့် တိုတာပေါ့"

"သူတို့သုံးယောက်ထဲမှာ ဘယ်သူက အမိုက်ဆုံးလို့ မောင်ထင်သလဲ"

"သိပ်တော့မပြောတတ်ဘူး။ ကွာလတီက တူနေကြတာကိုး ထင်မျိုးပေါ့။ အောတုရှိန်ရဲ့ဆံပင်ပုံစံကလည်း မိုက်တယ်။ မောင်ကြိုက်တယ်



ရှိုင်းနောင်ကလည်း ဘယ်မှာခေလို့လဲ။ ဇိုကိန်းယင့်လည်းမဆိုးဘူး။ မောင်မသိဘူး။ သေချာတာကတော့ မန္တလေးက Rapper တွေ ဝပ်ဦးမယ်ဆိုတာပဲ"

"ဘာဖြစ်လို့လဲ"

"သူတို့က Audience Park လေ။ သူတို့က လူငယ်တွေရဲ့ Hero ပဲဟာ"

"သြော်. . . သြော်"

ဆက်ကြားရလေဦးမလားဆိုပြီး အသံတွေကိုနားစွင့်နေပေမယ့် ဘွတ်ထိုးသံတဟင်းဟင်းကြောင့် ဘာအကြောင်းပြချက်မှမရှိဘဲ စိတ်တိုသွားရသည်။

သို့သော် သူမရင်ထဲမှာတော့ နာမည်သုံးခုကို အလိုလိုရွတ်နေသည်။ အောတုရှိန်၊ ရှိုင်းနောင်၊ ဇိုကိန်းယင့်။ အောတုရှိန်ဆိုတာ ဘယ်သူဖြစ်နိုင်မယ်ကို သူမအမျိုးမျိုးခန့်မှန်းကြည့်မိသည်။ မရ။

အောတုရှိန်ဆိုတာကိုသိရင် ကျန်နှစ်ယောက်ကိုလည်း ခွဲခြားလို့ ရနိုင်မည်ဟုထင်ထားခဲ့တာပါ။ အောတုရှိန်ရဲ့ဆံပင်ကောက လှတယ်ဆိုတော့ နီညိုရောင်ကောင်လေးလား။ သူ့ဆံပင်က လိမ်ခွေခွေလေးတွေနဲ့တော့ တစ်မျိုးထူးတယ်။ ဒါဆိုရင် အဝါရောင်ကောင်လေးကရော။

www.burmeseclassic.com

www.burmeseclassic.com



သွားပင်ကလေးဖွေးဖွေး ထိုးထိုးထောင်ထောင်၊ ဖရိုဖရဲလေးနှင့် လှတာပဲ။ ဒါဆို အဖြူရောင်ကောင်လေး ဖြောင့်စင်းစင်းနှင့်ကေချွန်ချွန်လေး။

အိုး . . . သူမ မခွဲတတ်ပါ။ သို့သော် ထိုအတွေးနှင့်အတူ သူမကိုယ် သူမ ရှက်သွားရပါသည်။ ဘာကြောင့် အခုမှတွေ့လိုက်ရတဲ့ ထိုကောင်လေးတွေအကြောင်း စဉ်းစားနေရတာလဲ။

သူမကိုယ်သူမစိတ်ဆိုးမိပေမယ့် ထိုကောင်လေးများရဲ့ပုံရိပ်က အာရုံထက်က ပျောက်ပျက်မသွားခဲ့။ မှတ်ဆိတ်ကျင်စွယ်လေးတွေနဲ့ဆို ပေမယ့် တစ်မျိုးလေးထူးပြီး ဆွဲဆောင်မှုရှိနေကြတဲ့ပုံရိပ်လေးတွေက သူမကို ပန်းချီစုတ်ချက်ဖြစ်စေဦးမည်ထင်ပါရဲ့။

ဝေဝါးနေသောသူမအာရုံအချို့ကို အံပြုံးတစ်ချက်နှင့် ဖယ်ရှား ပစ်လိုက်သည်။ သေချာနေသည်က သူမ ကဗျာတစ်ပုဒ်ရေးဖြစ်ပြန်တော့ မည်ဆိုတာပါပဲ။ ဒီလိုပါပဲ၊ သူမက မနှုးမနပ်ခံစားချက်များအားလုံးကို အနုပညာအဖြစ်သာ ကုန်ကြမ်းထားပြီး ရစ်ဝဲကြည်နူးတတ်သူပါ။

အဖြစ်အပျက်တစ်ခုကြုံရင်း ကဗျာရေးမည်။ စိတ်ထဲကတစ်ခုခုကို လှိုက်လှဲခုန်မင်လာရင် ပန်းချီရေးမည်။ တစ်ခုခုကြောင့် ခံစားနေရရင် တယောထိုးမည်။ ဒါက သူမဖြတ်ကျော်နေကျအစဉ်အလာတစ်ခုပေပဲမို့ လား။

♫ ❡ ♫

အခန်း ( ၂ )

ဒီနေ့တော့ စိတ်ရှိလက်ရှိနှင့် မြို့ထဲကလမ်းပေါင်းစုံကို ပတ်လျှောက် နေမိသည်။ မိုးပြေးလေးကလည်း ပျောက်တစ်ချက် ပေါ်တစ်ချက်နှင့် ခေါက်ပြောင်နေသေးတာကြောင့် လေပြည်အေး ခပ်လှောင်လှောင်လိုက် လာရသည်။

ဒီလိုရာသီဥတုမျိုးက သူမအကြိုက်ပါပဲ။ မိုးထစ်ချုန်းချ မလာ ချင်၊ နေရဲရဲက မပီပြင်လာမချင်၊ လေကြမ်းကြမ်းက မနှောင့်ယှက် လာမချင်းတော့ သူမခြေလှမ်းတွေကို ရပ်တန့်ဖို့မဖြစ်နိုင်ပါ။

သို့သော် သဘာဝတရားကြီးက သူမရဲ့ခြေထောက်တွေကိုကရုဏာ

www.burmeseclassic.com

www.burmeseclassic.com



သက်သွားသည့်ထင်ရဲ့ သူမလမ်းလျှောက်နေရင်းပင် ခြေလှမ်းများက ယိုင်သိုသွားရသည်။

"တာ! ပြဲသနာပဲ"

မှန်ပါသည်။ ဖိနပ်ပြတ်သွား၍ပါ။ ဖိနပ်ဆိုရင် သဲကြိုးသေးသေး လေးတွေကိုမှကြိုက်တတ်တဲ့ သူမအကျင့်ကြောင့်လို့ပဲပြောရပေမည်။ သူမက အရာရာတိုင်းကို ရှက်ရွံ့နေတတ်တဲ့မိန်းကလေးတစ်ယောက် မဟုတ်၍ တော်သေးသည်။ ဒါမှမဟုတ်လို့ကတော့ ယောကျ်ားပျိုတွေ ဝိုင်းလောင်ချင်စရာ။ သူမက ခပ်တည်တည်ပင် ဖိနပ်နှစ်ဖက်လုံးကို လမ်းလျှောက်ရင်းပင် မသိမသာနှင့်ချန်ထားခဲ့လိုက်၏။ ပိုင်ရှင်မဲ့နေသော ဖိနပ်ကလေးမှာ လမ်းမကြီးမှာ နင်းချေသမျှ ခံရပေဦးတော့မည်။

ဖိနပ်မရှိတော့၍ ခြေဖဝါးနုနုလေးတွေမှာ နာကျင်ကျိန်းစပ်လာ သည်။ နာကျင်မှုကိုသိမ်းဆည်းသိုဝှက်ထားပေမယ့်လည်း ဖုံးမရစီးမွှားခဲ့ နောက်ဆုံးတော့ နီးစပ်ရာ ဂရိတ်ဝေါပလာဇာထဲ ပြေးဝင်ပစ်လိုက်သည်။

မျက်နှာနီနီ ဖိနပ်မပါလာဘဲ အနည်းငယ် ဗရုတ်သုတ်ခဆန်နေ သောသူမကို အချို့အချို့တွေက မျက်ဝန်းတစ်မျိုးနှင့် တရိပ်တချက်ကြည့် အကဲခတ်လာကြသည်။ 'လူဦးမယ်'ဆိုသောသူမက ပတ်ဝန်းကျင်နှင့် ခြားသောတစ်ဦးတစ်ယောက်ကို အချိန်ကုန်ခံ ခေါင်းပူခံပြီး ဂရုစိုက် တတ်သူမဟုတ်၍ ခြေဗလာနှင့်ပင် ဖိနပ်ရှာဖွေခန်း စတင်ပါတော့သည်။



အချိန်သာ ကြာသွားခဲ့တယ်။ သူမအကြိုက်က ပလာဇာကြီး ထဲမရှိဖြစ်နေသည်။ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ် ဖိနပ်ဆိုင် တွေလည်း စုံနေပါပြီ။ သူမကပဲ ချေးထူတာလား၊ ဒီဇိုင်နာတွေကပဲ ညံ့တာ လား။ နောက်ဆုံးတော့ သူမမောမောနှင့်ပြန်ဆင်းလာရာ အမောပြေ ရေခဲမုန့်တစ်ခု မှာလိုက်သည်။

ထိုစဉ် ဘေးဘီဝဲယာမှလူအချို့က ရုတ်ရုတ်ရက်ရက်နှင့် လှုပ်ရှား လာသည်။ သူမစိတ်ထဲ ဘာဖြစ်တာလဲ၊ ဘာလဲဆိုတဲ့အတွေးမျိုးက ဝင်လာသည်။ သို့သော် သူမ ကိုယ်နဲ့မဆိုင်တဲ့အကြောင်းအရာကို စိတ် ဝင်စားတတ်သူမို့ ပုံမှန်ဗီဇအတိုင်း ခပ်အေးအေးပင်နေလိုက်သည်။

"နီလာ, နင်သိပ်တွေ့ဖူးချင်နေတဲ့ Audience Park (အောဒီးယင့်ပါ့ခ်)လေ"

"ဘယ်မှာလဲ"

အရှေ့ထဲ မုန့်ကောင်တာမှ ကောင်မလေးနှစ်ယောက်ကလည်း ငါ့ရဲ့ရေခဲမုန့်ကို စိတ်မဝင်စားတော့ဘူးထင်ပါရဲ့။

"ဟယ် . . . Audience Park"

ကောင်မလေးနှစ်ယောက်ရဲ့အနောက်မှထွက်ပေါ်လာတဲ့ အခြား

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခလေးတစ်ယောက်ကြောင့် . . .

"Audience Park"

သူမ လှျာဖျားလေးလှုပ်ရုံ ပြောမိလိုက်သည်။ နောက်တော့မှ သူမက တစ်ခုခုကိုသတိရသွားပုံမျိုးနှင့် မျက်ဝန်းလေးများ တောက်ပလာသည်။ သူမနောက်ကျောဘက်ဆီသို့ အဆောတလျင်လှည့်ကြည့်လိုက်စဉ်မှာ လူအများပါးစပ်ဖျားမှ အောဒီးယင့်ပါ့ခ်မင်းသားသုံးပါးကို ဘွားခနဲတွေ့လိုက်ရသည်။

လူအများနည်းတူ သူမပါ ငေးခနဲဖြစ်သွားရပါ၏။ မှန်ပါသည်။ ဆံပင်လိမ်ခွေခွေလေးနှင့်အနက်ရောင်ကောင်လေးကလည်း သိပ်မိုက်ဆံပင်ဝိုးတိုးတောင်တောင်ဖရိုဖရဲနှင့် အဝါရောင်ကောင်လေးကလည်း အပုံစား။ သူတို့နှစ်ယောက် အပြိုင်အဆိုင်မိုက်နေကြသလို အဖြူရောင်ကောင်လေးကလည်း ခေသူမဟုတ်။ ဆံပင်ကော့ချွန်ချွန်လေးများ လေထဲမှာ ဝဲခနဲ၊ ဝဲခနဲဖြစ်သွားလောက်အောင် လမ်းလျှောက်နည်းကို တမင်တကာကျင့်ယူထားသလား ထင်ရလောက်ပါသည်။

လုံမပျိုများနှင့် လူအများစု၏မျက်လုံးများမှာ ထိုသုံးယောက်ရဲ့ဝိညာဉ်နား ကပ်ပါသွားကုန်ကြသည်။ ပုရိသသုံးကောင်ကို မဆီမဆိုင် ငေးမိသည့်သူမမျက်လုံးကို သူမထိုးဖောက်ပစ်ချင်မိသည်။



သူမက အဲ့ဒီလောက်ထိက္ကန္ဓြေမဲ့သောလူလား။ ဒါဆို ဒီမြေညီထပ်က လူတွေအားလုံး က္ကန္ဓြေမရှိကြသူတွေချည်းပဲပေါ့။

"ဟေ့ . . . တို့ရေခဲမုန့် ဝယ်ထားတယ်လေ။ မေ့သွားပြီလား"

"သြော် . . . ဟို ဟုတ်ကဲ့။ ခေါင်းနော့်အစ်မ။ တကယ်ပါ"

"ရင်ပူလိုက်တာ၊ တစ်ခုတည်းမဟုတ်တော့ဘူး။ နှစ်ခုလုပ်လိုက်နှစ်ခု။ ချောကလက်တစ်ခု၊ သခွားတစ်ခု"

"ဟုတ်ကဲ့"

စိတ်ကိုတင်းထားနေမိရင်းမှ ထိုသုံးယောက်ကို အမှတ်တမဲ့ကြည့်မိသွားပြန်သည်။ ထိုသုံးယောက်မှာ မည်သူ့ကိုမှဂရုမပြု အလေးမထားပုံမျိုးနှင့် နှုတ်ခမ်းတွေကိုပိစိထားကာ စက်လှေကားအတိုင်း အပေါ်ထပ်သို့တက်သွားခဲ့ပါပြီ။

"အစ်မ၊ ရပြီ"

"သြော် . . . အင်း"

သူမ ယောင်နနနှင့် အိတ်ထဲမှ တစ်ထောင်တန်တစ်ရွက်ထုတ်ကာ ကောင်တာပေါ်တင်လိုက်သည်။ လက်တစ်ဖက်ငစ်ချ ာ်ဆီမှာ ရေခဲမုန့်ဆစ်ခုကိုကိုင်၍ ကိုးရိုးကားရားထွက်လာသောသူမနား ပေညစ်ညမ်းကလေးတစ်ယောက်က မျက်နှာငယ်လေးနှင့်တိုးကပ်သွားပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"သနားပါအစ်မရယ်။ မနက်ကကြီးနဲ့ ဘာမှမစားရသေးလို့ပါ။ ဗိုက်ဆာလို့ပါအစ်မရယ်။ သနားပါ"

"ဟဲ့! ညည်းဗိုက်ဆာတာ ငါက ဘာလုပ်ပေးရမှာလဲ။ ဒုက္ခပဲ"

"အစ်မလက်ထဲက ရေခဲမုန့်လေးဆို လုံလောက်ပါပြီ အစ်မရယ်။ သနားပါ"

"ဒုက္ခပဲ၊ တစ်လျှက်ပဲ့တောင် မစားရသေးဘူး။ အသစ်ကြီးဟဲ့"

"အစ်မက ချောပါတယ်ဗျာ။ သဘောလည်း ကောင်းပါတယ်။ အစ်ကိုချောချောသုံးယောက်ကလည်း အစ်မကြီးကိုကြိုက်မှာပါဗျာ။ အစ်မကြီးက ချောပါတယ်။ သနားပါဗျာ"

"ဗုဒ္ဓေါ! ဒါ့ ညည်းကိုဘယ်သူသင်တာလဲ"

"လုပ်ပါဗျာ၊ ဗိုက်ဆာလို့ပါ"

"တကတည်း. . . မပြောချင်ဘူး။ ငါက ဘယ်လိုမျိုးကျတော့မယ် ရှေ့"

"ဟိုလေ. . . အစ်မချောလေး၊ ပေးလက်စနဲ့ နှစ်ခုလုံး ပေး ခဲ့ပါလား။ ကျွန်တော့်ညီမလေးလည်း မစားရသေးလို့"

"အမယ်လေး. . . ကြီးတော်မသားရယ်၊ ရှော့ရှော့. . . ယူ"

ဟု သူမကထိုးပေးလိုက်စဉ်မှာ ကလေးက ပျာပျာသလဲယူ



အစ်ချိုးတည်း လစ်ပြေးပါတော့သည်။

"ဒီနေ့ လူဦးမယ်တို့တော့ ကံဆိုးတာပဲ။ ဘာတစ်ခုမှကိုအဆင်မပြေဘူး။ ဟွန်း"

သူမခေါင်းပုပ့်နှင့် ငုတ်တုတ်ထိုင်ချမယ်ကြံတုန်း သူမဆီသို့ဦးတည်ပြီး ပြေးလာတဲ့ကလေးနှစ်ယောက်ကြောင့် သူမက ပြုံးတုံးပျာတာပင် ခံရပ်မိလိုက်သည်။

"အစ်မလေးရယ်၊ သနားပါဗျာ။ ဘာမှမစားရသေးလို့ပါ။ အစ်မက ချောပါတယ်။ သနားပါဗျာ။ ဗိုက်ဆာနေလို့ပါ"

"ဗုဒ္ဓေါ! "

သူမအကျီစနဲ့ထိလုလု လက်ဖဝါးညစ်နွမ်းနွမ်းများကြောင့် သူမမှာ ပြုံးတုံးပျာတာနှင့် အနောက်သို့တိုးကပ်မိသွားသည်။ သူမ ထိုကလေးနှစ်ယောက်၏ အတောင်းအရမ်းရဲတင်းမှုကို အံ့အားသင့်နေတုန်း နောက်ထပ်ကလေးသုံးယောက်က ဘယ်ကပေါ်လာမှန်းမသိ။ သူမနားရောက်လာပြန်သည်။

"အစ်မလေးရယ်. . . ကူညီပါရှင်။ ဘာမှမစားရသေးလို့ပါ"

"ဘုရားရေ"

တဖြည်းဖြည်းနှင့် သူမကိုဝိုင်းအုံစပြုလာသော ကလေးညစ်နွမ်း

www.burmeseclassic.com

www.burmeseclassic.com



နှမ်းတစ်သိုက်ကြောင့် သူမှာ အခက်ကြုံသွားရသည်။ သူတောင်းစား ငယ်လေးတွေ ဝိုင်းအုံခြင်းခံထားရသောသူမကို အချို့က ပြုံးစိစိနှင့် ကြည့်နေကြပေမယ့် ကူညီဖော်မရကြ။

သူမဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေတုန်း စက်နိုးနေသော အဝါရောင်ကားလေးက မျက်စိထဲ တန်းဝင်လာသည်။ သူမ ဘာမှမ ရာလေးပါး စဉ်းစားမနေတော့ဘဲ. . .

"ဟေ့. . . အိုး. . . ဟေ့"

အော်မိအော်ရာအော်လိုက်ရာ ကလေးတွေ အာရုံခဏပြောင် တုန်း ကလေးအုပ်စုကြားထဲမှ ဒရကြမ်းပြေးထွက်ကာ ကားအဝါရဲ့တံ ကိုဆွဲဖွင့်ကာ ဝင်ချလိုက်ပါတော့သည်။

"မောင်းပါ။ မောင်း. . . မောင်း. . . မောင်း"

"ဩော်, အင်း. . . အဲ"

ထိုလူမှာ အင်းအင်းအဲအဲဆိုပေမယ့်လည်း အခြေအနေအရပ် ကိုသဘောပေါက်နေသလို ကားကိုမောင်းထွက်ပေးလိုက်သည်။ ကလေ ငယ်များက ကိုးရိုးကားရားပြေးလိုက်နေကြရင်း ကျန်ရစ်ထားခဲ့ပါတော့ သည်။ ထိုအခါကျမှ သူမက သက်ပြင်းချနိုင်တော့သည်။

"ဟွန်း. . . အခုမှပဲ စိတ်အေးရတော့တယ်။ ကျေးဇူး"



သူမအသံတို့က တစ်ပိုင်းတစ်စပျောက်ဆုံးကုန်ရသည်။

"ဟင်. . . ရှင်. . . ရှင်, Audience Park (အော်ဒီးယင့်ပါ့ခ်)"

သူမရဲ့ပြူးတူးပျာတာအပြောမှာတော့ ထိုပုဂ္ဂိုလ်လေးက ပြုံးရုံ လေးပြုံးလိုက်ပြီး

"မင်းက ဟန်မဆောင်တတ်ဘူးပဲ"

"ရှင်! "

"အဲဒါကြောင့်လည်း မင်းကို သူတို့တွေဝိုင်းအုံထားတာပေါ့"

"သူတို့တွေက အရမ်းတောင်းတာ။ ပေးစရာရှိမှန်းမသိ၊ မရှိမှန်း သိ။ တကယ်ပဲ စိတ်ညစ်ရော"

"စိတ်ညစ်ရင် အိပ်ရာထဲမှညစ်။ ကဲ. . . အမိကိုဘယ်နေရာမှာ ချပေးရမှာလဲ"

"ဟိုလေ. . . အဲ. . . ကူညီလက်စနဲ့ ဖိနပ်ဆိုင်ရှိတဲ့နေရာမှာ ချပေးပါလား။ ဟဲဟဲ. . . ဖိနပ်မရှိတော့ဘူး"

သူမက ပြုံးအီအီလေးပြောလိုက်ပေမယ့် ထိုပုဂ္ဂိုလ်က ပြုံးယောင် ယောင်နှုတ်ခမ်းနှစ်လွှာကို ဝိရိစ္စာတင်စေ့ထားသည်။ ချောလိုက်တာ။ သူ့ပါးမြိုင်းမွေးလေးက တစ်မျိုးလေး ဆွဲဆောင်မှုရှိနေသလိုပါလား။

ဒီဆံပင်ကောက်ရော ဘာကေလို့ခေါ်မလဲ။ ထိုးထိုးထောင်ထောင်

www.burmeseclassic.com

www.burmeseclassic.com

ရှုပ်ပွပွနဲ့ ရှင်းသန့်သေသပ်နေလို့ပါ။ ဟယ်. . . သူ့လက်ချောင်းလေးတွေက လှလိုက်တာဟု တွေးမိလိုက်ချင်းမှာပင် သူမလက်ကလေးများကို မသိမသာလေး လျှို့ဝှက်ထားမိပြန်သည်။ လက်အမွှေးလေးတွေက စိမ်းပြီး လက်ချောင်းလေးများက ဖောင့်ပြည့်နေပါသေးသည်။ အရိုးကျဲကျဲထွက်နေသောသူမလက်ချောင်းတွေကို သူ့ကိုမမြင်စေချင်ပါ။ လက်ညှိုးမှာဝတ်ထားတဲ့လက်စွပ်ကြီးကြီးအဖြူရောင်ကြီးကလည်း လက်ချောင်းလေးများနှင့်လိုက်ဖက်တင့်တယ်ကာ ကြည့်ကောင်းနေသေးသည်။

"ကဲ. . . အမိ, ဆင်းလို့ရပြီ"

"ကျေးဇူးပဲ။ ဩော်. . . ဒါနဲ့ ဟဲဟဲ. . . ရှင့်နာမည်"

"မင်းက တစ်မျိုးပဲနော်။ Audience Park ကိုတော့သိပြီး ကိုယ့်နာမည်တော့ မေးနေရတယ်။ ကလေးပဲ"

"ရှင်! "

သူမရဲ့အာမေဍိတ်သံက နောက်ကျသွားပါပြီ။ ကားအဝါလေးမှာ တာကလွှတ်တဲ့အပြေးသမားတစ်ဦးလို တစ်ရှိန်ထိုးမောင်းထွက်သွားတော့၏။

"နာမည်လေးပြောရမှာကို သမ္မတကြီးသတ်နိုင်းလိုက်တဲ့အတိုင်းပဲ။ ဘဝင်ချည်းပဲ"



သူမက စိတ်ဆိုးမာန်ဆိုးနှင့်ခြေဆောင့်ပြီး ဆိုင်ထဲဝင်ခဲ့တာဆိုပေမယ့် အရောင်းကောင်မလေးများက သူမကိုအားကျသောမျက်ဝန်းလေးများနှင့် ငေးမောနေကြလေသည်။

ဒီတစ်ခါတော့ သူမက ဘာတံဆိပ်၊ ဘယ်အရောင်၊ ဘာဒီဇိုင်းဆိုတာမျိုး ထပ်ရွေးမနေတော့ဘဲ တွေ့ကရာဖိနပ်တစ်ရန်ကိုဆွဲယူပြီး စီးလိုက်တော့၏။

www.burmeseclassic.com



## အခန်း ( ၄ )

သူမက စန္ဒရားသံစဉ်ကိုလည်း နှစ်သက်သူဖြစ်၍ မန္တလေးမြို့ပေါ်မှာနေခွင့်ရတုန်းအခိုက်အတန့်လေးမှာ စန္ဒရားတီးလည်း သင်ဖြစ်အောင် အချိန်လုသင်လိုက်ပါသေးသည်။

ဒီနေ့တော့ သူမက သင်တန်းမှာ သတင်းတစ်ခုကို ထူးထူးခြားခြားကြားလိုက်ရသည်။ အဲ့ဒါကတော့ ဒီနေ့သင်တန်းမှာ Audience Park ထဲက ဇိုကိန်းယင့်က တစ်နာရီပို့ချမယ်ဆိုတာပဲဖြစ်သည်။

သင်တန်းသူ၊ သင်တန်းသားများလည်း ခုနစ်ယောက်ပဲရှိသည်ဖြစ်ရာ ခုနစ်ယောက်လုံးကလည်း ဇိုကိန်းယင့်ဆိုသောပုဂ္ဂိုလ်ကို တမျှော်

www.burmeseclassic.com

www.burmeseclassic.com



မျှော်နှင့် စောင့်ကြည့်နေကြသည်။

အချို့သင်တန်းသူများမှာ ဗိုက်ကိန်းယင့်ဆိုသောနာမည်ကို အမျိုးမျိုး နောက်ပြောင်ကျီစယ်ကာ ဟီးဟီးဟားဟားနှင့်။ လူတကာပါးစပ်ဖျားမှာ ရေပန်းစားလှသော အဲ့ဒီ Audience Park အကြောင်း သူမပင်လျှင် စိတ်ဝင်စားလာခဲ့သည်။

သူတို့က ဘာဖြစ်လို့ ဒီလောက်တောင် နာမည်ကြီးနေရတာလဲ။ သုံးယောက်လုံး လိုက်ဖက်ညီညီချောကြလို့လား။ ဒါတင်ပဲဆိုရင်လည်း သူတို့လိုချောကြတဲ့သူငယ်ချင်းအဖွဲ့လေးတွေကို သူမ သွားရင်းလာရင်း မြင်ဖူးနေကျပါ။

ဒါမှမဟုတ် သူတို့က အဆိုတော်တွေလား။ ဒါဆို သူမက သီချင်း ကြမ်းပိုးပဲ။ ဘာကြောင့်မသိရတာလဲ။ ဒါဆို dancer တွေလား။ ဒါလည်း မဖြစ်နိုင်။ ဒါဆို ဘာကြောင့်လဲ။ အရမ်းချမ်းသာတဲ့သူဌေးသားတွေမို့ လား။

သူမ ဘယ်အကြောင်းအရာကိုပဲ မှန်းဆမိပါစေ။ အဖြေက လုံလုံ လောက်လောက်ထွက်မလာ။ သေချာတာကတော့ သူမသည်လည်း ဒီ Audience Park ကိုစိတ်ဝင်စားနေပြီဆိုတာပါပဲ။ သူမက မိန်းကလေး ပီပီ စပ်စုချင်စိတ်က ဘွားခနဲပေါ်လာရသည်။

သို့သော် သူမက ပတ်ဝန်းကျင်နဲ့ သဟဇာတကျကျ ပေါင်းသင်း နေထိုင်တတ်သူမဟုတ်၍ သိချင်စိတ်ကို မာနအရည်ကြည်ပါးပါးနှင့် လုံ့မလဲဖုံးဖိထားရသည်။

"ဟော့ . . . ကားအနီလေးဆိုက်လာပြီ"

"ဗိုက်ကိန်းယင့်"

အားလုံးက ထိုအသံနှင့်အတူ ပြတင်းစသို့ကပ်ကာ ငုံ့ကြည့်ကုန် ကြသည်။ သူမကော ရောယောင်ပါချင်မိပေမယ့် စိတ်အစဉ်ကိုချုပ်တည်း ထားရ၏။ ချီးမွမ်းသံတွေ အလုံးလိုက်ထွက်ပေါ်လာပြီးသည့်နောက်မှာ တော့ အားလုံးက ဝရန်းသုန်းကားနှင့် ကိုယ့်နေရာနှင့်ကိုယ် စနစ်တကျ ဝင်ထိုင်လာကြသည်။

ထိုလူတွေဝင်ထိုင်ပြီး မိနစ်အနည်းငယ်အကြာမှာ . . .

"ဟယ်လို"

"ဟယ်လို"

နည်းပြနှင့် သင်တန်းသားများ အပြန်အလှန်နှုတ်ဆက်လိုက်ကြ သည်။

"ဒီနေ့ ချယ်က သင်တန်းသားတွေကို လူတစ်ယောက်နဲ့မိတ်ဆက် ပေးပါမယ်။ သူက ချယ်ရဲ့သူငယ်ချင်းလည်းဖြစ်သလို Piano မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာတစ်ဆူပါပဲ။ အားလုံးပဲ သင်ကြားပြသမှုကို သိရှိမှတ်သားနိုင်ပါစေလို့ သူက အားလုံးသိပြီး ဖြစ်မှာပါ။ Audience Park က ဇိုကိန်းယင့်ပါ"

ချယ်ရဲ့မိတ်ဆက်ပေးမှုနှင့်အတူ အဖြူရောင်ကောင်လေးက သားနား သန့်ပြန့်စွာ သူမတို့ရှေ့ရောက်လာခဲ့ပါသည်။ ခမ်းနားထည်ဝါလွန်းလှတဲ့သူ့ပုံရိပ်ကို သူမအပါအဝင် သင်တန်းသားများအားလုံး ငေးခနဲဖြစ်သွားရသည်။

သူကတော့ အားလုံးကို အပြုံးတစ်ပွင့်နှင့် ဦးညွှတ်နှုတ်ဆက်လာသည်။ ထိုအပြုံးလေးက သူမရင်ကိုအေးမြသွားစေပါ၏။ ယောကျ်ားတစ်ယောက်ရဲ့အပြုံးက ဒီလောက် ချိုကြည် နူးစင်းနေလိမ့်မည်ဟု ဘယ်တုန်းကမှ ထင်မထားမိခဲ့တာပါ။ အခုတော့ ထိုအပြုံးက သူမရင်အစုံကို အေးမြသွားစေသည်တဲ့လေ။

ခေါင်းငုံ့လိုက်သောအခါ ဝဲခနဲကျလာတဲ့ သူ့ဆံပင်ဖြောင့်ဖြောင့်ကောက်ချွန်ချွန်လေးတွေကို ခေါင်းလေးတစ်ချက်ဆတ်တာ ဟန်သင့်လိုက်သည့်တွင် ပုံမှန်ဖြီးသင်ထားသလို စမတ်ကျသွားပြန်သည်။ ထိုပုံစံလေးက သူမအသည်းပန်းကို တစ်မျှင့်ချင်း ချွေသွားပြီထင်ပါရဲ့။

"ဇိုကိန်းယင့်ပါ"



ကြည်ရှုရ သူ့အသံကိုလည်း သူမ နှစ်သက်လိုက်ရတာ။ အိမ်ပြန်ရောက်တဲ့ထိ သူ့ပုံရိပ်က သူမအာရုံတွေကို ဖမ်းစားထားဆဲ။ သူ့ဆံပင်ဆား၊ အပြုံးပွင့်၊ ညင်သာသောအသံ၊ ခလုတ်လေးများပေါ် ပြေးလွှားသွယ်ရှားနေသော သူ့လက်ချောင်းနုနု။ သူမ တမ်းတမ်းတတနှင့် စွဲလမ်းနေမိသည်။

သေချာပါသည်။ သူမရဲ့အိပ်မက်မင်းသားဟာ ဇိုကိန်းယင့်ဆိုတဲ့လူချောလေးပါပဲ။ ဒါဆို သူမဘာလုပ်ရမှာလဲ။

"လုဦးမယ်, ဒီနေ့စောလှချည်လား"

"ဟုတ်ကဲ့အန်တီ၊ စောစောနားချင်တာနဲ့ပဲ"

"ပင်ပန်းသွားပြီလား"

"ဟင့်အင်း, ပျော်ပါတယ်။ အဲဒီလိုပဲ လွတ်လွတ်လပ်လပ်နေချင်ခဲ့တာ ကြာပါပြီ"

"နေပေါ့သမီးရယ်၊ နေခွင့်ရတုန်းလေ။ နို့မဟုတ်ရင် သမီးက နေမခမင်းသမီးလေးအဖြစ် စံအိမ်ထဲအပိတ်ခံထားရတာပဲ၊ သမီးလိုအပ်တာရှိရင်ပြောနော်။ အန်တီအားလုံးစီစဉ်ပေးမယ်"

"ဟုတ်ကဲ့အန်တီ၊ ရပါတယ်။ ဒီလိုပဲအဆင်ပြေတယ်။ ဒါဆြာ် အန်တီ၊ နေညိုရို့ရောက်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း, အခုလေးတင်ပဲရောက်တယ်။ အပေါ်ထပ်က သူ့အခန်း ထဲမှာရှိမှာပေါ့"

"ဟုတ်ကဲ့။ သမီး, နေညိုရီ့ဆီသွားလိုက်ဦးမယ်"

"အေးအေး"

သူမ, မန္တလေးရောက်ကတည်းက သူမထက် နှစ်နှစ်မျှသာငယ် မည့် အန်တီ၏သမီးနေညိုရီနဲ့သာ အဖော်လုပ်နေရပါသည်။ နေညိုရီက ငယ်ပေမယ့် သဘောထားကောင်းပြီး ခင်ဖို့ကောင်းသည်။ သူမကိုလည်း အစ်မအရွယ်လိုမဆက်ဆံဘဲ သူငယ်ချင်းလို ရင်းရင်းနှီးနှီးဆက်ဆံလေ့ ရှိသည်။

ဒါကြောင့် သူမက နေညိုရီနှင့်နေရတာ တင်းကျပ်မှုကြီးဖြစ်မနေ ပါ။ နေညိုရီက ဒီအိမ်ကြီးရဲ့ တစ်ဦးတည်းသောသမီးကြောင့်လားမသိ လူကြီးတွေအပေါ် နည်းနည်းဆိုးချင်ပေမယ့် သူမအပေါ်တော့ သူငယ်ချင်း ရင်းချာကြီးတစ်ယောက်လို ကောင်းရှာပါသည်။

သူမ, နေညိုရီနှင့်စကားပြောရတာလည်း ပျော်ပါသည်။ နေညိုရီ က ရိုးသားသည်။ ပွင့်လင်းသည်။ လျှောက်လည်ဖို့နှင့် ပျော်ပါးဖို့ကလွဲ ရင် အခြားဘယ်အရာကိုမှစိတ်မဝင်စား။

သူမ အသက်နှစ်ဆယ့်သုံးနှစ်အရွယ်ရှိနေသည်ထိ သူမဘဝ



နေညိုရီက ပထမဆုံးသူငယ်ချင်းပါပဲ။ ဒါကြောင့် သူမ, နေညိုရီကိုသိပ် ချစ်တာရတာပါ။ ဒီအကြောင်းတွေးမိရင်း ဘဘကိုသိပ်ကျေးဇူးတင် မိသည်။ သူမရဲ့တောင်းဆိုချက်ကိုသာ ဘဘက သဘောကောင်းကောင်း နဲ့ မလိုက်လျောပေးခဲ့ရင်၊ မန္တလေးမှာသာ သုံးလတိတိနေခွင့်မပေးခဲ့ရင်၊ ဘဘရဲ့မိတ်ဆွေအန်တီအိမ်မှာပဲ နေရပါမယ်လို့ အမိန့်မထုတ်ခဲ့ပါလျှင် သူမတစ်သက်တာမှာ သူငယ်ချင်းဆိုတာ ရှိနေတော့မည်မဟုတ်။

"နေညိုရီ, အိပ်နေတာလား"

"လုဦးမယ်လား၊ ဝင်ခဲ့လေ"

သူမ အခန်းတံခါးဖွင့်ပြီး ဝင်လိုက်စဉ်မှာ ခုတင်ပေါ်မှာ စာအုပ် အများကြီးနှင့်အလုပ်ရှုပ်နေသော နေညိုရီကိုတွေ့လိုက်ရသည်။

"ဘာလုပ်နေတာလဲ"

"ရှင်လည်း မန္တလေးမှာနေတာ တစ်လပဲရှိသေးတယ်၊ စပ်စု တတ်လာပြီ"

"ဆောရီး"

"နောက်တာပါ။ ကဲ! ဆို. . . ဘာအကြောင်းကိစ္စလဲ"

"အကြောင်းရှိမှ ရှင့်အခန်းထဲဝင်ရမှာလား"

"တစ်လလေးဘဲ နေရသေးပေမယ့် လုဦးမယ်ကျင့်ကို နေညိုရီ

www.burmeseclassic.com

www.burmeseclassic.com



က ကျေပါတယ်။ ရှင်က အလကားရတဲ့လေကို သိပ်ကပ်စေးနဲတယ်လေ။ အကြောင်းမရှိရင် လေတောင်မချွန်ဘဲ''

''ဒါကြောင့် ရှင့်ကိုခင်တာ။ ရှင်ဘယ်သွားစရာရှိသေးလဲ''

''အွန်, အခုလောလောဆယ်တော့ မရှိသေးဘူး၊ ဒါပေမဲ့ နောက်တစ်နာရီဆို မသေချာဘူး''

''ရှင်က တကယ့်ပျံ့လွှားလေးပဲ''

''ကြိုက်သွားပြီ၊ နောက်ဆို အဲ့ဒီနာမည်ကိုပဲခေါ်တော့''

''နာမည်တစ်ခုကိုတီထွင်ပေးရင် တန်ပြန်တဲ့အကျိုးဆောင်မှုကိုလည်း ပေးရတယ်''

''တယ်ဆိုပါလား၊ ရိုးရိုးသားပဲ ပြောလိုက်ပါ။ ရှင်တစ်ခုခုမေးမလို့ မဟုတ်လား''

''တော်ပြီးရင်း တော်ရင်းပဲ၊ အဲ. . . ရှင် Audience Park (အောဒီးယင့်ပါ့ခ်) ကိုသိလား''

''သိတာပေါ့၊ နာမည်ကြီးပဲဟာ။ နယ်ကရောက်လာတဲ့ရှင်တောင် သိနေမှ နေညိုရှိ မသိဘူးဆို ရာဇဝင်ရိုင်းသွားမှာပေါ့''

''သူတို့က ဘာကြောင့် နာမည်ကြီးတာလဲ''

''ချောတယ်လေ။ သုံးယောက်လုံးချောကြလို့''



''အဲ့ဒီလိုမဟုတ်သေးဘူးလေဟာ။ သူတို့ရဲ့ work''

''ဟားဟား. . . ရယ်ရတယ် သိလား။ ရှင်က သိပ်တုံးတာပဲ သူ့ဦးမယ်ရယ်။ Audience Park ဆိုမှတော့ စဉ်းစားကြည့်ပေါ့''

''သူတို့က အဲ. . . သီချင်းဆိုပြီး ကတဲ့အဖွဲ့လား။ ဟဲ. . . မှန်းကြည့်တာပါ''

''ရှင်စိတ်ဝင်စားမှတော့ ရှင်းပြမယ်။ နေပါဦး. . . ရှင်က ဒီအဖွဲ့ကို ဘယ်မှာသိခဲ့တာလဲ။ ပြည်ပက ပြန်ရောက်တာတောင် သုံးရက်ပဲ ရှိသေးတာကို''

''ဒီလိုပါပဲ ဟိုဟိုဒီဒီ''

''Audience Park မှာ လူချောလေးသုံးယောက် ဖွဲ့စည်းထားတယ်။ တစ်ယောက်က အောတုရှိန်၊ တစ်ယောက်က ရိုမီးနော်ဝ်၊ နောက်တစ်ယောက်က ဖိုကိန်းယင့်၊ သူတို့ကို ရှင်တွေ့ပြီးပြီမဟုတ်လား။ မှတ်ဆိတ်တွေ၊ ကျင်စွယ်တွေနဲ့ ဆံပင်ကေကက ခပ်ဆန်းဆန်းပုံတွေချည်းပဲ။ ဆယ်တရက်ဆို နိုင်ငံခြားက အဆိုတော်တွေလို့တောင် ထင်ရတယ်။ ဆင်ရင်လည်း ထင်ရမှာပေါ့။ သူတို့က အဲ့ဒီစတိုင်လ်ထွင်ကြတာကိုး။ အခြားလူငယ်တွေလည်း ထွင်ကြတာပဲ၊ ဒါပေမဲ့ သူတို့လောက် အဆင်ပြေပြီး ကြည့်မကောင်းဘူး။ ဒါပေမဲ့ သူတို့က သုံးယောက်အရှိန်နဲ့ လက်း

www.burmeseclassic.com

www.burmeseclassic.com



သွားတောလည်း ပါမယ်လို့ထင်တယ်"

"အင်း သူတို့သုံးယောက်က သိပ်လိုက်ဖက်ညီတယ်ဆိုတာတော့ ဝန်ခံတယ်"

"ဝန်မခံရင် ရှင်ရှုံးလို့ပေါ့။ အင်း. . . သူတို့အဖွဲ့က ပေါ်လာလိုက် ပျောက်သွားလိုက်ပဲ"

"ဟင်! ဘာဖြစ်လို့"

"သူတို့က နိုင်ငံခြားခရီးစဉ် သိပ်များတယ်လေ"

"ပိုက်ဆံသိပ်ပေါတယ်ထင်တယ်နော်"

"ပေါတာပေါ့"

"ဟင်"

"သူတို့ဖားသားကြီးက ဘောစ်တဲ့"

"တဲ့. . . ဟုတ်လား. . . တဲ့ဆိုတော့ သိပ်မသေချာဘူးဆိုတဲ့ သဘောပေါ့"

"သေချာသလောက်ရှိပါတယ်။ မချမ်းသာရင် သူတို့ ဒီလိုဘယ် သုံးဖြုန်းနိုင်ပါ့မလဲ"

"သူတို့ဖားသားကြီးဆိုတော့ သူတို့သုံးယောက်က ညီအစ်ကိုတွေ ပေါ့"



"အွန်. . . တရုတ်လိုပြောရမယ်ဆိုရင်တော့ ဝေါပကျိုးတောက် ပါသည်းမသိဘူး။ ငါသိတာက သူတို့သီချင်းဆိုတာ အရမ်းကောင်းတယ်။ ပြီးတော့လက်ဆစ်တွေ ချိုးကွေ့သွားတဲ့ဟန်က အရမ်းကျတယ်။ သူတို့ ချောတယ်။ မိုက်တယ်။ သန့်တယ်။ မာနကြီးတယ်။ ချမ်းသာတယ်။ ပြီးနေ့ကလည်း သုံးယောက်လုံး တစ်ရက်တည်းပဲ။ အောတုရှိန်က နီညို ရောင်နဲ့အနက်ရောင် ခရေဇီ။ ရှိဒီးနောင်က အဝါရောင် ခရေဇီ။ ဖိုကိန်း ယင့်က အဖြူရောင် ခရေဇီ။ ဒါပဲသိတယ်။ မြော်. . . ကျန်သေးတယ်။ ဖိုကိန်းယင့်က Piano တော်တယ်။ ရှိဒီးနောင်က တယောကျွမ်းတယ်။ အောတုရှိန်က ဒေါသကြီးတယ်။ ဒါပဲ"

"ဘုရား. . . ဘုရား။ အရှည်ကြီးပါလား"

"ဒါ့ထက်သိချင်ရင် သူတို့က တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်း သွားလေ့ရှိတယ်။ ဘယ်မှာလဲလို့မမေးနဲ့။ အဲ့ဒီလိပ်စာကို ကျုပ်မသိ"

"ရှင် ခုနကပြောတော့ သူတို့သီချင်းဆိုတယ်ဆို။ သူတို့က အဆို တော်လား"

"အင်း. . . သူတို့က Punk တွေလေ၊ သီချင်းဆိုတယ်။ ဒါပေမဲ့ ခွေမထုတ်ဘူး။ ဒီမန္တလေးမှာတော့ ရုံဖန်ရံခါ ရှိုးပွဲလေးလုပ်တတ်တယ်။ အဲ့. . . ဒီတစ်ခါတော့ သူတို့ခွေထုတ်တော့မယ်ပြောတာပဲ။ ဒါလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောလာဟာလ ဖြစ်နိုင်ပါတယ်။ သူတို့က လျှို့ဝှက်တယ်။ ထုတ်ဖြစ်ရင်တော့ ကောင်းတာပေါ့။ အဲ့ဒီခွေကို ကျုပ်က ထပ်ဆုံးက ပြေးဝယ်မှာ။ တကယ်သာထုတ်ဖြစ်ရင် သူတို့တကယ်အောင်မြင်မှာ ကျိန်းသေပဲ။ ဒီကို သူတို့လည်းသိရဲ့သားနဲ့ ခွေမထုတ်တာ နည်းနည်းတော့ အံ့သြတယ် သိလား။ ဘက်စ်ဂရောင်းလည်း ကောင်းရက်နဲ့"

"အကြောင်းရှိလို့နေမှာပေါ့"

"ဒီတစ်ခါ သူတို့ မန္တလေးကိုပြန်လာတာ နည်းနည်းဆန်းတယ် သိလား။ သုံးနှယောက်ပူးကြီးတွေ အပြင်ထွက်လာတယ်"

"ခါတိုင်းကရော"

"အဲ့ဒီလို တွေ့ရခဲတယ်"

"အလကား ဘဝင်ရူးတွေ။ လူတွေက သူတို့ကိုငေးနေကြပါတယ် ဆိုပြီး အထာကိုင်နေတာ"

"နင် အဲ့ဒီလို သူများတွေရှေ့မှာ မပြောမိစေနဲ့"

"ဘာဖြစ်လို့လဲ"

"မန္တလေးတစ်မြို့လုံးရဲ့လူငယ်တွေအများစုက Audience Park ဘက်တော်သားတွေချည်းပဲ။ ရှင် ခေါင်းပေါက်သွားမယ်သိလား"

"အဲ့လိုလား။ ရှင် အမိကမပြောရသေးတာ ကျန်သေးတယ်"



"ဘာမှမရှိတော့ဘူး။ ကျုပ်သိတာ ဒါအကုန်ပဲ"

"ရှင်သိပါသေးတယ်။ ဟဲဟဲ. . . အဲ့ဒီသုံးယောက်ထဲမှာ အောရှိန်က ဘယ်သူလဲ"

"ဩော်. . . မေ့လို့ ဆောရီး။ ဆံပင်လိမ်ခွေခွေနဲ့ မျက်ဝန်းနက်နက် ခပ်တည်တည်နဲ့ အနက်ရောင်မင်းသားပေါ့။ မျက်နှာကြည်ကြည် ဆံဝင်ထိုးထိုးထောင်ထောင် ရှုပ်ပွပွနဲ့ချောနေတာက အဝါရောင်မင်းသား ဒီးနောင်။ ဖိုကိန်းယင့်က"

"အပြုံးချိုချို အသံကြည်ရှရှနဲ့ ဆွဲဆောင်မှုရှိတဲ့ အဖြူရောင်မင်းသား"

"သိလည်း ပြီးတာပဲ"

"ဟော့. . . သူတို့ရှိုးပွဲဖြစ်ရင် ကျုပ်ကိုခေါ်ဖို့လည်း မမေ့နဲ့ဦးနော်"

"အင်း, မဆိုးဘူး။ ရှင်လည်း အခုမှပဲ ဝေရဲ့မြေးမလေး ပီသလာသာတယ်"

ရယ်မောသံနှစ်ခုလွှင့်၍ ဆွတ်ပျံ့လာသည်။ ထိုရယ်မောသံလေးသွားက Audience Park နဲ့တိုက်ရိုက်ပတ်သက်နေလိမ့်မည်။

♫ ❡ ♫

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

သူမက ထုံးစံအတိုင်း နေရောင်ခြည်ကိုမြင်ရသည်နှင့် အပြင်ထွက်ဖို့ တာစူပါတော့သည်။ သူမအဖို့ လည်ပတ်ချိန်နှစ်လဝဝ်တိ လက်ကျန်ကို အကျိုးရှိရှိအသုံးချပစ်မည်ဟု ဘေးမှတ်ထားမိပါသည်။ သူမက လမ်းဘေးမှာရှိသမျှစျေးသည်တွေကို တစ်သည်မှအလွတ်မပေးစတမ်း တစ်ခုပြီးတစ်ခု ဝယ်စားနေခဲ့ပါသည်။

ရေဆာရင် ရေသန့်ဘူးလိုဟာမျိုး ပလတ်စတစ်ဖုံးဖွင့်ရ ဘူးခွံသယ်ရတာမျိုးမသောက်ဘဲ ကြံသလို လမ်းဘေးရေခဲရေနှင့် စရော်သွားလိုက်သည်။ မိန်းမပျိုလေးဖြစ်ပြီး အသွေးမပါ။ ထီးမပါ။ သိုင်ကာယ်မပါ

www.burmeseclassic.com

www.burmeseclassic.com



ဘာအခါနှင့် နေ့ခုကဲ့ကျွံကြီးမှာ ဂါဝန်ဖားဖားကြီး ဦးထုပ်ဝိုင်းကြီးကြီး ကိုဆောင်းပြီး ခြေဦးတည့်ရာ သွားလာလှုပ်ရှားနေသည်မှာ အနည်းငယ် ဝေ့ရုတ်သုတ်ခဆန်လှသည်။

သို့သော် သူမက ဒါကိုပဲနှစ်သက်သည်မဟုတ်လား။ သူမ လမ်းချိုးလေးတစ်ခုကိုကွေ့လိုက်စဉ် ဖလုံထဲမှာ အငွေ့တထောင်းထောင်းနှင့် ဝင်းလက်တောက်ပြောင်နေသော ဝက်သားတုတ်ထိုးအတုံးကြီးတွေက သူမကိုဆွဲဆောင်လိုက်သည်။

"တစ်ချောင်း ဘယ်လောက်လဲ"

"တုတ်တစ်ဆစ်ချိုးက နှစ်ဆယ်၊ နှစ်ဆစ်ချိုးက သုံးဆယ်"

"သန့်ရဲ့လား။ ယင်ကောင်တွေဘာတွေ မနားထားဘူးလား"

"အစ်မရယ်, ဝက်သားတုတ်ထိုးပါ။ အငွေ့တထောင်းထောင်းနဲ့ နားတဲ့ယင်ပါ ဇွပ်ပြုတ်ဖြစ်သွားမယ်"

"အိုး. . . ဒါက အေးနေပြီပဲ။ ဒီက အငွေ့ထွက်နေတဲ့ဆီကဟာ တုတ်နဲ့ထိုးပေး"

"ရတယ်. . . ရတယ်။ အစ်မ ဘယ်အသားကြိုက်သလဲဆိုတာ သာ လက်ညှိုးထိုးပြလိုက်။ ဥဖွဖြစ်စေရမယ်"

"ရှင်က အပြောကောင်းသားပဲ"



"အကောင်းပြောတာပါအစ်မ"

"ကဲ. . . အလုပ်ကလေးတွေနဲ့သက်သေပြရအောင်။ ဒီဟာ စားမယ်"

ဟုဆိုကာ သူမက ဆရာကြီးစတိုင်လ်နှင့် တွေ့ကရာအသားတုံးကို လက်ညှိုးထိုးပြလိုက်သည်။ ဆိုင်ရှင်က ဖျော်ဖျော်ပါးပါး ကောက်ယူလိုက်ပြီး တုံးတစ်ကာ တုတ်နှင့်ထိုးပြီး သူမရှေ့ချပေးခဲ့သည်။ သူမက သွမ်းယူပြီး အချဉ်ရည်နဲ့တို့ပြီး ပါးစပ်ထဲထည့်လိုက်၏။

"အင်း. . . ကောင်းတယ်။ များများလိုး. မြန်မြန်စားမယ်"

သူမလို ကာစတာမာမျိုးကို ဆိုင်ရှင်က သိပ်သဘောကျနေပေလိမ့်မည်။ အချိန်အနည်းငယ်အတွင်း သူမရှေ့မှာ တုတ်တွေအပုံလိုက်ဖြစ်သွားသည်။ သူမက စားပြီးတော့ ပိုက်ဆံကိုလွယ်အိတ်သေးသေးလေးထဲမှနှိုက်ကာ ပေးလိုက်သည်။ သူမ ပိုက်ဆံအိတ်ကိုဖွင့်လိုက်စဉ် လူတစ်ယောက်က သူမကို တရိပ်တစောင်း အကဲခတ်နေခဲ့မယ်ဆိုတာ သူမ သတိထားမိလိမ့်မည်မဟုတ်။

လမ်းမကြီးတွေပေါ်မှာ ကားတွေဆိုင်ကယ်တွေနှင့် ပွတ်သိပ်နေသောကြောင့် သူမက လမ်းချိုးလေးထဲဝင်ကာ လွယ်အိတ်သေးသေးလေးကိုဆော့ကစားရင်း လမ်းလျှောက်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဘယ်တုန်းကတည်းက ကပ်လိုက်လာမှန်းမသိတဲ့လူက သူမနား ပြေးပြေးလွှားလွှားဖြတ်ကျော်သွားပြီး ဗြုန်းဆို သူမအိတ်ကိုဆွဲလ ပါတော့သည်။

"ဟော့! ရှင်ဘာလုပ်တာလဲ။ လွှတ်လွှတ်"

"ဖယ်စမ်းပါကွာ"

ဟုသာ ပိုင်စိုးပိုင်နင်း တိုတိုတိပြောပြီး သူ့အားကြီးနှင့် သူမက် ဆောင့်တွန်းလိုက်ပါသည်။

"လာကြပါဦးရှင်။ ခါးပိုက်နှိုက်၊ ပိုက်ဆံအိတ်လုသွားလို့"

သူမအကူအညီတောင်းကာ အော်လည်းအော်ရင်း လဲကျနေရာ မှထကာ ဒရကြမ်းပြေးလိုက်ပါတော့သည်။ သို့သော် လမ်းက လူပြတ်ေ တာကြောင့် သူမကို မည်သူမှသတိပြုမိကြပုံမပေါ်။

"ဟော့လူ. . . ရပ်၊ ရပ်"

သူမ အော်ပေမယ့် ထိုလူက ဒရကြမ်းပြေးခဲ့၊ ထိုစဉ် ဘယ်ကပေ လာမှန်းမသိတဲ့အနက်ရောင်လူတစ်ယောက်က သူမမျက်စိထဲ တန်း လာသည်။ သူမပျော်ရွှင်သွားရသည်။ ထိုအနက်ရောင်လူသာ ခါးပိုက်နှိ ကိုတားဆီးပေးပါက လွယ်ကူသွားပေလိမ့်မည်။ ခါးပိုက်နှိုက်ရဲ့ပြေးလမ်း ၁ အနက်ရောင်လူရပ်နေတဲ့ဆီပဲလေ။



"ဟိုလူ. . . အော. . . အော့, အဲ့ဒီခါးပိုက်နှိုက်ကို ဖမ်းထားပေး ပါ။ ဟိုလူ"

သူမအော်ဟစ်အကူအညီတောင်းပေမယ့်လည်း အချည်းနှီးပင်။ ခါးပိုက်နှိုက်မှာ ထိုလူကိုဖြတ်ကျော်ကာ တစ်ဖက်လမ်းသို့ပင် ကူးခတ် လွတ်မြောက်သွားခဲ့ပါပြီ။

သူမသိပ်ဒေါသဖြစ်သွားရသည်။ သူမအကူအညီတောင်းနေတာ ကိုလည်း သိနေရဲ့သားနဲ့၊ ခါးပိုက်နှိုက်ကိုလည်း တားဆီးလို့ရနေရဲ့သားနဲ့၊ ဒီလူတာမင်သက်သက်ဘုတောလိုက်တာပင်။

"ဒီမှာ. . . ရှင် ခုနက ဘာအချိုးချိုးတာလဲ"

"ဟာ. . . ဟာသပဲ"

"ရှင်ဟာ လူစိတ်ပျောက်နေပြီ"

"မင်း ဘာလာကြောင်နေတာလဲ"

"အံမယ်! ရှင်ကများ ခပ်တည်တည်နဲ့ လူကိုလာငေါက်နေသေး။ လုဦးမယ်က ကြောက်မယ်များ ထင်နေသလား"

"ဒီမှာအမိ၊ မင်းနာမည်လည်း ကိုယ်မသိချင်ဘူး။ အကောင်း ဆုံးက ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ်လမ်းကိုယ်လျှောက်။ ရှင်းတယ် နော်"

www.burmeseclassic.com

www.burmeseclassic.com



"နိုင်းပင်ကူညီလိုစိတ်မရှိတဲ့လူဟာ လူ့ပတ်ဝန်းကျင်နဲ့မထိုက်တန်ဘူး"

"အဲ့ဒီတော့ ဘာဖြစ်လဲ။ ဒီမှာက တင်းနေတာနော်။ ဒေါ်သတွေ အစုလိုက်အပြုံလိုက် မင်းဆီ ပုံမအောချင်ဘူး"

"ရှင့်ကဲ့ကြောက်နေရင် လောကမှာ လူဦးမယ်က လူမလုပ်ဘူး"

"ပြဿနာပဲ"

"ဘဝင်ရူးတွေ။ လောကမှာ ရှင်တစ်ယောက်ပဲနေထိုင်တာမဟုတ်ဘူး။ ရှင်က တကယ်အသိတရားမရှိတဲ့လူပဲ။ ရှင့်လိုအတ္တသမားနဲ့ မဆုံတွေ့ပါရစေနဲ့လို့ဆုတောင်းတယ်"

"ဘလိုင်းကြီး လာခွပ်နေပါလား။ ဒီမှာအမိ၊ ငါကလည်း မင်းလို ဖရိုဖရဲအောက်တန်းကျကျပုံစံမျိုးကို စိတ်မဝင်စားဘူး။ ဆုံလည်းမဆုံချင်ဘူး"

"ဩော်. . . ရှင်နဲ့ကော ဘယ်သူက ဆုံချင်နေလို့လဲ"

"ငါက ငါ့ဟာသာ ငါရပ်နေတာနော်။ ငါ့ကို စကားပြော၊ ပြဿနာလုပ်နေတာက. . . ခင်း"

"ရှင် အဲ့ဒီလိုဘဝင်မြင့်ပုံမျိုးနဲ့ လောကအပြင်ဘက်ရောက်သွားမယ်သိလား။ ဒီလိုရောက်မျိုးကိုခါးတယ်"



"ဟေ့ဟေ့. . . မင်းစကားကိုကြည့်ပြော။ မင်းကတောင် ခါးသက်ရင် ငါက ရောက်ဖြစ်လာရင်တောင် အမြစ်ကနေ တူးလှန်ပြီး ခပ်ဝေးဝေး ကိုလွှင့်ပစ်လိုက်မယ်၊ နားလည်လား"

ဟုခပ်မာမာပင်ပြောကာ ကားတံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး ဂူးဆို မောင်းထွက်သွားလိုက်သည်။ အနိုင်ပိုင်းပြီးပြောကာ ထွက်သွားသော သူ့ပုံကြောင့် သူမမှာ ဆွေ့ဆွေ့ခုန်ကျန်ရစ်ခဲ့ပါတော့သည်။

ဘာAudience Park လဲ။ ဘာ့အောတုရိုန်လဲ။ အခြောက်ကြီး နိုးမကြီး။ သူမ မကျေမနပ်နှင့်ပင် ပလက်ဖောင်းကိုဆောင့်ကန်ပစ်လိုက်သည်။

"အလို့လိုး. . ."

ကျင်ခနဲဖြစ်သွားသောခြေမတစ်ချောင်းကြောင့် သူမမှာ နေမထိထိုင်မသာခံစားလိုက်ရပါသည်။ အကျိုးရလဒ်ကတော့ သူမခြေထောက်နာသွားရတာပါပဲ။ ဒီပုံစံအတိုင်းဆို သူမ အိမ်ကိုဘယ်လိုပြန်မလဲ။ အိမ်ကလည်း အဝေးကြီးရှိသေး။ ကားငှားရအောင် ပိုက်ဆံအိတ်ကလည်း ပါမလာဘူးတော့။

ကုန်ကုန်ပြောရလျှင် ဖုန်းဆက်ရအောင်ပင် တစ်ကျပ်စေ့မှကပ်မပါ။ အခုမှ သူမ တကယ်ပဲဒုက္ခတွေ့ပြီထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမက လွယ်လွယ်နဲ့စိတ်မာတတ်မကျတတ်သူပီပီ အားတင်းကာ ကျိတ်မှိတ်လျှောက်ပစ်လိုက်သည်။ ပါးစပ်ကလည်း 'သွားဖန်များ ခရီးရောက်' ဟုပွတုပွတုလေးပြောနေပါသေးသည်။

အချိန်နှစ်နာရီမျှလျှောက်လိုက်တော့ သူမတော်တော်လေးမောသွားပါပြီ။ ရာသီဥတုကလည်း ဒီနေ့မှ ဘာဖြစ်လို့ အဲ့ဒီလောက်တောင်ပူနေရတာလဲ။

သူမ ရေလည်းငတ်နေပါပြီ။ ပိုက်ဆံမရှိရင် လူရာမဝင်သော ဒီလိုမြို့ပေါ်မှာ လမ်းဘေးရေချမ်းစင်ကလည်း ရှာမရ။ ဒုက္ခဆိုတာကြီးကို သူမ အမှန်တကယ်ပဲကြုံတွေ့ခံစားရတော့မည်ထင်ပါရဲ့။ ဒီနေ့မှဘာဖြစ်လို့ အာခေါင်တွေက ခြောက်ပြီး ရေကိုအပူတပြင်းဆာနေရတာပါလိမ့်။ ဒီခန္ဓာ၊ ဒီစိတ်က သူမကိုဒုက္ခပေးနေပြီထင်ရဲ့။

သို့သော် သူမက လမ်းချိုးလေးကိုကွေ့ကာ လမ်းမကြီးဘက်ဝင်လိုက်သည်တွင် မှတ်ဉာဏ်ထဲမှာရှိနေတဲ့အနက်ရောင်ကားက ဟိုတယ်ရှေ့မှာ ဘွားခနဲတွေ့လိုက်ရသည်။ သူမမျက်နှာကြီး ကြည်စင်ဝင်းပသွားသည်။

ထိုစဉ် ဟိုတယ်ထဲမှ ဖုန်းပြောရင်း ထွက်လာသည့် အနက်ရောင်ပုဂ္ဂိုလ်က သူမရှေ့ ဘွားခနဲပေါ်လာပြန်သည်။ သူမစိတ်တွေက အညို့ခံ



ရသူတစ်ယောက်နှယ်။ ထိုလူနား လှစ်ခနဲရောက်သွားပြီး စကားပြောနေသော ထိုလူရဲ့ဟမ်းဖုန်းကို ဆတ်ခနဲဆွဲယူပစ်လိုက်သည်။ ထိုလူမှာ ဆင်မှတ်ထားရှာထင်၏။ ကြောင်အမ်းနေပါသည်။

"မှတ်မိပါတယ်နော်။ တွေ့ထားတာ နာရီပိုင်းပဲရှိသေးတာကိုး"

"မင်း. . ."

ဒေါသဖြစ်လွန်း၍ထင်သည်။ ထိုလူမှာ ဘာမှဆက်မပြောနိုင်တော့။ ခနစ်ခန်းစွာပင် သူမက ထိုလူရဲ့ဒေါသကိုကြောက်မနေပါ။

"လူမှုရေးခေါင်းပါးတဲ့ရှင့်စိတ်ကြောင့် လူဦးမယ် ဒုက္ခရောက်နေသယ်"

ဟုပင် အရေးမစိုက်သလို ခပ်တည်တည်ပြောကာ ဖုန်းခလုတ်တွေ ကိုနှိပ်ပစ်လိုက်သည်။

"ဟဲလို နေညိုရီ ငါပါ။ ရှင်, ငါ့ကိုလာကြိုမလား"

". . ."

"ရှ လမ်းက ရထိုက်ဟိုတယ်ရှေ့မှာ မြန်မြန်လာနော်။ ကြန့်ကြာနေရင် ငါ့အသက်ကို ရှင်မမီဘဲနေလိမ့်မယ်"

ဘယ်လိုမိန်းကလေးမျိုးပါလဲ။ ပိုင်စိုးပိုင်နင်းနဲ့ဟု ထိုလူက တွေးဆောင်းတွေးနေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှော့. . . ရှင့်ဖုန်း ကျေပြီနော်။ ဒီနေ့ ရှင်နဲ့လုဦးမယ်နဲ့ သရေပဲ ဘယ်သူ့ဆီမှာမှ အကြွေးမရှိဘူး။ ဒါကြောင့်မို့ ကျေးဇူးပဲလို့မပြောနိုင်ဘူး"

"တောက်! မင်းကို ငါအရေခွံဆုတ်ပစ်ချင်နေပြီ"

"အမယ်လေး. . . ကြောက်စရာကြီးပါလား။ ဟော့ဟော့. . . ဒီမှာ ခါးပတ်နက်ဆိုတာ ရှင်သိလား။ လုဦးမယ်က ခါးပတ်နက်ပိုင်ရှင်နော်"

"မင်းက ခါးပတ်နက်ပဲ ရှိသေးတာ။ ငါက ခါးပတ်ရောင်စုံရထားတာကွ"

ဟုပါးစပ်ထဲတွေ့ကရာပြောကာ ကားတံခါးကို စိတ်ဆိုးမာန်ဆိုးဆွဲဖွင့်ပစ်လိုက်သည်။

"ဟော့. . . နေဦး"

ဟုဆိုကာ သူမက သူ့ကားတံခါးကြီးကိုအတင်းဆွဲထားပြန်သည်။ ပြီးနောက် သူ့ကားထဲ ဟိုရှာဒီရှာလုပ်နေ၍ သူပင်လျှင် ကြောင်နသွားရ၏။

"ဟော့. . . ဟိုမှာတွေ့ပြီ"

ဟုဆိုကာ ဒေါင့်ကြားမှ ရေသန့်ဘူးကိုဆွဲထုတ်ကာ အဖုံးဖွင့်ပြီး မော့ချလိုက်သည်။

"အခုမှပဲ ကောင်းသွားတော့တယ်။ ဟော့ဟော့, ရေသန့်ဘူးကြောင့် ရှင့်, လုဦးမယ်ကို ချိုးချိုးနှိမ်နှိမ်ပြောထားတာ ချေလိုက်ပြီ"




ဒီလို မိန်းကလေးကို သူ့အံ့သြလွန်း၍ ဘာမှထပ်မပြောနိုင်တော့။ ဆရာတာကတော့ သူပြုံးမိလိုက်တာပါပဲ။

♬ ❡ ♬

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

"ဟား. . . ဟား. . . ဟား"

သူ့စကားဆုံးသည်နှင့် ရှိဒီးနောင်နှင့် ဇိုကိန်းယင့်မှာ ပွဲကျသွားကြလေသည်။

"ဘာရယ်တာလဲ။ ဒီမှာတင်းနေတာနော်။ ဆွဲထိုးမှာ"

"မင်းကိုမကြောက်ရင်လည်း ရောင်စုံခါးပတ်ကိုတော့ ကြောက်ပါတယ်ကွာ။ ဟား. . . ဟား. . . ဟား"

သူက ရှူးရှူးရှားရှားနှင့်ပြောလိုက်တာဆိုပေမယ့်လည်း ထိုနှစ်ယောက်က ပြက်လုံးတစ်ပုဒ်လိုပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကောင်မလေးမျိုးလဲမသိဘူး၊ ရှိန်း. . . အဲဒါ"

သူတွေးမိရင်း ဒေါသဖြစ်လာ၍ ခုံတစ်လုံး ကိုဆောင့်ကန်ပစ်လိုက်ပြန်သည်။ ဒါကို ကျွန်နှစ်ယောက်က ပြုံးစိစိလုပ်နေကြပြန်သေးသည်

"ဘာပြုံးတာလဲ"

"ဒီတစ်ပွဲတော့ မင်းဆရာပေါ်လာပြီပေါ့ အောင်"

"ဟုတ်တယ်ကွ။ အောင်ရဲ့ဆရာမလေးကိုတော့ ငါကမြင်ဖူးချင်သား"

"ဘာဆရာလဲ၊ ထမင်းမစားရသေးခင် မစင်ပုံကိုင်ထားရတဲ့မျက်နှာနဲ့"

"ဟား. . . ဟား. . . ဟား"

"ဘာရယ်တာလဲ"

"အောင်, မင်းဘယ်တုန်းက ဒီလိုစကားမျိုးတွေ တတ်လာတာလဲ။ ဟား. . . တကယ့်"

"မင်းမျက်နှာကြီးကို မှန်ထဲကြည့်လိုက်ဦး, အောင်။ တိုလိုက်ရှည်လိုက်၊ နီလိုက်မည်းလိုက်နဲ့ ရှုံ့တွနေပြီ"

"အဲဒါ ငါ ဒေါသဖြစ်နေတာကွ"

"ငါတော့မထင်ဘူး"



"စိန်ပြေးတမ်းပွဲမှာ ရှုံးတဲ့ကလေးငယ်ရဲ့ဒေါသလောက်ပါပဲကွာ။ ...င်းထန်ပါဘူး"

"ငါ့ဒေါသက မင်းတို့နှစ်ယောက်ဆီ ပုံသွားမယ်နော်"

"ငါတို့ကလည်း ဆရာမလေးနဲ့ရှုံးတိုက်လိုက်မှာပေါ့။ မင်းရဲ့တစ် ...ည်းသော ဆရာပဲ။ ဟဲ. . . ဟဲ"

"ဟော့ကောင်. . . ကျွတ်"

"မှန်သွားပြီမဟုတ်လား"

"နောက်တစ်ခါတွေ့လို့ကတော့ ကောင်မလေးကိုအရွဲ့ဆုတ် ...မယ်"

"ကြည့်ကောင်ဦးမယ့်ပွဲပဲ"

"ထူးဆန်းတာတစ်ခုက ဒီကောင်မလေးကြောင့် အောင့်ရှိန် မွဲ ...န်သွားတာပဲ"

"ဟော့ကောင်း. . . ဒါကဘာအဓိပ္ပာယ်လဲ"

"မင်းစကားထဲမှာ အဓိပ္ပာယ်က ထင်းခနဲပါနေပြီလေ။ မင်းရဲ့ ...င်းမှာ ဘယ်မိန်းကလေးကိုမှ နောက်တစ်ကြိမ်ပြန်တွေ့ချင်တယ်ဆို ...ဖူးခဲ့လို့လဲ"

"အခု ငါက ဘာဖြစ်နေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါတွေ့ရင် အရေခွံဆုတ်မယ်ဆို"

ဖိုက်ဂိန်းယင့်ရဲ့စကားအဆုံးမှာတော့ အောတုရှိန်ရဲ့နှုတ်ခမ်းက ပြုံ

မယောင်လေး ကော့ကွေးလာသည်။ သူခိုးလူမိသွားတဲ့အပြုံးမျိုးပါ။ သုံး

ယောက်လုံး မျက်နှာချင်းဆိုင်ရယ်မိလိုက်ကြတော့သည်။

ဖိုက်ဂိန်းယင့်က အောတုရှိန်ရဲ့ပုခုံးကိုခပ်ဆတ်ဆတ်ပုတ်ကာ စန္ဒရ

သွားတီးနေသလို ရှီဒီးနောင်ကလည်း ကျော်ကြားလှတဲ့မျက်ဝန်းနက်

ကစားလိုက်ပြီး ရီမုန်ကိုင်ကာ တီဗွီကိုဖွင့်လိုက်သည်။ ဒီတော့ အော

ရှိန်က သူ့အလိုလိုနေရင်း ဂိမ်းကစားဖို့ဖြစ်လာပါတော့သည်။

သူတို့သုံးယောက်က တစ်ခုခုကိုအာရုံဝင်စားနေကြရင် စိတ်

က ပတ်ဝန်းကျင်ကိုမပုံလွင့်တတ်သူတွေမို့ ဒီကြားဝဲစကားသံတွေ ဆိ

သုဉ်းနေကြပါတော့သည်။ ဖိုက်ဂိန်းယင့်ကလည်း သူ့လက်သံကိုသာ အာ

စိုက်နေသလို ရှီဒီးနောင်ကလည်း တီဗွီထဲ စျာန်ရောက်နေစဉ်. . .

"အား! ဘုန်း. . . ဝုန်း. . . ပွမ်း"

အောတုရှိန်က ရုတ်တရက်ဆိုသလိုအော်ဟစ်ကာ ခုံတစ်လုံး

ဆောင့်ကန်ပြီး ဂိမ်းခလုတ်ကိုရိုက်ခွဲပစ်လိုက်သည်။

"ဒီမိန်းကလေး အရေခွံကွာသွားမယ်"

အောတုရှိန်ရဲ့စကားအဆုံးမှာတော့ ကျန်နှစ်ယောက်က ကိုယ်



ငြိမ်းသိလိုက်ကြပါတော့သည်။ ဒေါသဖြစ်နေသော အောတုရှိန်ကို မည်သူမှ

ချော့မဆိုက်တော့ဘဲ စန္ဒရားတီးသူက ဆက်တီး၊ ဇာတ်လမ်းကြည့်သူက

ဆက်ကြည့်၏။

တစ်နေကုန်ရောက်တတ်ရာရာဖြစ်နေရသူက အောတုရှိန်တစ်

ယောက်ပါပဲ။ သူတို့နှစ်ယောက် သိလိုက်ပါပြီ၊ ဒါ အောတုရှိန်အမှန်တကယ်

ပဲ ဒေါသဖြစ်နေသည်ဆိုတာကိုပေါ့။ ဒေါသကြီးတဲ့အောတုရှိန်နှင့်မှ ကြုံ

နိုင်ဆုံတည်းတတ်သည့်ထိုမိန်းကလေး၏ကြမ္မာကို သူတို့နှစ်ယောက်သနား

မိသွားသည်။

ဒါကတော့ အောတုရှိန်အကြောင်း သူတို့နှစ်ယောက်က ယယ်ပေါင်း

ပီသိနေကြလို့ပါ။ အောတုရှိန်က ဒေါသဖြစ်မိသွားပြီဆိုလျှင် ယောကျ်ား

လေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ၊ မိတ်ဆွေဖြစ်စေ ထောက်ထားကြည့်ရှု

နေတတ်သူမဟုတ်။

ပြောချင်မိသည့်စကားကိုလည်း ပြောသင့်မပြောသင့်ချင့်ချိန်စဉ်း

စားတတ်သူမဟုတ်။ သိက္ခာတို့ထိခိုက်နစ်နာတာတို့ဆိုတာ သိဖို့ဆိုဝေး

ရော။ အောတုရှိန်က အဲ့ဒီလို ဘုကျကျလူသားပါ။ အောတုရှိန်ရဲ့အဆိုး

ဆုံးအကျင့်က ကိုယ်နဲ့မဆိုင်ဘူးဟုသတ်မှတ်ထားသောကိစ္စကို အသေ

ရှင်ရေးဖြစ်နေပါစေ မသိချင်ယောင်ဆောင် ဂရုမစိုက်တတ်ခြင်းပါပဲ

www.burmeseclassic.com

www.burmeseclassic.com



ဒီအကျင့်ကို သူတို့နှစ်ယောက်က သိပ်မကြိုက်ပေမယ့် အောတုရှိန်ကို သိပ်ခင်လွန်းတဲ့စိတ်ကြောင့် ဒါကိုပြစ်ချက်တစ်ခုဟုမမြင်မိတော့။

ဖိုကိန်းယင့်နဲ့ ရှိဒီးနောင်ကတော့ ပတ်ဝန်းကျင်နှင့်သင့်တင့်မျှတအောင်နေတတ်သူမို့ အရာရာတိုင်း အဆိုးကြီးမဟုတ်။ ဒွာန်ကရိုဏ်းကျ ကျပါပဲ။

သို့သော် သူတို့သုံးယောက်လုံးမှာ တူညီကြတဲ့အကျင့်စရိုက်တွေတော့ များများရှိကြသည်။ သူတို့သုံးယောက်ဆုံချိန်မှလွဲ၍ တခြားလူများနှင့် သိပ်စကားများများပြောလေ့မရှိခြင်းတို့၊ ပတ်ဝန်းကျင်ကို လိုသည်ထက် ပို၍ဂရုမစိုက်တတ်ခြင်းတို့၊ ကောင်မလေးချောချောလေးများနှင့်ခြေရှုပ်တတ်ခြင်းတို့ အစရှိသဖြင့် တူညီကြတာတွေရှိကြသော်လည်း လားလားမျှ မတိုက်ဆိုင်တဲ့အချက်ကလေးတွေလည်း ရှိကြသေးသည်။

သို့သော် သူတို့သုံးယောက်က အမြဲလိုက်လျောညီထွေမှုရှိကြတဲ့လူတွေပါပဲ။ တစ်ယောက်စိတ်ကို တစ်ယောက်က သိနားလည်သလိုအလွတ်လည်းရသည်။ ဒါကြောင့်မို့ သူတို့ကြားမှာ ဘယ်သောအခါကမှ ပဋိပက္ခကြီးကြီးမားမားဆိုတာမရှိခဲ့ဘူး။

အောတုရှိန်က ဒေါသဖြစ်နေချိန်မှလွဲ၍ ကျန်အချိန်များတွင် သူမတူအောင် ကောင်းနေတတ်သူပါ။ စိတ်ရှိလက်ရှိဖြစ်နေချိန်မှာ တစ်နေကုန်ထိုင်၍ ပန်းချီထိုင်ဆွဲနေတတ်တာလည်း အောတုရှိန်ရဲ့ချစ်စရာစရိုက်လေး မဟုတ်ပါလား။



မျက်ဝန်းနက်နက်နှင့် ပေစောင်းစောင်း ဖြူဟက်ကြည့်ကြည့်တတ်သော်လည်း အောတုရှိန်ရဲ့မျက်ဝန်းတွေက ရိုးစင်လွန်းလှသည်။ ဒါသူ့ကျော်ကြားခြင်းရဲ့လျှို့ဝှက်ချက်ပဲမဟုတ်လား။ ရှိဒီးနောင်ကတော့တစ်မျိုး။ ကြည်စင်တဲ့ရုပ်ရည်က အခြားသူတွေကိုစိတ်ချမ်းသာမှုဖြစ်စေသည်တဲ့လေ။

သူတို့နှစ်ယောက်လုံးကလည်း ထူးခြားမှုတစ်ခုစီကို ပိုင်ဆိုင်ထားကြသလို၊ ဖိုကိန်းယင့်ကလည်း နာမည်ကျော်ကြားတဲ့အပြုံးပိုင်ရှင်ပါ။ ချိုကြည်သောမျက်နှာလေးက အပြုံးနုနုနှင့် သိပ်လိုက်ဖက်ညီပါသည်။ အချို့က ဖိုကိန်းယင့်ရဲ့အပြုံးကို ချိုကြည်ပြီး အေးချမ်းတယ်တဲ့လေ။

ဒါကြောင့်လည်း လူချောကလေးသုံးယောက် ဖွဲ့စည်းထားတဲ့ Audience Park က သိပ်နာမည်ကြီးနေသည်ထင်ရဲ့။ Audience Park ရဲ့ဖက်ရှင်ကို လူငယ်တွေ တစ်ခဲနက် crazy ဖြစ်ကြတာတော့ သူတို့ရဲ့စန်းလို့ပဲပြောရမှာလား။ ဖန်တီးနိုင်စွမ်းရှိတဲ့အတွက် အရည်အချင်းလို့ပဲပြောရမှာလား။ သေချာတာကတော့ Audience Park ဟာ သိပ်နာမည်ကြီးနေတယ်ဆိုတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

သူမမှာ လိုအပ်တဲ့ပစ္စည်းတွေတော်တော်များနေ၍ စာအုပ်နှင့် ဘောပင်ကိုချကာ စာရင်းပြုစုနေလိုက်သည်။ ထိုစဉ် တံခါးခေါက်သံသဲ့သဲ့ကြောင့်. . .

"ဝင်လာပါ"

"သမီး"

"ဩော်အန်တီ, ဆောရီး"

"ရပါတယ်။ ဒီမှာ သမီးရဲ့ဖုန်း။ သမီးဘဘဆီက"

"ရှင်! "

www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်ထိတ်သွားသည်။ စိတ်လည်းညစ်သွားရပါသည်။ ဘဘ သူမကိုဘာများအဆိုပြုဦးမှာပါလဲ။ သက်ပြင်းကိုချမိမယ်ကြံပြီးမှ တံတွေး ကိုပြန်မျို့ချကာ. . .

"ဘဘ, သမီးအားလုံးအဆင်ပြေတယ်။ ဘာမှမပူနဲ့။ ပျော်တယ်။ အိုကေပဲ။ ဘဘအချိန်ပေးထားတာ သုံးလနော်။ လူကြီးဆိုတာ ကတိ တည်ရတယ်။ အခုမှတစ်လပဲရှိသေးတာ။ ကတိပျက်တဲ့လူဟာ လောက မှာအသုံးမဝင်ဘူးလို့ ဘဘပဲပြောထားတာ မေ့ချင်ယောင်မဆောင်နဲ့"

"အင်း, သိပ်လိမ္မာတဲ့ကလေးပဲ။ ဘဘရဲ့ကျန်းမာရေးကိုတော် တော်စိတ်ပူတယ်ထင်တယ်"

"ဟဲဟဲ. . . ဟိ. . . ဘဘနေကောင်းတယ်နော်"

"အင်း. . . အဲ့လောက်ဆိုလည်း မဆိုးသေးပါဘူး။ သတိပေးလိုက် တော့ အလိုက်သိသားပဲ"

"ဒါပဲနော်ဘဘ။ အချိန်က သုံးလ"

"ဘဘနေမကောင်းလို့ ပြန်ခေါ်ရင်ရော"

"ဒါဆို ဘဘက ကတိမတည်သူပေါ့"

"စိတ်မပူဘူးလား"

"ဟင့်အင်း, ဘဘမှာအဖော်တွေအများကြီးရှိတာပဲ။ ဘဘမှာက



...ယောက်တည်း။ ဘဘနား ခစားနေသူက (၁၀)ယောက်ထက်မနည်း ...တာ၊ သမီးသိပါတယ်"

"အင်း. . . ဒီကလေးမနဲ့ရန်မဖြစ်ရတာကြာလို့ ပျင်းနေပြီ"

"ဘဘက အခုမှပျင်းတာ။ သမီးက ပျင်းခဲ့တာကြာပြီ။ ဘဘဝှဲ ...ည့်တယ်ပဲ သဘောထားလိုက်ပေါ့"

"အလည်မခံဘူး။ ခု ဘဘ, သမီးနဲ့ရန်ဖြစ်ဖို့လိုက်လာပြီ။ မကြာပ် ...င် သမီးကိုဘဘလာတွေ့မယ်"

"ဟားဟား. . . ကြိုက်သွားပြီ။ ဘဘ ဒီနေ့ သမီးကိုမိအောင် ...မ်းလိုက်"

"ဒါဆို လောင်းကြေးက ဘာလဲ"

"အင်း. . . ဒီနေ့ကစားပွဲက ပျော်ဖို့နည်းနည်းကောင်းတယ်။ ဒီ ...တော့ လောင်းကြေးလည်း ကြီးမှုဖြစ်မယ်ထင်တယ်"

"နှစ်နာရီမနားမနေပြေးတမ်းတော့ မလောင်းနဲ့။ ဒီအဘိုးကြီးက ...ဆုတာတ်တယ်"

"သမီးက ဘဘကိုချစ်ပြီးသားပါ။ ကိုယ့်ဘဘကို ဒီလိုအကြမ်း ...သည်းနဲ့ ဘယ်နိုင်စက်ပါ့မလဲ။ ဒီတစ်ခါတော့ လောင်းကြေးအသစ် သန့်ကို ...သိုက်လျောကြေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ဒါဆို ဘဘ, အခုကစပြီး သမီးကိုရှာပြီ၊ အချိန်က"

"တစ်နေကုန် ညနေခုနစ်နာရီထိ"

"အိုကေ. . . ကြိုက်ပြီ"

"စိန်ပြီ"

အိုကေ သူမဆိုကာ ဖုန်းကိုပစ်ချလိုက်ပြီး အဝတ်အစားတောင်မလဲနိုင်

တဲ့တာ့ဘဲ အိတ်ကိုသာဆွဲကာ ကမန်းကတန်းပြေးထွက်ခဲ့ပါသည်။ ထူးဆန်း

သောသူမပုံကြောင့် အိမ်သားအားလုံး ပဟေဠိဖြစ်နေခဲ့မှာအမှန်ပင်။

သူမ လမ်းတောက်လျှောက်၊ လျှောက်သွားနေမိရင်းမှ အတွေးတ

ခုဝင်လာသည်။ အဲ့ဒါကတော့ သူမ ဒီပွဲမှာမရှုံးဖို့ လုံခြုံသောနေရာတစ်

ကိုရွေးချယ်ဖို့ပါပဲ။

သူမဦးနှောက်တွေက အလျင်အမြန်လှုပ်ရှားနေခဲ့ပါသော်လည်း

စဉ်းစား၍မရ။ နောက်ဆုံးမှာ သူမဖျစ်ညှစ်စဉ်းစားမိလိုက်သည်က ပထ

ဓာတ်ပုံစင်တာတို့ပဲဖြစ်တော့၏။ သူမဘာမှ ချင့်ချိန်မနေတော့ဘဲ စင်တ

သို့သာ ဦးတည်လိုက်သည်။

လှုပ်နေတော့ ဘဘက ဘက်ခ်ကရောင်း ဘယ်လောက်ကော

ကောင်း အလွယ်တကူမတွေ့နိုင်ဟုတွေးမိလိုက်၍ပါ။ ပြီးတော့ ဒီ

ရွေးချယ်လိုက်ခြင်းဖြင့် လျှောက်လည်ချင်တဲ့ဆန္ဒလည်း ပြည့်သွားသ



လိုအပ်တဲ့ပစ္စည်းတွေလည်း ဝယ်ပြီးဖြစ်ရော၊ အဆင်ပြေလိုက်တာ။

တစ်ချက်ခုတ် သုံးချက်ပြတ်ပဲ။ သူမရွေးချယ်လိုက်တဲ့နေရာက သူမရှုံး

နိုင်အများဆုံးဆိုပေမယ့် ဆိုရိုးစကားရှိသည်လေ။ အန္တရာယ်ရှိသောနေရာ

ဟာ အလုံခြုံဆုံးနေရာတဲ့။ သူမစိတ်ကူးနှင့်သူမ သဘောအကျကြီးကျ

ကာ ပြုံးလိုက်မိပါတော့သည်။

ဒီနေ့တော့ ခါတိုင်းလို ပတ်ဝန်းကျင်ကိုဂရုမပြုဘဲ လွတ်လွတ်လပ်

လပ် သွားချင်တိုင်း သွားလည်ချင်တိုင်း လည်လို့မရတော့ပြီ။ သူမက

ဖြတ်သွားဖြတ်လာ လေးဘီးတစ်စင်းငှားလိုက်ပါသည်။ ခိုးကြောင်ခိုး

ဝှက်မှ တကယ်ခိုးကြောင်ခိုးဝှက်လေးပါ။

ဘဘက အဘိုးကြီးမို့ သိပ်စိတ်မပူရသော်လည်း သူ့နောက်မှာ

လိုက်နေသော ဘော်ဒီဂတ်တွေက လျှင်လည်းလျှင်ပြီး ဖျတ်ဖျတ်လတ်

လတ်ရှိကြတာမို့ သူမလန့်ပါသည်။ ဒီပွဲမှာ သူမအရှုံးခံ၍မဖြစ်။ သူမ

ရှုံးသွားပါလျှင် ရတော့ရခဲအခွင့်အရေးကြီးကို လက်လွှတ်ရပေလိမ့်

မည်။

အကယ်၍ သူမသာ နိုင်သွားလို့ကတော့ ဘဘကိုညာတာလော့

ည်မဟုတ်၊ ဘဘ,မလိုက်လျောနိုင်တာကြီးပဲကိုသာ ရှာကြံတောင်း

ပစ်ဖို့ စိတ်ကူးပစ်လိုက်ပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူမ,စင်တာသို့ရောက်သည်နှင့် ဦးထုပ်ပွပွကြီးတစ်လုံးနှင့် မျက်မှန်ဝိုင်းနက်နက် ပုံတုံးတုံးတစ်ခုကို အဆောတလျင်ဝယ်ဝစ်လိုက်သည်။ ဘောင်းဘီတိုကပ်ကပ် အင်္ကျီပွပွကိုသာ ဖြစ်သလိုဝတ်ထားသောသူမပုံစံကြောင့် ဦးထုပ်နှင့်မျက်မှန်ကိုလည်း ထပ်ဆောင်းဝတ်ဆင်လိုက်ရော၊ ကမ်းခြေဘက် အပျော်ထွက်လာတဲ့မိန်းကလေးတစ်ယောက်လိုဖြစ်သွားရတော့သည်။

သူမပုံစံက မှန်ထဲမှာ သိပ်အချိုးမကျလှပေမယ့် ဒါရုပ်ဖျက်နည်းပဲဟု ယူဆလိုက်ပါသည်။ သူမသွားရာလမ်းတစ်လျှောက်မှာ ထူးဆန်းတဲ့သူမပုံစံကြောင့် လူအချို့က ကွက်ကြည့်ကွက်ကြည့်ကြည့်ကုန်ကြသည်

သူမဟာ ဒီလိုအသေးအဖွဲကိစ္စကိုလည်း ဂရုမစိုက်နိုင်ပါ။ မျက်မှန်ဝိုင်းကြီးထဲမှ မျက်ဝန်းလုလုက ဟိုကြည့်ဒီကြည့်နှင့် အခြေအနေအရပ်ရပ်ကိုခန့်မှန်းနေမိသည်။ အခြေအနေက တော်တော်လေးငြိမ်းချမ်းနေတာကြောင့် သူမက အေးအေးဆေးဆေးပင် လှည့်ပတ်ကြည့်ရှုနေလိုက်ပါ

သို့သော် သူမရဲ့အေးအေးဆေးဆေးနေချိန်က သိပ်မကြာလိုက်ပါ ဘောင်းဘီရှည်အနက်နှင့် အင်္ကျီဖြူကို သားနားသန့်ပြန့်စွာဝတ်ဆင်ထားသောလူနှစ်ယောက်ရဲ့အကြည့်စူးစူးကြောင့် သူမက နီးစပ်ရာအမျိုးသမီးသီးသန့်ဖိနပ်ခန်းထဲသို့ လှစ်ခနဲဝင်ချလိုက်သည်။



ပြီးနောက် ဖိနပ်စင်အကွယ်လေးထဲမှာ ရုတ်တရက်ငုတ်တုတ်ထိုင်ချလိုက်ပါတော့သည်။ ဒါ ဘဘလူတွေပဲဆိုတာ (၁၅)နှစ်ဆိုသောအတွေ့အကြုံကြောင့် အတတ်သိနေပါသည်။

"ဒါကလည်း အယူသည်းတဲ့ဘဘရဲ့ပျောက်ကွက်လိုပဲပြောရမည်။ ဘဘရဲ့နောက်လိုက်လူအားလုံးလိုလိုဟာ သန့်ပြန့်တဲ့ရုပ်ရည်ရှိသူတွေဖြစ်ကြပြီး လူတိုင်းဟာ အနက်နှင့်အဖြူတူညီဝတ်စုံကိုဝတ်ဆင်ထားရသည်။

သူမအတတ်သိနေသောတစ်ခုက ဘဘက ပြိုင်ပွဲတိုင်းမှာအနိုင်ယူလိုသူပီပီ အခုလည်း မန္တလေးတစ်မြို့လုံးမှာ သူ့လူတွေပျံ့နှံ့နေပြီဆိုတာ သူမတွေးကြည့်လိုက်တာနှင့် သိနေပါပြီ။

သို့သော် သူမကလည်း စွန့်စားလုပ်ရှားရတာလေးတွေနှင့်မှပျော်တတ်သူမို့ ကျေနပ်နေမိသည်။ အခုဆို ဘဘလူနှစ်ယောက်က သူမကိုဆိုင်အမြွက်သတိပြုမိသွားပြီမို့ သူမသတိကြီးကြီးထားရန် လိုအပ်ပေပြီ။ ဘာကြောင့်လဲဆိုတော့ မကြာခင် အဖြူအနက်ဝတ်စုံတွေနဲ့လူကစင်တာကြီးထဲမှာ များလာတော့မှာလေ။

အဲ့တော့ သူမက အရင်ဦးဆုံး ဝတ်စုံပြောင်းရန် စဉ်းစားလိုက်ရတော့သည်။ အခုတော့ Rapper လူငယ်ပုံစံနှင့်သူမကို မည်သူမှမျှော်

www.burmeseclassic.com

www.burmeseclassic.com





တရက်မမှတ်မိနိုင်တော့ဘူးထင်ပါရဲ့။ အခုကျပြန်တော့လည်း သူမက အဖြူအနက်တူညီဝတ်စုံတွေနားမှာ ဝှံဝှံကြွားကြွားကြီးပင်။

သို့သော် သူမကလည်း သတိရှိသူမို့ ဒီစင်တာထဲမှ အမြန်ဆုံး ဆုတ်ခွာရန် ဆုံးဖြတ်လိုက်တော့၏။ လူအနက်များကို မယောင်မလည် နှင့်ဖြတ်ကျော်ပြီးကာမှ အသင့်ပွင့်နေသောဓာတ်လှေကားထဲ လှစ်ခနဲ ပြေးဝင်လိုက်သည်။

ဓာတ်လှေကားထဲမှာတော့ လူငယ်ငါးယောက်နှင့်သူမ စုစုပေါင်း (၆)ယောက်တည်း။ ထိုလူငယ်တွေက သူမကိုတကယ့် Rapper လူတစ် ယောက်ထင်ပြီး စူးစမ်းသလို စူးစူးရဲရဲကြည့်လာကြသည်။ ထိုအကြည့် တွေက သူမကိုစိန်ခေါ်နေသလို၊ အထင်သေးနေသလို။

"ဒီမှာ ညီလေး၊ မင်းစတိုင်လ်က ခေတ်လန်သွားပြီ။ မျက်စိဖွင့် ပြီးကြည့်လိုက်ဦး"

"ငါတို့က (၅)ယောက်၊ မင်းက တစ်ယောက်တည်းကြောင့် ညှာလိုက်မယ်နော်"

"သူ့ကိုကြည့်ရတာ ဂနိုင်က လာတာထင်တယ်၊ မင်းမကြားသေး ဘူးလား၊ မနေ့က Rapper ကောင်တွကို ဘယ်ကောင်တွေခေါ်လိုက် သလဲဆိုတာ"

တစ်ယောက်တစ်ပေါက်ပြောနေကြသောသူတို့ပုံတွေကို သူမ ကြောက်လာမိသည်။ လက်ပတ်တွေ၊ လက်စွပ်တွေပြူးတူးပြဲတဲ၊ မုတ် ဆိတ်ကျင်စွယ်တွေ ဖို့ရို့ဖားယားနှင့် သူတို့ပုံတွေက နိုင်ငံခြားကားထဲ က ကြေးစားလူမိုက်တွေလိုလို။

ကြောင်ရှေ့မှာရောက်နေတဲ့ကြွက်သူငယ်လေးလို သူမအသက်ပင် မရှူရဲတော့။ သူမအသက်ရှူချောင်သွားတာတစ်ခုက ဓာတ်လှေကား ကြီး ရပ်သွားပြီး တံခါးပွင့်သွားခြင်းပါပဲ။ သူမတို့ (၆)ယောက်လုံး ဓာတ် လှေကားထဲမှထွက်ရှိရှိသေး ရှေ့ဆင့်နောက်ဆင့် အပြေးအလွှားထိုးရပ် ထားကြသောကားသုံးစီးကြောင့် မှင်တက်သွားရသည်။

"Audience Park"

ထို (၅)ယောက်လုံးရဲ့ပါးစပ်မှသံပြိုင်။

"အောတု, မင်းဘယ်လိုသတင်းရတာလဲ"

"စောစောက ငါ့ဆီဖုန်းဝင်တယ်၊ ငါ space မှာကြည့်လိုက်တော့ ဒီစင်တာအမှန်အကန်ပဲ"

"ကိန်းယင့်, မင်းဒီမှာစောင့်နေ၊ ငါတို့အပေါ်တက်နေတုန်း လာ ရှာက်သွားမယ်"

"ဒီးနာ မင်းသေချာစဉ်းစား၊ သူ ဘယ်တုန်းကကားကို ပါ့ကင်

www.burmeseclassic.com



ရှာရပ်ဖူးလို့လဲ"

"ဘာမှစဉ်းစားမနေနဲ့တော့။ ငါတို့သုံးယောက်လုံး ပြေးတက်မယ်။ ဖြစ်ရှာမယ်"

"ဟုတ်တယ်၊ ကောင်းတယ်။ မန္တလေးရောက်တာတောင် ငါတို့ ဆီမဝင်ဘူး။ တရားလွန်တယ်"

ဟုဘာတွေမှန်းမသိ၊ တစ်ယောက်တစ်ပေါက်ပြောကာ ဓာတ်လှေကားပင် မခေါ်တော့ဘဲ ရိုးရိုးလှေကားအတိုင်း ပြေးတက်သွားကြတော သည်။

"Audience Park ဘာတွေ အရေးကြီးနေသလဲမသိဘူး"

"သူတို့ဒီလိုဖြစ်နေပုံက နည်းနည်းဆန်းသလိုပဲ"

"ဟုတ်တယ်။ ခါတိုင်းဆို သူတို့သုံးယောက်က အေးဆေးပဲ"

"သိပြီ။ သူတို့မှာ ကြီးလေးတဲ့ကိစ္စရပ်ကြီးရှိနေလို့မယ်။ ဘာ ဖြစ်ဖြစ် ငါတို့အဖွဲ့ သူတို့ကိုကူညီရင် မကောင်းဘူးလား။ ငါတို့ရဲ့ Hen ပဲ"

"ကောင်းတယ်"

"ဒါဆိုလစ်မယ်"

"အိုကေ"



တစ်ယောက်တစ်ပေါက်ပြောကာ သူမကိုပင် ရန်မစနိုင်ကြတော့ ဲ ထိုသုံးယောက်နောက် ပြေးတက်သွားကြပြန်သည်။ သူမမှာသာ ကြောင်တောင်တောင်နဲ့ ရပ်နေလျက်သားပင်။ သို့သော် အောတုရှိန်ရဲ့ နက်ရောင်လက်နေသောကားကြီးက သူမကို စိန်ခေါ်သလိုကြည့်နေ အကြောင့် သူမဒေါသဖြစ်ဖြစ်နှင့်ပင် ပြေးကန်လိုက်သေးသည်။

"အား . . . လားလား . . . နာလိုက်တာ"

ကျင်ခနဲပူသွားသောခြေထောက်ကြောင့် လှုပ်လှုပ်လေးခုန်မိ သွားပြန်သည်။

"သက်ရှိလူသားသော ငါ့ကိုဒုက္ခပေးတာမဟုတ်ဘူး။ ဒီသက်မဲ့ကား တ်ကလည်း ရန်မူနေသေးတယ်။ ရမယ်၊ ဟွန်း . . . တွေ့မယ်။ ကဲဟယ် ကဲ . . . ကဲ"

ကားဘော်ဒီကို ဘုန်းခနဲ၊ အိခနဲနေအောင် လက်ကိုမနာကျင်စေ ဲ ထုချလိုက်တော့သည်။ ထိုစဉ် တစ်ဖက်မှပြေးလာတဲ့အနက်အဖြူ တ်လူနှစ်ယောက်ကြောင့် သူမမှာ လှစ်ခနဲနေအောင် ကားနောက်နား နား ပုန်းခိုပစ်တော့သည်။

သူမမှာ ငုံ့ငုံ့လေးနေရလွန်း၍ ခါးပင်နာချင်လာပါပြီ။ သို့သော် လူနှစ်ယောက်မှာ သူမနားလေး ဝေ့ချာဝေ့ချာနှင့်။ နောက်ဆုံးမှာတော့

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သအိုကြီး အောတရှိန်က ကားတံခါးလော့ခ်မချသွားတာကိုပဲ ကျေး
တင်ရပေမည်။ သူမ ကားထဲသို့ခပ်တည်တည်နှင့်ဝင်ထိုင်ကာ ကုရှင်
လှဲအိပ်နေလိုက်သေးသည်။ ထိုစဉ် Audience Park ဆိုတဲ့နောက်
ကောင်က ပြေးလာခဲ့ပြန်သည်။

အားနေရင် အေးဆေးမနေတတ်တဲ့အောတရှိန်က ဘဘရဲ့လူ
ယောက်ကိုပါ ပတ်ရှမ်းရန်မူနေသေးသည်။ သူမက အောတရှိန်ကိုလ
သီးတစ်လုံးလောက်ကျွေးချင်မိသည့်စိတ်ကို ချုပ်ထိန်းထားရသည်။

အံ့ဩဖို့ကောင်းတာက အင်္ဂလိပ်ဘတ်ကိုထွဲစိခံထားရတဲ့ ဘဘ
လူတွေက အောတရှိန်ကို ဘာမှရန်မပြုတာပါပဲ။ သူမသိသလောက်
ဆိုရင် အောတရှိန်၊ ရှိုးနောင်၊ ဖိုကိန်းယင့် ဒီသုံးယောက်ပေါင်းရင်တော
ဘဘရဲ့လူတစ်ယောက်ထဲက အနိုင်ချနိုင်တဲ့ကိုယ်ခံပညာရှိနေတာပဲ။

အခုတော့ အလိုင်းကြီးဝင်ဟောက်နေတဲ့ အောတရှိန်ကို ဘ
ပြန်မလုပ်တာ အံ့ဩစရာကြီးဖြစ်နေပါပြီ။ သို့သော် အောတရှိန်က
နှစ်ယောက်ကို သိပ်ရမ်းရမ်းကားကားကြီးမပြုမူပြန်ပါ။ အနည်းငယ်
သာ ဟိန်းဟောက်ပြီး ပြန်လှတ်လိုက်သည်။

"စိတ်မကောင်းဖြစ်ပေမယ့် ပျော်စရာလည်းကောင်းတယ်"

"ဒေါ်သဖြစ်မနေပါနဲ့ကွာ။ ငယ်ငယ်တည်းက သူက ဒီလိုအ



ပဲတာ"

"လွန်တယ်။ ငါတို့ သူ့ကိုမတွေ့ရတာ ဘယ်လောက်ကြာနေပြီ
လဲ"

"သူ့အကြောင်းကို မင်းလည်းသိရဲ့သားနဲ့။ ရောက်နေပြီဆိုကြောင်း
သတင်းပေးမယ်။ ငါတို့ပတ်ရှာရင် သူကပုန်းမယ်။ မထင်မှတ်ထားတဲ့
အချိန်မှ ဘွားခနဲပေါ်လာမယ်။ ဒါ သူ့ရဲ့စတိုင်လ်ပဲ"

"ဒီတစ်ခါတော့ မရဘူး။ ငါမရရအောင်ရှာမယ်"

"ဘယ်မှာရှာမှာလဲ"

"ဟုတ်တယ်။ သူက ကလေးလိုပဲ။ အခုချိန်မှာတောင် ဒီမန္တလေး
မှာ ရှိချင်မှရှိနေတော့မယ်"

"ငါကတော့ ရှာမယ်"

"ရှာပေါ့။ ကလောလား၊ မြစ်ကြီးနားလား၊ ထားဝယ်လား၊ ကော့
သောင်းသား၊ ကွတ်ခိုင်လား၊ တောင်ကြီးလား၊ အခန့်မသင့်ရင် ပုသိမ်
မှာလည်းရှိနိုင်တာပဲ"

ဖိုကိန်းယင့်ရဲ့ထင်ကြေးစကားမှာတော့ အောတရှိန်ဒေါ်သအကြီး
အကျယ်ထွက်သွားကာ. . .

"အား. . . ဝုန်း!. . . ဘုန်း! "

www.burmeseclassic.com

www.burmeseclassic.com



သူကားကြီးကိုသာ ပြေးကန်ပစ်လိုက်တော့သည်။

"အမယ်လေး"

သူမပင်လျှင် လန့်သွားရသည်။ ကားတံခါးကိုလည်း ဝုန်းခနဲ
ဖွင့်ကာ ကားကိုလည်း ခပ်ကြမ်းကြမ်းမောင်းပစ်လိုက်သေးတာကြော
ကားနောက်ခန်းထဲ တိတ်တဆိတ်ပုန်းကွယ်နေသောသူမက လင်မန်း
လိမ့်နေသည့်ဆီးဖြူသီးလေးတစ်လုံးလို။ ကြာလာတော့ ခေါင်းရေ
နောက်လာ၍ သူမစိတ်မရှည်ချင်လာတော့။

"အား"

သူနားရွက်နား ရုတ်တရက်တိုးကပ်ကာ ကြုံးအော်ပစ်တော
သူက တော်တော်လေးလန့်သွား၍ထင်သည်။ ကားစတီယာရင်က ယိ
ထိုးသွားကာ ဘရိတ်ကိုဆောင့်နင်းပစ်လိုက်သည်။ သရဲနားရောက်
သူတစ်ယောက်လို ထိတ်ထိတ်ပျာပျာနှင့် သူမစထံလှည့်ကြည့်လာသည်
ကြောက်လန့်သွားရာမှ ရုတ်တရက်ဆိုသလို မျက်နှာကြီးနီမြ
သွားပြီး. . .

"မင်း. . . မင်း. . . ဘာ, ဘာလုပ်တာလဲ"

"အော်လိုက်တာလေ"

"အဲဒီလိုလုပ်လိုက်တာ နှစ်ယောက်လုံး သေသွားနိုင်တယ်



ဘာ မင်းမသိဘူးလား"

"မသိဘူး. . . တစ်လောကလုံးကို ကိုယ်လုပ်ကျွေးထားသလိုနေ
တဲ့ရှင်က အော်သံသေးသေးကိုတော့ အဲ့ဒီလောက်သွေးပျက်အောင်
ကြောက်ရသလား"

"မင်းအသံက သရဲခြောက်တာနဲ့တူတယ်"

"ဟား. . . ဟား. . . ဟား, ရှင်က သရဲကြောက်တယ်ပေါ့"

"မင်းကို ဘယ်သူပြောလို့လဲ"

"ဒါက ကိုယ့်အရည်အချင်းပါ"

"ဆင်း,ဆင်း. . . အခု ကားပေါ်ကဆင်း။ ဘယ်သူခွင့်ပြုချက်
နဲ့ ဒီကားပေါ်တက်နေရတာလဲ"

"ကားကြုံလိုက်စီးတာပဲ။ သမ္မတခွင့်ပြုချက် လက်မှတ်လိုသေး
သလား"

"အေး. . . ဒါ ငါ့ကား။ ငါ့ခွင့်ပြုချက်လိုတယ်။ အဲဒီတော့ မင်း
ဆင်းတော့"

"အံမယ်! လူကိုဘာများမှတ်နေသလဲ။ ပိုက်ဆံပေးဆိုလည်းပေး
မယ်။ ဒီနေရာက လူပြတ်တယ်၊ မဆင်းနိုင်ဘူး"

"ဒီမှာ မင်းဟာမင်း, မီလျှံနာပဲဖြစ်ဖြစ်၊ ဘီလျှံနာပဲဖြစ်ဖြစ် ငါ

www.burmeseclassic.com

www.burmeseclassic.com

စိတ်မဝင်စားဘူး။ ဒီကားပေါ်က မင်းဟာမင်း ဆင်းမှာလား၊ ငါဆွဲချ

မှာလား"

"ဟဲဟဲ. . . ရှင့်ကိုအကူအညီတောင်းမယ်ဆိုရင်ရော"

"ငါ အဲ့ဒီလောက်ထိ စေတနာမလျှံဘူး"

"နောက်ထပ် (၁၅)မိနစ်လောက်ပဲ လိုက်စီးမယ်ဆိုရင်ရော"

"မြို့ပြင်တော့ ပို့ပေးလိုက်မယ်"

ထောက်ထားစာနာမှုမရှိတဲ့ထိုပုဂ္ဂိုလ်ကို သူမရင်ထဲ ဒေါသအလိ

လိပ်ထွက်သွားမိပေမယ့်လည်း ဒေါသတွေကိုမျိုချကာ. . .

"ခဏလေးပဲ. . . ခဏ"

သူမစကားပင်မဆုံးလိုက်တော့။ ထိုပုဂ္ဂိုလ်မှာ ကားပေါ်မှ ရုတ်

တရက်ဆင်းကာ သူမဘက်က ကားတံခါးကို ဝုန်းဆိုဆွဲဖွင့်ပြီး သူမ

ဒရွတ်တိုက်ဆွဲချပစ်တော့သည်။

"ဒီမှာ. . . ဒီမှာ"

သူမ ဘာမှဆက်ပြီးမဆိုနိုင်လောက်အောင် မြန်ဆန်လွန်းလှပါ

သည်။

"အောတုရှိန်. . . အောတုရှိန်"

သူမအော်ပြီးပြေးလိုက်ပေမယ့်လည်း ကားမှာ မြင်ကွင်းမှပျောက်



သွယ်လုလု။ ဆွေ့ဆွေ့ခုန်ကျန်ရစ်ခဲ့သောသူမကို ကားနောက်ကြည့်မှန်

မှ အောတုရှိန်မြင်နေရပါသည်။ အောတုရှိန်နှုတ်ခမ်းနှစ်လွှာမှာ အပြုံး

နိုပ်ပါးပါးက ထင်ဟပ်လာပါသည်။ ထိုစွာကျဲလန်လေးကို အဲ့ဒီလိုပညာ

ပေးရ၍ သူကျေနပ်နေတာလား။

"အကြင်နာတရားကိုမရှိဘူး။ သူလိုလူကို ထမ်းထားရတဲ့ကမ္ဘာ

မြေကြီးက လေးတယ်။ ဟွန်း"

သူမစိတ်ဆိုးမာန်ဆိုးလေး ပြောဆိုလိုက်ပြီးမှာ. . .

"ဟိုက်! သွားပြီ။ ငါ့ပိုက်ဆံအိတ်၊ အောတုရှိန်. . . ငါ့ပိုက်ဆံ

အိတ်"

သူမအော်ရင်းပြေးလိုက်ပေမယ့်လည်း ကားနောက်မြီးလေးက

သူမကိုလှောင်ပြောင်နေသယောင်။ ဝေးလံတဲ့ခရီးကို လမ်းလျှောက်လာ

ရ၍ သူမခြေထောက်တွေက ညောင်းညာလှပါပြီ။ ခြေချောင်းလေးတွေက

တဆတ်ဆတ်နာကျင်လာလေ အောတုရှိန်ကိုဒေါသထွက်လေပါပဲ။

သူမခြေထောက်တွေ နာကျင်လာလွန်း၍ အဘကိုအရှုံးပေးချင်စိတ်တွေ

ပေါ်လာသည်။

ဘဘရဲ့လူတွေက ညံ့လွန်းနေပါပြီ။ လမ်းမကြီးပေါ်မှာ သုံးနာရီ

လောက် လမ်းလျှောက်နေတဲ့သူမကိုတောင် ရှာမတွေ့နိုင်တော့ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



မိုးက တဖြည်းဖြည်းနှင့် မှောင်စပြုလာသည်။ နာရီကိုကြည့်လိုက်တော့

(၆း၄၅) ရှိနေပါပြီ။ ဒီနေ့တော့ သူမ, ဘဘကိုနိုင်သွားပြီထင်ပါရဲ့။

ခြေထောက်နာပေမယ့်လည်း တန်သွားပြီဟုတွေးမိလိုက်သည်။

ခြေထောက်နာလာ၍ လမ်းဘေးမှာ အဆင်သင့်ရှိသောခုံပေါ်မှာ ထိုင်

ပစ်လိုက်စဉ် အိမ်တံခါးမကြီးက ရုတ်တရက်ပွင့်သွားသည်။ တံခါးပွင့်သံ

က ကျိမ်းခနဲမြည်သွားတာကြောင့် သူမကလန့်ပြီး ခုံနောက်လေးမှ

ခုန်ဝင်ပစ်လိုက်သည်။ ထိုစဉ် သူမရှေ့မှကားသုံးစီးက ပြိုင်ပွဲဝင်သလို

ဆက်တိုက်ဖြတ်သွားပြီး ဖွင့်ထားသောအပေါက်ဝကြီးထဲသို့ အလျှိုလျှိုထိ

ကာ ပျောက်ကွယ်သွားကြတော့သည်။

တံခါးပြန်ပိတ်သံ ကျိမ်းခနဲကြားပြီးမှ သူမက ခိုးကြောင်ခိုးဝှက်နှ

ခုံနောက်လေးမှထွက်လာပြီး ခြံကျယ်ကြီးထဲ လှမ်းကြည့်လိုက်သည်။ ထို

စဉ် သူမဘေးနားမှာ ကားတစ်စီးက ထိုးရပ်သွားပြီး. . .

"လုဦးမယ်"

"အမယ်လေး"

"ဘယ်အချိန်တုန်းက သရဲကြောက်သွားတာလဲ"

"ဟား. . . ဟား. . . ဟား. . . ဘဘရှုံးပြီ"

"နာရီကိုလည်း ကြည့်လိုက်ပါဦး"



"(၆း၅၇) ဟား. . . သွားပြီ။ ဒီ (၃) မိနစ်လေးနဲ့"

သူမ မချိတင်ကဲနှင့် နဖူးကြီးဖြတ်ရိုက်ပစ်တော့သည်။

"ကားပေါ်ကြွပါ"

"ဘဘ အခုချက်ချင်းကြီးတော့ ပြန်မလိုက်ဘူးနော်"

"ဘယ်သူက ပြန်ခေါ်မယ်ပြောလို့လဲ"

"ဟာ. . . တကယ်"

"ဒီအဘိုးကြီးက အသက်ကြီးပေမယ့် ကတိတော့တည်တတ်ပါ

ယ်"

"အဲ့ဒါကမှ ပိုဆိုးတာ။ ဘဘ, သမီးကိုဘာတောင်းဆိုမှာလဲ။ ခု

ချက်ချင်းပြော။ ဘဘက သိပ်ယုံရတာမဟုတ်ဘူး။ တစ်ကိုယ်လုံးညာတ်

ည်းပဲ"

"ဖြည်းဖြည်းပေါ့။ ဘာလောနေတာလဲ"

"ဟာ, မရဘူး။ ခုပြော"

"ဘာပုံပေါက်နေတာလဲ"

"ဟဲဟဲ. . . မမှတ်မိအောင် Rapper ဒိုင်း ဖမ်းထားတာလေ"

"လုဦးမယ်ကို တောမှာချည်းပဲထားလို့မရတော့ဘူး။ ခေတ်သိပ်

တက်ကျနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာဖြစ်လို့လဲ၊ စတိုင်လ်က မမိလို့လား"

"အရူးမ၊ အခုက Punk ခေတ်ဖြစ်သွားပြီ"

"ဟင်. . . ဘဘက ဒါလည်းသိတာပဲလား"

"ဒီမန္တလေးမှာ Audience Park အဖွဲ့ ခေတ်စားနေတာရော သိလား"

"ဘဝင်အဖွဲ့လေ"

"အဲ့လိုမပြောရဘူးလေ၊ သူတို့က မချောလို့လား"

"ချောပေမယ့်"

"ရပြီး အဲ့ဒီလောက်ဆိုရင်။ ကဲ, တက်"

"ဘဘ ဘာမှမတောင်းဆိုတော့ဘူးလား"

"အကြွေးမှတ်ထားမယ်"

"လူဦးမယ်က အတိုးများတယ်၊ ခုနစ်ရက်ထက်ကျော်သွားရင် ဒီစည်းကမ်းချက်က အသုံးမဝင်တော့ဘူး"

"ကဲ. . . မိကျောင်းမလေးတက်မှာလား၊ ရပ်နေမှာလား"

"ဟဲ. . . ဟဲ"

ကားလေးက ပြေးလွှားသွားတော့ နေရာလေးမှာ ပကာတိတိ ဆိတ်လျက်။

♫ ♫ ♫

## အခန်း ( ၇ )

ဒီနေ့သင်တန်းနားရက်ဆိုပေမယ့်လည်း ပျင်းပျင်းရှိတာနှင့် သင်တန်းသို့လာခဲ့ပြန်ပါသည်။ ပျင်းလို့ဆိုတာထက် ဘဘကိုရှောင်ချင်တာဆိုရင် ပို၍မှန်ကန်ပေလိမ့်မည်။

ဘဘက ဟိုဟာလုပ်၊ ဒီဟာလုပ်၊ ဟိုသွားရအောင်၊ ဒီသွားရအောင်ဆိုတာမျိုးကြီးတွေကို သူမစိတ်အညစ်ဆုံးပါပဲ၊ ငယ်ငယ်ကထည်းက ဘဘသွားရာအရပ်ဒေသကို တကောက်ကောက်လိုက်ရလွန်း၍လားမသိ။ အခုလိုအရွယ်ရောက်လာတော့ ဘဘကိုဆန့်ကျင်ချင်လာသည်။

ဒါကြောင့် အလိမ္မာနည်းလေးတွေနှင့် ဘဘနှင့်အပြိုင်ပွဲလုပ်

www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိသည်။ ဘဘက ပွဲတိုင်းလိုလိုနိုင်တတ်ပေမယ့် သူမကလည်း နိုင်ပွဲ လေးတွေ ရှိနေခဲ့ပါသေးသည်။ အဲ့ဒီလိုပြိုင်ပွဲလေးတွေနဲ့ဆိုတော့ ဘဘ ကလည်း နှပျိုသလို၊ သူမကလည်း လန်းဆန်းလို့ပေါ့။

အခုပွဲမှာ သူမက (၃)မိနစ်နဲ့ကပ်ရှုံးသွားတာကြောင့် တော်းဆို လာမယ့်တဘဘရဲ့အဆိုကိုတော့ ရင်ထိတ်လှပါသည်။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီတောင်းဆိုချက်ဆိုတာကို ဘဘက အချိန်ယူစဉ်းစားနေလို့ပါ။

အဲ့ဒါအားလုံး လူမှုရေးနားမလည်တဲ့ အောတုရှိန်ဆိုတဲ့လူကြ လန့်ကြောင့်ဖြစ်သည်။ အမှန်တကယ်ဆို သူမသေချာပေါက်နိုင်ရမယ့်ဟာ ကို။ ဒေါသဖြစ်ဖြစ်နှင့် စန္ဒရားခလုတ်တွေကို ကြမ်းကြမ်းနှိပ်ချပစ်သည်

တေးသွားတစ်ပုဒ်လုံးကိုမြှင့်တင်ကာ ကြမ်းကြမ်းသာ လှုပ်ရှားပ လိုက်တော့သည်။ တေးသွားအဆုံးမှာတော့ သူမက ထိတ်လန့်တကြ ပင် အံ့ဩသွားရတဲ့ဖြစ်ရပ်က ဆီးကြိုနေ၏။ အကြောင်းမှာ ဩပြီး လှ ထွက်လာတဲ့လက်ခုပ်သံကြောင့်ပါ။

"ဟင်! ဖိုကိန်းယင့်"

"မင်း တစ်ခုခုကိုဒေါသဖြစ်နေတယ်ထင်တယ်၊ ပြီးတော့ တစ်ခု ကို မကျေမနပ်လည်းခံစားနေရတယ်မဟုတ်လား"

"ဟင်! ရှင်ဘယ်လိုသိသလဲ"



"ကိုယ်က Piano သမားလေ။ မင်းလက်သံကို နားထောင်လိုက် ရုံ မင်းစိတ်ကို ကိုယ်ခန့်မှန်းလို့ရတယ်"

"ဖိုကိန်းယင့်က သိပ်တော်တာပဲ။ ပြီးတော့ ရှင့်လက်သံကိုသိပ် ကြိုက်တယ်။ နားထောင်ရတာ သိပ်အေးချမ်းတာ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထိုအပြုံးချိုချိုလေးက သူမရင်ထဲစွဲနေအောင် လှုပ်ခတ်သွားရပါ သည်။ ထိုအပြုံးနုနုက သူမနှလုံးသားကိုအလဲထိုးအနိုင်ယူသွားပြီလား။

"ဟို. . . ဟိုလေ"

ရဲတင်းပွင့်လင်းတဲ့သူမက ဘာဖြစ်လို့ ဖိုကိန်းယင့်ရှေ့မှာ မပြော ဆိုရဲဖြစ်သွားရပါလိမ့်၊ ဖိုကိန်းယင့်ကတော့ သူမစိတ်ကိုနားလည်နေ လိုပြုံးပြကာ. . .

"ကိုယ့်ကို တေးသွားတစ်ပုဒ်တီးပြစေချင်တာ မဟုတ်လား"

"ရှင်ဘယ်လိုသိလဲ"

"မိန်းမတစ်ယောက်ရဲ့စိတ်ကို အလွယ်တကူဖတ်နိုင်တာ ယေယေ ညီးက ကိုယ့်ရဲ့ပါရမီပဲ၊ ကိုယ်တီးပြမယ်လေ။ ဒါပေမဲ့ မင်းက ကိုယ့် ရှေ့မှာ ရပ်နေရမယ်"

"ဟင်. . . ဘာကြောင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဂီတဆိုတာ မှန်ဝင်မှ ချိုသာတာ"

သူမ မျြင်းဆန်မိလိုက်ပါ။ အလွယ်တကူပင် သူ့ရှေ့မှာ ဟန်ရေး ရပ်ပြလိုက်သည်။ သူက ခလုတ်တွေကိုကစားလိုက်၊ အသံညင်ညင်လေး နဲ့ ဝိုးတဝါးလေးဆိုလိုက် သူမကိုပြုံးမြွှာစိုက်ကြည့်လိုက်နှင့် ဆိုနေပုံတ နေပုံလေးမှာ သူမရင်ထဲစွဲသွားရသည်။

သူမ သိပ်စိတ်ကူးယဉ်မိလွန်းသွားပြီလား။ သို့သော် ထိုတအ ခံစားချက်လေးကို သူမဘယ်လိုမှမမေ့ပစ်နိုင်။ သိမ်းဆည်းထားချင်တ လည်းပါသည်။ ရုတ်တရက်ဆိုသလို အတွေးထဲ၌ ဖိုကိန်းယင့်ရဲ့ချစ် တစ်ယောက်ဖြစ်ချင်လာမိသည်။

"မင်း စိတ်ကူးယဉ်နေပြီထင်တယ်"

"ရှင်!"

ရုတ်တရက်ကြီးကောက်မေးလာသော ဖိုကိန်းယင့်ရဲ့စကားကြော သူမဘာပြန်ပြောရမှန်းမသိတော့။

"ကိုယ် မင်းကိုဘယ်လိုမှမထင်ပါဘူး။ မင်းစိတ်ကို မင်းပိုင်တ ဲ။ ကြိုက်သလိုစိတ်ကူးခွင့်ရှိတယ်။ ဒါနဲ့ မင်းနာမည်"

"လှဦးမယ်ပါ"

"လှဦးမယ်, အင်း . . . လှတယ်။ ဒါပေမဲ့ မင်းဆံပင်ကော



က်တွေကို အဖြောင့်ဆွဲလိုက်ရင် ပိုလှမယ်။ ဆံပင်က ကောက်နေ ာ့ မင်းက အသက်ကြီးနေသလိုပဲ"

"ရှင်!"

"မင်းက ကိုယ်တွေ့ဖူးသမျှထက် နည်းနည်းလေးစိတ်ဝင်စားဖို့ ာင်းတယ်။ မင်းနဲ့စကားပြောရတာ မပျင်းရဘူး။ ဒါပေမဲ့ မင်းဒီဖိုင်း ဆော်ဒယ်လ်အောက်နေတယ်။ မင်းထပ်ရှိုင်းလိုက်ရင်တော့ လန်း နိုင်တယ်"

ဟုသာ ဘာမှန်းမသိညာမှန်းမသိ ပြောချင်ရာပြောပြီး သူမလက် လေးကိုထိရုံလေးကိုင်ကာ ထွက်သွားလိုက်သည်။ အဖြူရောင်မင်း လေးကို သူမမျက်စိတစ်ဆုံး ငေးနေမိလိုက်သည်။ သူမရင်ထဲကြည် နေတာလား။ ကျေနပ်နေတာလား။ သူမပြုံးနေခဲ့တာတော့အမှန်ပါပဲ။

မြင်ကွင်းထဲမှ ကားအနီလေး ပျောက်ကွယ်သွားတော့ လွယ်အိတ် ကြီးထဲမှ မှန်ဝိုင်းသေးသေးလေးကိုထုတ်ကာ ပြုံးတုံးပျာတာကြည့် မိသည်။ ပုံဆိုးပန်းဆိုးကြီးမဟုတ်ပေမယ့် သင့်တင့်သောရုပ်ရည်ရှိ သူမမျက်နှာက ဘွားခနဲ။ အခု စပ္မမဦးတည်မိတာကတော့ သူမရှေ ရှိုင်းဖို့ပဲဖြစ်တော့၏။

သို့သော် သူမ လမ်းတောက်လျှောက်မှာ အမျိုးမျိုးစဉ်းစားနေမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယောက်ျားတစ်ယောက်က ကဲ့ရဲ့ဝေဖန်သွားလို့ ပြင်ဆင်မယ်ဆိုရ
သူမရဲ့သိက္ခာက ချောင်ကြားထဲမှာပေါ့။ မထူးပါဘူး။ ကုန်ကျမယ့်ပိုက်ဆံ
ကို မှန်းဝယ်စားပစ်မယ်ဟုဆိုကာ နီးစပ်ရာ ဝက်သားတုတ်ထိုးဆိုင်
ဝင်ထိုင်ပစ်သည်။ ဝက်သားတုတ်ထိုးကို တစ်ထိုင်တည်း သုံးထောင်
လောက် စားပစ်လိုက်၏။

သူက ချိုချဉ်လေးကို အဒီပြေဝယ်စားကာ ပလက်ဖောင်းတ
လျှောက်လမ်းလျှောက်နေမိစဉ် လမ်းဘေးမှာထိုင်တောင်းနေသောလူ
တစ်ယောက်က. . .

"ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ရုပ်ရည်ချောမောတင့်တ
နိုင်ပါစေ"

ရုပ်ရည်ချောမောတင့်တယ်ဆိုတော့ မဆိုးဘူးပဲဟုတွေးကာ အ
ထောင်ထဲမှပိုက်ဆံကိုနှိုက်ပြီး ခွက်ထဲပစ်ထည့်လိုက်သည်။ ဖြစ်ချင်
သို့မနှိုက်ခဲ့သောပိုက်ဆံမှာ တစ်ထောင်တန်ရွက်ကြီးဖြစ်နေသည်။ သူမ
ထဲထည့်ပြီးကာမှ နမြောသွား၍ ခွက်ထဲမှ တစ်ထောင်တန်ကိုပြန်
ကာ နှစ်ရာတန်ကို လဲလှယ်ထည့်မိလိုက်စဉ်မှာ သူမက်ဆိုးသွား
သည်။

"ဟေ့. . . ဒါဘာလုပ်တာလဲ"



သူမဘေးမှ အင်္ကျီစုတ်စုတ်နှင့်မိန်းမကြီးက မာန်ဖီကာ ရပ်ကြည့်
သည်။

"တစ်ထောင်တန်ထည့်မိလိုက်လို့ ပြန်လဲတာ"

"ငါ့ခွက်ထဲကပိုက်ဆံကို ခိုးချင်နေတာပါ"

"အာ. . . ရှင်၊ အဲ့ဒီလိုမဟုတ်တာမပြောနဲ့။ ဒီတစ်ထောင်တန်
ကျွန်မထည့်လိုက်တာ။ နှစ်ရာတန်မှတ်ပြီး နှိုက်လိုက်တာ၊ တစ်
ထောင်တန်ဖြစ်နေလို့ ပြန်လဲတာ"

"ဒီမှာ မင်းမှာ ရုပ်ရည်လည်းရှိပါသေးတယ်။ ဝတ်ထားတာက
လည်း အကောင်းပါ။ တို့သူတောင်းစားတွေဆီက အလစ်သုတ်တာတော့
တောက်တန်းကျလွန်းတယ်"

"ဟာ. . . ဘယ်မှာ အလစ်သုတ်လို့လဲ"

"ဘာမှထပ်မပြောနဲ့။ ဒီကိစ္စအားလုံး တို့တွေမြင်တယ်"

သူမ ဘေးဘီကိုမျက်စိဝေ့ကြည့်လိုက်တော့ သူမကိုတကယ်ပဲ
သူတောင်းစားတွေက ဝိုင်းအုံထားပါပြီ။ သူမ ရှက်လည်းရှက်လာသလို
ဒေါက်လည်းတွေ့သွားရပါသည်။

"ဒါဆိုလည်း ရော့. . . ဒီတစ်ထောင်တန်ပြန်ထည့်မယ်။ နှုတ်
ပိတ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးလုပ်လို့ဘယ်ရမလဲ။ ဒါအမှုလုပ်လို့ရတယ်။ ခင်ဗျား
တရားစွဲပစ်မယ်"

အဲ့ဒါမှ ဒုက္ခ။ တရားခွင်မှာ သူမက တရားခံ၊ သူတောင်းစားအ
က တရားလို၊ ဒါဆို ဘာဘရဲ့သိက္ခာ၊ သူမရဲ့လွတ်လပ်ခွင့်ကြီးက ထာ
ဆုံးရှုံးသွားလိမ့်မည်။ မဖြစ်ဘူး။ မဖြစ်ဘူး။ ဒီလိုမျိုးတော့ အဖြစ်မခံနိ

ကြံစမ်း. . . လှုဦးမယ်။ ကြံစမ်း။ သို့သော် သူမဆုံးဖြတ်မိလို
သည်က အရဲစွန့်ဖို့ပဲဖြစ်လာတော့သည်။

"အစ်ကို"

သူမက လမ်းမပေါ်မှာ တစ်ယောက်ယောက်ကိုတွေ့ပုံမျိုး
အထိတ်တလန့်အော်ပစ်လိုက်စဉ် သူမအော်ရာဘက်ဆီသို့ သူတေ
စားအဖွဲ့အာရုံရောက်သွားခိုက်၊ သူမက ရှေ့မှာပိတ်နေသူများကို
ဖယ်ကာ အားကုန်ပြေးပစ်တော့သည်။

ဒေါက်ဖိနပ်ချွန်ချွန်ကြောင့် ခရီးမတွင်ကျယ်လှ၍ ဖိနပ်
လမ်းမပေါ် ဖြစ်သလိုချွတ်ထားပစ်ခဲ့ပါသည်။ အနောက်ကိုလှည့်
တော့လည်း သူတောင်းစားအဖွဲ့က မလျော့သောဇွဲနဲ့ သူမနော
လိုက်ဆဲ။

ဒီပုံစံအတိုင်းသာ ဆက်ပြေးနေရင် သူမဒုက္ခရောက်တော့



ဆိုတာ ကျိန်းသေနေပါပြီ၊ ဒါကြောင့် သူမလွတ်လမ်းကို အပြေးအလွှား
စဉ်းစားမိလိုက်သည်။ ကံကောင်းချင်တော့ မှတ်ဉာဏ်ထဲမှာရှိတဲ့ ကား
အဝါရောင်လေးက စက်နှိုးထားတာနှင့် ကြုံသွားသည်။ သူမဘာမှရှည်
ရှည်ဝေးဝေး ထပ်စဉ်းစားမနေတော့ဘဲ ကားထဲကိုသာ တံခါးဖွင့်ပြီးခုန်
ထိုင်ပစ်လိုက်တော့သည်။

ထိုလူမှာ ကားမောင်းမထွက်နိုင်တော့ဘဲ သူမကိုသာ ကြောင်
အမ်းပြီး ကြည့်နေတော့သည်။

"မောင်းပါမောင်း၊ မြန်မြန်။ သူတို့မီလာရင် ငါသေမယ်၊ မောင်း"

ထိုအခါကျမှ ယောင်နနနှင့်မောင်းထွက်ပစ်လိုက်၏။ သူတောင်း
စားအဖွဲ့မှာ မချိတင်ကဲ မကျေမနပ်ကျန်ရစ်ခဲ့ကြတော့သည်။

"ဟူး. . . မောလိုက်တာ"

တော်တော်ကြီးလှမ်းသွားမှ သူမ သက်ပြင်းကို ရဲရဲချနိုင်တော့
သည်။ သူမသက်ပြင်းချလိုက်ကာမှ ထိုလူကပြုံးစိစိနှင့် သူမကိုကြည့်
သကာ. . .

"မင်းက အပြေးချန်ပီယံပဲ၊ လာမယ့်အိုလံပစ်မှာ မင်းပြိုင်ရင်
သမက မလွဲဘူး"

သူ့ရဲ့ကြည်စင်တဲ့မျက်နှာလေးကလည်း သူမရဲ့ဒေါသကိုမအေး

www.burmeseclassic.com

www.burmeseclassic.com



မြနိုင်တော့။

"ကျေးဇူးပဲ။ ဟောဟဲ့. . . မောလိုက်တာ"

"မင်းအမျိုးတွေမဟုတ်တာ သေချာရင်တော့ မင်းက ပြဿန ကောင်ပဲဖြစ်လိမ့်မယ်"

"အမြဲတမ်းတော့ မဟုတ်ပါဘူး။ တစ်ခါတစ်ရံပါ"

"ကိုယ်နဲ့ဆုံတဲ့နှစ်ကြိမ်လုံး ဒီပုံချည်းပဲဆိုတော့ ကိုယ်ဒီလိုပြော မကြံမိဘူးထင်တယ်"

"ရှင်မှတ်မိတယ်"

"ကိုယ့်ရဲ့ memory က အလတ်ကြီးရှိပါသေးတယ်။ ကဲ အခု မင်းကို ဖိနပ်ဆိုင်မှာပဲပို့ရမှာလား"

"ဟိုတစ်ယောက်နဲ့စာရင်တော့ ရှင်ကမဆိုးသေးဘူးလို့ပြောရ ပဲ"

"ဟိုတစ်ယောက်"

"ဩော်. . . အင်း, ဘာမှမဟုတ်တော့ပါဘူး။ ရှောတယ်။ ဒါ"

သူမ ဘာမှမတောင်းဆိုရသေးခင် အလိုက်သိသောသူက သန့်ဘူးလေး လှမ်းပေးလာသည်။



"ကျေးဇူးပဲ"

"ကိုယ်က အဲ့လိုမျိုးစကားတွေကို သိပ်မကြိုက်ဘူး။ ကိုယ့်နာမည် နောင်ပါ"

"ကျွန်မက လှဦးမယ်"

"အင်း, ဒီခေတ်မှာ ဒီနာမည်မျိုးက ရှားသွားပြီ။ မင်းက ကိုယ် ဆွေ့ဖူးသမျှထဲမှာ တော်တော်ထူးခြားတယ်။ မင်းကိုသိပ်နားမလည်ဘူး။ စိတ်ဝင်စားဖို့ကောင်းတယ်။ ကိုယ်တကယ်ပဲ မင်းကိုစိတ်ဝင်စားတယ်။ ဒါ ကိုယ့်ဘဝမှာ ပထမဆုံးစကားပဲ"

"ရှင်က ဘဝင်ပဲနော်"

"ဟင်, ဟား. . . ဟား. . . မင်းက တကယ်ရှင်းတယ်။ အဲ့ဒီလို ပွင့်လင်းတာကို တချို့က မကြိုက်ပေမယ့် ကိုယ်ကတော့ သဘောကျသွား ပြီ။ မင်း, ကိုယ်နဲ့နေ့လယ်စာ လိုက်စားပါလား။ ဒါလည်း ပထမဆုံး အကြိမ်ပြောဖူးတာပါ"

"ရှင်, ရှင်းရမှာနော်"

"ဟား. . . ဟား. . . ဟား"

တကယ်ပဲ ရှိဒီးနောင်ရဲ့မျက်နှာက ကြည်စင်နူးညံ့နေပါသည်။ သူမပင်လျှင် တစ်ချက်တစ်ချက်မှာ ငေးခနဲဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း ,မိန်းမထဲကမိန်းမတစ်ယောက်ပဲဖို့ ရှိဒီးနောင် ပထမဆုံးဆိုသောဖွင့်ဟချက်များမှာ မူးမောချင်လာမိသည်။ ဒါကလည်း ထူးဆန်းမှုပဲလား။

သေချာနေတာကတော့ ရှိဒီးနောင်နဲ့သူမ ဒီနေ့တော့ အတူ နေကြပြီး တစ်ယောက်နဲ့တစ်ယောက် သိပ်ခင်သွားကြတာပဲဖြစ်သည် သူမက ရှိဒီးနောင်ကို အောတုရှိန်တို့ခေါ်သလို ဒီးနာဟု ခေါ်မိလို သည်။ ဒါကလည်း သူတို့သုံးယောက်ကလွဲရင် သူမက ပထမဆုံး တဲ့လေ။

သူမ,မပျော်ပဲရှိပါ့မလား။

♬ ❡ ♬

## အခန်း ( ၈ )

ကားထဲမှ ကောက်ရထားသောပိုက်ဆံအိတ်ကို ကိုင်ကြည့်နေရင်း သူ့စိတ်ထဲမှာ ဖဝေဖဝါဖြစ်နေမိသည်။ ပြန်လိုက်ပေးရကောင်းနိုး သိမ်းထားရကောင်းနိုး။ ထိုစဉ် ရှိဒီးနောင်က သူ့အခန်းထဲဝင်လာကာ. . .

"အိတ်ကတော့ အကောင်းစားထဲကဖြစ်မယ်ထင်တယ်။ ဘယ် ညာပျိုးဆိုကွာလဲ"

"S.P မ တစ်ယောက်ရဲ့ဟာ"

"ဘာလုပ်နေတာလဲ။ မင်းရဲ့ပုံမှန်စိတ်အရဆိုရင် လွှင့်ပစ်ပြီးတာ ကြာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆံတွေပါတယ်"

"ဒါဆိုပြန်ပေးလိုက်ပေါ့။ ဦးနောက်စားနေသေးတယ်"

"ငါက သူ့ကိုမှမသိတာ"

"ဒါနဲ့များ မင်းဆီဘယ်လိုရောက်နေတာလဲ"

"အဲ့ဒီနေ့က သူ့အဆင်မှပြေပါ့မလားမသိဘူး။ ငါနည်းနည်းတော လွှန်သွားတယ်၊ နောက်တစ်ကြိမ်သွားပြန်ကြည့်တော့လည်း သူ့မရှိတော့ ဘူး"

"အောတု, မင်းဘယ်လိုဖြစ်နေတာလဲ"

"ဘယ်လိုဖြစ်နေလို့လဲ"

"သူမသိပေမယ့်၊ ငါသိနေတယ်"

ဟုဆိုကာ ဇိုကိန်းယင့်ပါ ဝင်လာပါသည်။

"မင်း, အဲ့ဒီကောင်မလေးကိုစိတ်ဝင်စားနေပြီ အောတု"

"မဟုတ်ဘူး။ စွာဝေးလန်၊ ဂျစ်ပစီ၊ လုံးဝ, ယော့ကောင်၊ လုံး ပဲ"

"ဒါပေမဲ့ ဒီမိန်းကလေးနဲ့ပတ်သက်ပြီး မင်းမှုပြောင်းလာတာတေ ငါလုံးဝလက်ခံတယ်အောတု။ မင်းမငြင်းနဲ့"

"ငါ့စိတ်တိုလာပြီကွာ"



"လူမိသွားပြီလေ"

"ဒီးနာ"

"သူများကိုမပြောနဲ့ ဒီးနာ။ မင်း အခုတလော ဘယ်လွှင့်နေတာ ပဲ၊ မင်းလည်းထူးခြားနေတယ်"

"ငါကတော့ ပွင့်ပွင့်လင်းလင်းပဲ၊ မိန်းကလေးတစ်ယောက်နဲ့ ချောက်လည်နေတယ်"

"လန်းလား"

"အဲ့ဒါ ငါမသိဘူး၊ သူနဲ့နေရတာ ပျော်ဖို့ကောင်းတယ်၊ ခံစားချက် တစ်မျိုးကွ။ ရိုးတယ်၊ ရှင်းတယ်"

"မင်းလည်း မိန်းကလေးတစ်ယောက်ကိုရှိကျူးတော်လာပြီ၊ တိုး ဘက်လာတဲ့သဘောပေါ့"

"ငါတို့ကိုသာပြောနေတာ၊ မင်းကရော အခုတလော Piano ဆီးနေရင် မျက်နှာက ယင်ချော်လဲ"

"ငါလည်း မင်းတို့လိုပေါ့"

"ဒါဆိုရင် Audience Park က သံစဉ်တွေ ဆန်းသစ်ဦးမှာ သဘောပေါ့"

"ငါတို့တွေ အဲ့ဒီလိုနေမယ့်အစား ရှိုးပွဲအတွက် လုံးဝန်းရင် ပို

www.burmeseclassic.com



အဆင်ပြေမယ်။ ပထမဆုံး မဟုတ်တဟုတ် ခြေလှမ်းပေါ့ကွာ''

"ငါလည်း အဲ့ဒါပြောမလို့ပဲ''

"သတင်းထောက်တွေက စုံစမ်းနေတယ်''

"ကြေညာလိုက်ပေါ့၊ အရှိန်ကောင်းတာပေါ့''

"အိုကေ။ ဒါဆို ငါတို့စလိုက်ရအောင်''

ဟု အောတုရှိန်က ဆောသြလိုက်တော့ သုံးယောက်လုံးထရပ်ပြီး ဖြစ်နေပါပြီ။

"ပြီးတော့ မင်းတို့ကို ငါတစ်ခုပြောစရာရှိတယ်''

"ဘာလဲ''

"အခုချိန်ထိ သူ, မန္တလေးမှာရှိနေသေးတယ်''

"ဒါဆို ငါတို့ကိုဘာကြောင့်မတွေ့သလဲ''

"မင်းဘယ်လိုသိလဲ အောတု''

"ငါထင်ရင် ဘယ်တုန်းက လွဲနေလို့လဲ''

"ဟိုနေ့က ငါတို့ဆီလာနေပြီလို့ဖုန်းဝင်ပြီး မလာတာ ဘာသဘော လဲ''

"တစ်နေ့နေ့တွေ့မှာပဲ၊ တွေ့တော့မေးတာပေါ့''

"အမှန်တော့ ပြောမှာပါနော်''



"သေချာတာက သူ မလိမ်တတ်ဘူး''

အမျိုးမျိုးထင်မြင်ယူဆပြီး ပခုံးကိုသိုင်းဖက်လိုက်ကြသည်။ ဒီ ...မှ သူတို့သုံးယောက်က တစ်သားတည်းဖြစ်သွားကာ သီချင်းတွေ ...စိတ်ကြိုက်ဖန်တီးပါတော့မည်။

♫ ¶ ♫

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉ )

"နေညို့ရီ၊ ရှင်အိပ်နေပြီလား"

"ဝင်လာလေ။ ပျင်းနေတာနဲ့အတော်ပဲ"

အဆင်သင့်ဖြစ်သွား၍ သူမအံ့ဩသွားပါသည်။ အခန်းထဲရောက် ...ခုတင်ပေါ်မှာကျကျနနထိုင်ပြီး တစ်ခုခုကိုအကြီးအကျယ်စဉ်းစား ...တဲ့နေညို့ရီကိုတွေ့လိုက်ရသည်။

"သိပ်ထူးဆန်းနေပါလား"

"မြိုင်ပွဲမှာ ရှင်ရှုံးသွားတော့ ရှင်ပြန်ရတော့မှာပေါ့နော်"

"ဟင့်အင်း၊ ဘာဘာက ကတိတည်တဲ့လူပါ။ ဒါပေမဲ့လည်း သိပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာဘရဲ့စိတ်ကိုမသိဘူး''

''ရှင့်ဘာဘကိုမမြင်ဖူးခင်ကတော့ တော်တော်ဆိုးမယ်ထင်ထား
တာ။ ဒီလိုလေးဆိုတော့လည်း ရှင့်ဘာဘက ပျော်စရာလေးနော်''

''အင်း. . . ဘာဘက အသက်ကြီးပေမယ့် ခေတ်မီတယ်''

''နေပါဦး။ ရှင်တို့ရဲ့ဇာတိက ဘယ်ကလဲ''

''မြန်မာနိုင်ငံသားလေ''

''မြတ်စွာဘုရား''

''ငယ်ငယ်ကတည်းက တစ်မြို့မှာ တစ်နှစ်ထက်ပိုမနေတာ ဘာ
ရဲ့စတိုင်လ်ပဲ။ အဲ့ဒါတောင် ငါ့ရဲ့ပညာရေးကြောင့် တစ်နှစ်ပြည့်အော
နေတာလို့ထင်တယ်။ ဘာဘက နည်းနည်းအလုပ်များတယ်လေ''

''ဘာဘက ရှင့်ကိုတော့ အတော်ချစ်ပုံရတယ်နော်''

''အင်း, ငါတို့က တစ်ယောက်တည်းရှိနေကြတဲ့ဆွေမျိုးတွေ
အမှန်တကယ်တော့ ဘာဘက ငါ့ရဲ့ကျေးဇူးရှင်ပါ။ ငါ့ဖေဖေရဲ့အသု
သာ ဘာဘမရှိခဲ့ရင် ငါ အခုချိန် ဘယ်ကိုရောက်နေပြီလဲမသိဘူး။ ငါ
လည်း အမြဲအတူနေရတဲ့ဘာဘကိုချစ်တယ်။ ဒါကြောင့် ငါ့ကိုချစ်ရ
တာလည်း ချစ်ချယ်တယ်လို့မသိတော့ဘူး။ ရှင်က ငါ့ရဲ့ပထမဆုံးသူ
ချင်းပဲ''



''တကယ်. . . အဟုတ်''

''တကယ်, ငါက ဘယ်သူနဲ့မှခင်ခင်မင်မင်ပေါင်းတာ ဘာဘက
ကြိုက်ဘူး။ ငါကခင်မိရင် အဲ့ဒီမြို့ကနေ ချက်ချင်းဆုတ်ခွာပစ်တယ်။
အဲ့ဒါကြောင့် နောက်တော့ ငါ ဘယ်သူ့ကိုမှ အခြားသူတွေကိုစကားမပြော
တော့ဘူး''

''အဲ့ဒါဆို ရှင်ပျင်းရင် ဘာလုပ်နေသလဲ''

''ဘာဘက အဖော်ပေါ့။ ကျွားထိုးတယ်, တယောထိုးတယ်, ပန်းချီ
ဆွဲတယ်, ကဗျာရေးတယ်။ နောက်ဆို အလုပ်တစ်ခုတောင် တိုးလာပြီ
Piano တီးမယ်''

''ရှင် အဲ့ဒါတွေကိုဘယ်မှာသင်သလဲ''

''ဆရာက ဝေးဝေးရှာစရာမလိုဘူး. . . ဘာဘပဲ''

''ဘုရားရေ။ ဘာဘက ဒါတွေလည်းတတ်တယ်''

''ဘာဘအကြောင်းပြောရင် စိတ်ဝင်စားသလား''

''အင်း. . . ထူးဆန်းလို့''

''ငါ့ရဲ့အဘိုးအဘွားတွေက သိပ်ချမ်းသာတော့ သားနှစ်ယော
ကို ပညာရေးပဲလိုက်စားစေတာတဲ့။ ဒါပေမဲ့ ငါ့ဖေဖေက ကြီးလာ
ကန်ကန်လှုဆိုးလေးဖြစ်လာတယ်။ သူတို့သဘောမတူ

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်လိုက်တော့ သူတို့တွေက စွန့်ပစ်ထားတာပေါ့။ ဘဘကတော့ လိမ္မာတဲ့လူဆိုတော့ အရွယ်ရောက်လာတော့ ဆရာဝန်ကြီးဖြစ်လာတာ ပေါ့။ အဲ့ဒါ သူ့ရဲ့ထွက်ပေါက်တဲ့။ ဘဘက သိပ်အကြံအစည်ကြီးတာ ဆရာဝန်ဖြစ်ရင် နယ်တကာလှည့်လို့ရပြီဆိုတဲ့အကြံအစည်နဲ့လေ။ အမှ တကယ်တော့ ဘဘကဆရာဝန်လုပ်ချင်ခဲ့တာမဟုတ်ဘူး။ သူဖြစ်ချင် တာ လွတ်လပ်တဲ့အဆိုတော်ဘဝတဲ့။ သူငယ်ချင်းတွေနဲ့ အဖွဲ့လိုက် တီးဝိုင်းထောင်ပြီး လှုပ်ရှားချင်ခဲ့တာတဲ့။ ဒါကြောင့် ဘဘက မြူဇ သိပ်မဝေးဘူး"

"ရှင့်ကို သီချင်းဆိုနိုင်းမလို့တဲ့လား"

"ဟင့်အင်း၊ ဟုတ်မယ်မထင်ဘူး။ လူတွေနဲ့ရောရောနှော နေတာမကြိုက်မှတော့ အဆိုတော်ဘဝကိုဆင်းရဖို့ဝေးသေး။ ငါလည် ဝါသနာမရှိဘူး။ အပျင်းပြေလောက်ပဲ"

"ဟော့! ရှင့်ကိုပြောဦးမယ်။ Audience Park အဖွဲ့ရဲ့ ရှိုး ကိုကြေညာလိုက်ပြီ"

"ဘယ်တော့လဲ"

"နောက်လ (၁၇) ရက်နေ့"

"ဒီနေ့ လကုန်ပြီဆိုတော့ အချိန်သိပ်မလိုတော့ဘူးပဲ"



"Main ထဲမှာ တကယ်ပဲ အုတ်အုတ်ကျက်ကျက်ဖြစ်နေတယ်"

"သူတို့အဖွဲ့က အဲ့ဒီလောက်ကြီးပဲ နာမည်ကြီးသလား"

"ရှင်ထင်ထားတာထက် ပိုနာမည်ကြီးတယ်။ ငါတို့မိန်းကလေး တွေက အရှိန်ရှိပြီး သိပ်ချောတဲ့သူတို့ကိုငမ်းတယ်။ ယောကျ်ားလေး တွေက သူတို့ရဲ့အနုပညာနဲ့စတိုင်လ်တွေကိုငမ်းတယ်"

"ရိုဒီးနောင်နဲ့ ဇိုကိန်းယင့်က ချောတယ်ဆိုတာကို ငါတော့ လက် ခံပါတယ်။ ရိုဒီးနောင်ရဲ့မျက်နှာက ကြည်တယ်။ ဇိုကိန်းယင့်ရဲ့အပြုံးက ဆွဲဆောင်မှုရှိတယ်။ ဒါပေမဲ့ အောဇာရှိန်ကိုတော့ ကြည့်မရပေါင်။ ဆံပင် က လိမ်ကောက်ကောက်နဲ့ မျက်နှာက တစ်လောကလုံး သူလုပ်ကျွေး နေရသလို"

"အဲ့ဒါပဲ။ အဲ့ဒါကိုသဘောကျကြတာ။ သူတို့သုံးယောက်ထဲမှာ တောင် ယောကျ်ားလေးတွေပိုကြိုက်တာ အောဇာရှိန်ပဲ။ ရှင်ကတော့ သူငယ်ချင်းမရှိ၊ Main ထဲမသွားတော့ မသိဘူး။ မနေ့ကလေ အဲ့ဒီရှိုး ပွဲကြော်ငြာလည်းကပ်လိုက်ရော လူငယ်တွေ လှုပ်ရှလှုပ်ရှဖြစ်လာလို့ Rapper တွေက ကြည့်မရတော့ဘူးထင်ပါရဲ့။

"ရှင်က Hip Hop လား၊ Punk လား"

"Audience Park ကိုကြိုက်မှတော့ Punk ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူမက ဒီလိုမျိုးလူငယ်ဆန်ဆန်စကားသံတွေမကြားမူး၍ သဘောကျပြီး အားပါးတရရယ်မောမိလိုက်ပါသည်။

♬ ❡ ♬

## အခန်း ( ၁၀ )

"ငါ့သမီးက မငယ်တော့ဘူး။ ငါလည်း အသက်ကြီးလာပြီဆိုတော့ အိမ်ထောင်ချဖို့စီစဉ်တော့မယ်"

ဟူသော စစနောက်နောက်နှင့် အတည်ကြီးပြောလာသောဘဘရဲ့ စကားလုံးတွေက သူမကိုသွေးပျက်ချောက်ချားစေခဲ့ပါသည်။ ဒီလိုပြောသွားတာကမှ ရက်အနည်းငယ်ပဲရှိသေးတယ်။ အခုတော့ သူမထံ တင့်အယ်သောဝတ်စုံတစ်စုံကိုပို့လိုက်ပြီး မနက်ဖြန် (၁၀း၀၀)ကိုအဆင်သင့်ဖြစ်ထားလို့ပြောတာက ဘာတဲ့လဲ။ သူမစိတ်ထဲ တွေးမိတွေးရာတွေးမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



“အား. . .”

သူမရင်တွေ ပူလာပါပြီ။ ဘဘက သူမကို ကြက်ကလေး၊ ငှ
ကလေးလိုသဘောထားတာလား။ ဘဘကိုမျက်နှာချင်းဆိုင်တွေ့ပြီး ေ
ပစ်ချင်သည်။ လူဦးမယ်က ဘဘရဲ့ခြံတွေထဲက အသီးအနှံမဟုတ်
လို့။

သို့ပေမဲ့. . . ဖမ်းရခက်သောဘဘကို သူမက တစ်မြို့လုံးကြ
အောင် လော်စပီကာနှင့် လှည့်အော်မှပဲ တွေ့နိုင်ပေမည်။ ဘဘ
မကျေနပ်၍ ကလန်ကဆန်လေးလုပ်ချင်မိသည်။ စိတ်ကိုထိန်း
ဒါကြောင့်ပင် ဒီနေ့တော့ (၈း၀၀)အချိန်မှာပဲ အိမ်ကစထွက်ပြီး ဘဘ
ပညာပေးဖို့ဆုံးဖြတ်လိုက်တော့သည်။

ဆုံးဖြတ်ချက်ကြောင့် ဂျင်းရှော့ပင်န်တိုလေးနှင့် သူမက ရှ
အိတ်သေးသေးလေးကိုကောက်လွယ်ကာ နိုးကြောင်ခိုးဝှက်နှင့်ထွက်
ကြဲတော့. . .

“မမလေး ဘာကိစ္စရှိလို့ပါလဲ”

ရုတ်တရက်ပေါ်လာတဲ့အသံဟိန်းကြီးကြောင့် သူမဇက်က
ပုဝင်သွားသည်။

သို့သော် ခပ်တည်တည်နှင့်ကျွန်ုပ်ပြန်ဆည်ကာ. . .



“တို့မှာကိစ္စလေးရှိတယ်။ အပြင်မှာ တစ်နာရီလောက်ကြာပြီးမှ
ပြန်ရောက်မယ်”

ဟု ပြောင်းပင်လိမ်ချလိုက်တော့သည်။

“ဆရာက မမလေးအပြင်မထွက်သွားစေနဲ့လို့ မှာထားပါတယ်”

“တို့ တစ်နာရီပဲလို့ပြောနေပြီ”

“မမလေးရဲ့ကိစ္စက အရေးကြီးနေတယ်ဆိုရင် ကျွန်တော် အား
ံအဆင်ပြေအောင် ဆောင်ရွက်ပေးပါ့မယ်။ ကျွန်တော်က ဆရာ့စကား
ို တစ်သွေမတိမ်းလိုက်နာရမှာမို့ပါ”

“တို့အပြင်မှာ တစ်နာရီပဲကြာမှာနော်”

“ဒီနေ့ကိစ္စက အရေးကြီးမယ်ထင်တယ်”

“တို့အပြင်သွားပြီး ပြန်လာခဲ့မယ်”

“ဆရာက (၁၀း၀၀)ဆို ကားလွှတ်ခဲ့တော့မှာမို့ မမလေး ခုချိန်
စပြီး ပြင်ဆင်သင့်ပြီ”

“တို့အပြင်သွားဦးမယ်”

“မမလေးကိုရိုသေပေမယ့် ကျွန်တော်တားရပါမယ်”

“ခဏလေးပဲ”

ပြောပြီးကာမှ သူမပို၍သွေ့သောပေါက်လာ၍ မျက်နှာငယ်လေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်လှည့်လာသည်။ သစ္စာရှိလှတဲ့ထိုလူရဲ့မျက်နှာကြောင့် သူမ ဘယ်ကိုမှသွားခွင့်မရှိဘူးဆိုတာ သက်သေခံနေသလို။ သူမမှာ စိတ်မသက်မသာနှင့် သည်းခံလိုက်ရတော့သည်။

မျက်စိရှေ့မှ မိတ်ကပ်ရောင်လက်ထနေသော ဂါဝန်လှလှက သူမကိုသရော်နေတာလားမသိ၊ လှချင်တိုင်းလှနေသည်။ ကြွေရောင်ထနေသောဒေါက်ချွန်ချွန်ကလည်း စိန်ခေါ်နေသလိုတောက်ပနေပါ၏။ သူမ ထိုဂါဝန်နှင့် ထိုဒေါက်ချွန်ချွန်ကိုလွှင့်ပစ်ချင်မိပေမယ့် ဘာဘရဲ့အရှိန်ကြောင့် မသက်မသာနှင့်သည်းခံနေရသည်။

သူမ ရှုအောင့်အောင့်နှင့် ခုတင်ပေါ် ငုတ်တုတ်ကြီးထိုင်နေမိစဉ် တံခါးခေါက်သံကြောင့် . . .

"လော့ခ် ချမထားဘူး"

ထိုအသံဆုံးသည်နှင့် တစ်ခါမှမမြင်ဖူးလေသော အမျိုးသမီးနှစ်ယောက်က ဝင်ချလာသည်။

"ဟင်! ရှင်တို့ဘယ်သူတွေလဲ။ အိမ်ရှင်အန်တီ မရှိဘူး၊ ခရီးထွက်နေတယ်"

"ကျွန်မတို့ကို ဦးလှထွန်းအောင်က လွှတ်လိုက်တာပါ။ မမလေးအတွက် မိတ်ကပ်ပြင်ပေးဖို့ပါပဲ"



"ဘာကြောင့်ပြင်ရမှာလဲ၊ မပြင်ဘူး"

သူမငြင်းဆိုလိုက်ပေမယ့် အချည်းနှီးပင်။ ထိုအမျိုးသမီးနှစ်ယောက်ကလည်း ဖွတ်ကြီးပင် အလှအပပြင်ဆင်မှုကို ဘာမှထပ်ပြီးမေးမြန်းပြောဆိုခြင်းမပြုတော့ပါဘဲ တစ်ခုချင်းဖန်တီးပါတော့သည်။ အချိန်တိုတိုလေးအတွင်းမှာပဲ တောက်ပကာ လှပနေသည့်နတ်သမီးလေးတစ်ပါးပုံဖြစ်သွားပုံမှာ သူမကိုယ်သူမပင်မယုံနိုင်တော့။

"သိပ်လှတာပဲ၊ သူဌေးက မျက်စိပေါက်တယ်သိလား။ ဒီဂါဝန်ပုံစံက ဒီကညီမလိုရုပ်ချော်ကြည့်ကြည့်လေးနဲ့မှ ပိုလို့လိုက်တာ"

ချီးကျူးပြောဆိုနေကြတာကိုလည်း သူမက လိုတာထက်ပိုပြီးစိတ်မဝင်စား။ သူမအားထုတ်နေတာက လစ်ရင်လစ်တာနဲ့အပြင်ထွက်ဖို့ပါပဲ။

သူမအမျိုးမျိုးစိတ်ကူးထဲကြံစည်နေစဉ်မှာပဲ သူမတို့အိမ်ရှေ့မှာ PRADO တစ်စီးထိုးဆိုက်လာသည်။ ထိုကားကိုမြင်လိုက်သည်နှင့် သူမမျက်လွှာလေးချကာ ငြိမ်သက်သွားတော့၏။

သူမအဖြစ်က ဆိုးလှပါသည်။ ထိုကားကြီးက သူမကို ဘယ်လိုခေါ်ဆောင်နေသည်မသိ။ သူမ ဒီလိုကြီး ဝတ်စားပြင်ဆင်ထားရတာက ဘယ်လိုနေရာမျိုးကိုသွားရမှန်းမသိ။ ဘုမသိဘမသိနှင့်ပင်။ ဒါ ဘာဘရဲ့အမိုက်ပဲဆိုပေမယ့် ဘာကြောင့်မှန်းမသိ၊ ဒီတစ်ခါတော့ သူမလုံးဝဆန့်

www.burmeseclassic.com

www.burmeseclassic.com

ကျင်ချင်နေမိသည်။

"အား. . . ဗိုက်နာတယ်"

"ဟင်! မမလေး ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ။ ဗိုက်နာပါတယ်ဆိုမှ. ကားကိုမြန်မြန်ရပ်"

"မဖြစ်ဘူး။ ဆရာက မမလေးကို (၁၀း၀၀) အရောက်ခေါ်ခဲ့ဖို့ မှာထားတာ"

"ထွက်ကျရင် ရှင်တို့သိမ်းမှာလား။ အားနာတယ်၊ မြန်မြန်"

သူမက ကျိတ်မနိုင်ခဲမရပုံနှင့် အမုန်အကာန်ကြီးအော်ချပစ်တော ဒရိုင်ဘာမှာ ကြောက်ကြောက်လန့်လန့်နှင့်ထိုးရပ်ပစ်တော့သည်။

သူမလုပ်ရပ်က ဘာဘလူတွေ တော်တော်အကြပ်ရိုက်သွားပြီထင် ရဲ့။ ဆုံးဖြတ်ရခက်သောမျက်နှာနီကြီးတွေနှင့်။ သို့သော် သရုပ်ဆောင်း ပြင်လွန်းတဲ့သူမကြောင့် ထိုလူတွေအရှုံးပေးလိုက်ရပါတော့သည်။

သူမကလည်း အခွင့်အရေးကို အမိအရအသုံးချကာ အမျိုးသမီ သန့်စင်ခန်းသွားဟန် မယောင်မလည်ပြုပြီးမှ လှစ်ခနဲဆိုသလို ခြေဦးတည် ရာထွက်ပြေးခဲ့တော့၏။ သူမဒီပုံစံအတိုင်းသာ ဆက်ပြေးနေရင် ပေါ်ပေ ထင်ထင်ကြီးမို့ အလွယ်တကူပြန်မိသွားမှာသေချာလှသည်။

ဒါကြောင့် သူမက အကူအညီရရှိရေး ကားတွေရပ်နားထား



အက် ပြေးဝင်ခဲ့မိသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မှတ်ဉာဏ်ထဲမှာရှိနေတဲ့ ကားအနက်တစ်စီးက သူမကိုရဲရဲဝံ့ဝံ့စိန်ခေါ်နေခဲ့ပါသည်။

ရင်းနှီးဖူးပြီးသားကားမို့ သူမဘာမှထပ်စဉ်းစားမနေတော့ဘဲ ကား ဆီသို့သာ တည့်တည့်ကြီးပြေးလာခဲ့သည်။ ကားတံခါးကိုလက်ကလေး နှင့်အသာဖွင့်လိုက်တော့ မထင်မှတ်ပါဘဲပွင့်သွားသည်။

"အောတုရှိန်က ပေါ့ပေါ့တန်တန် လူတစ်ယောက်ပဲ။ ဟဲ. . . ဟဲ။ သူက သတိမရှိတော့လည်း ငါက အဆင်ပြေသွားတာပေါ့။ သူ့ကားက မိတော့ရှိသား။ အိပ်ချင်တာနဲ့အတော်ပဲ"

ဟုကျေကျေနပ်နပ်ကြီးပြောကာ ကားတံခါးကိုဖွင့်ဝင်ပြီး နောက် ခန်းထဲမှ ကုရှင်ပေါ်လှဲချလိုက်တော့သည်။ သိပ်အချိန်မကြာပါ။ ကားပိုင် ရှင်က ရောက်လာခဲ့ပါပြီ။ ဒီလိုကျတော့လည်း အောတုရှိန်က ဘယ်ဆိုး သို့လဲ။ ကားမောင်းညင်သာသားပဲ။ ဇိမ်ရှိလိုက်တာ။

"တီးတောင်. . . ဒူ. . . ဒူ"

"ပြော. . . ဒီးနား"

". . ."

"အင်း. . . ငါ အခုပဲပြန်လာပြီ။ မကြာခင်ရောက်မယ်"

". . ."

www.burmeseclassic.com

www.burmeseclassic.com



"တိန်းယင့်ရော"

"..."

"အနောက်တိုင်းဝတ်စုံ"

"..."

"အနက်"

"..."

"ကြားထဲမှာ တစ်နာရီကျန်ပါသေးတယ်ကွာ။ ငါတို့အတူဆုံပြီးမှ အတူသွားကြတာပေါ့"

"..."

"အင်း"

ဘာတွေပြောနေသည်မသိ။ စကားက ပြတ်တောင်း။ နောက်ကြည့်မှန်မှတစ်ဆင့်မြင်နေရသော အောတုရှိန်ရဲ့မျက်နှာချော‌ချောကို သူမမိန်းကာ ကြည့်နေလိုက်သည်။ အောတုရှိန်က အူမြူးနေ၍ထင်သည်။ လေလေးပင်ချွန်နေလိုက်သေးသည်။

ဒီလိုကျတော့လည်း အောတုရှိန်က ဘယ်ဆိုးလို့လဲဟု စိတ်ထဲတွေးမိလိုက်စဉ်မှာပဲ ကားက ခပ်ကြမ်းကြမ်းချိုးကွေ့လိုက်သလို ခံစားလိုက်ရသည်။



ပြီးနောက် ကားရပ်သွားပြီး အောတုရှိန် ကားပေါ်မှဆင်းသွားသည်။ ထိုအခါကျမှ သူမက ခေါင်းလေးပြူကာ ထောင်ကြည့်လာသည်။

ဟော်... ဒါ သူတို့အိမ်ပါပဲလား။ ခြံက ဘယ်ဆိုးလို့လဲ။ လှသားပဲ။ သူမကားထဲမှနေပြီး ပတ်ဝန်းကျင်ကိုကြည့်ရှုနေမိသည်။ ကြာလာတော့ ကားထဲမှာနေရတာ သူမအညောင်းမိလာသည်။

အောတုရှိန်က ဘာတွေလုပ်နေသည်မသိ။ အချိန်အကြာကြီး ထွက်မလာသေးပါ။ သူမသိပ်စိတ်မရှည်ချင်လာတော့။ ဘဘရဲ့စက်ကွင်းက လွတ်ရင်ပြီးရောဆိုပြီးပြေးခဲ့ရာမှ ကားထဲငရဲကျခံနေရသလို။ သူမ ညောင်းညာသည့်ဒဏ်ကိုမခံနိုင်တော့၍ ဖြစ်ချင်ရာဖြစ်ဆိုပြီး ကားတံခါးကိုဖွတ်မိုတ်ဖွင့်ဆင်းလိုက်ချိန်မှာ သူမကံဆိုးသွားတော့သည်။

"ဝုန်း... ဝုန်း... ဝုန်း"

အယ်လ်ဖေးရှင်းခွေးကြီးနှစ်ကောင်က သူမကိုမာန်ဖီနေပါတော့သည်။ သူမကြောက်ကြောက်လန့်လန့်ပင် တံခါးကို ရုတ်တရက်ဝုန်းခနဲ ပြန်ဆွဲပိတ်ကာ...

"အား... အမယ်လေး ကယ်ကြပါဦး"

"ဝုန်း... ဝုန်း... ဝုန်း"

"ကြောက်တယ်။ အမယ်လေး... လုပ်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တစ်ခုလုံး သူမအသံက သောသောညံ့သွားတော့သည်။ သူမမျက်စိမှိတ်ကာ ကျုံးအော်နေမိခြင်းပါ။ အိမ်ထဲမှ အလျှိုလျှို ထွက်လာကြသောဖိနပ်သံကိုကြားရမှ သူမက အားတက်သရော မျက်လုံးကိုဖွင့်ကြည့်လိုက်စဉ်မှာ သူမကို အံ့အားသင့် မှင်တက်ကာ ငေးနေကြသော လူချောသုံးယောက်ကို ဘွားခနဲတွေ့လိုက်ရသည်။

တစ်ယောက်က အနက်ရောင်ဝတ်စုံပေါ် နီညိုရောင်နက်ခ်တိုင်နှင့် တင့်တယ်နေသလို၊ နောက်တစ်ယောက်ကလည်း အုန်းခွံရောင်ဝတ်စုံပေါ်မှာ အဝါနုတ်စင်းလေးတွေပါသော နက်ခ်တိုင်နှင့်လိုက်ဖက်နေပြီး ကျန်တစ်ယောက်ကလည်း အဖြူရောင်ဝတ်စုံပေါ်မှာ အပြာရောင်လွင်လွင်တို့ ရောယှက်ထားသောနက်ခ်တိုင်နှင့် စမတ်ကျကြည့်ကောင်းနေကြသည်။ သူမက ထိုသုံးယောက်ကို တဒင်္ဂမျှငေးကြည့်သွားမိပြီးမှ ချက်ချင်းရှုတ်သိမ်းလိုက်ကာ. . .

"လူတစ်ယောက်ကိုခွေးဆွဲရင် လျှော်ကြေးက ဘယ်လောက်ထိကြီးတယ်ဆိုတာ ရှင်တို့သိပါတယ်နော်"

မေတ္တာမဲ့ချင်စရာစကားအဆုံးမှာတော့ အောတဲ့ရှိန်ရဲ့မျက်လုံးတွေ သိသိသာသာအရောင်ပြောင်းသွားပြီး သူမထံသို့ မြန်မြန်ကြီးလျှောက်လာသည်။



"မင်း ဘယ်တုန်းက ခိုးလိုက်လာတာလဲ"

"ရှင်ညံ့လို့ခံရတာပဲ။ ဘယ်သူ့ကိုပတ်ရမ်းချင်သေးလို့လဲ"

"မင်းက ဘယ်သူ့အမိန့်ရလို့ ဒီကားမှာလိုက်စီးရတာလဲ"

"အံ့ဒါ ရှင်နဲ့မဆိုင်ပါဘူး။ လျှင်သူ ဆရာပေါ့"

"မင်းနည်းနည်းမှအချိုးမပြေဘူး။ မင်းအခုရောက်နေတာ ငါ့ပိုင်နက်နော်။ မင်းကို အချိန်မရွေး ခွေးနဲ့ရှူးတိုက်ပစ်လို့ရတယ်"

"ဒီးနား၊ နင်နဲ့ငါ သူငယ်ချင်းဖွဲ့ထားပြီးပြီနော်။ ငါဒုက္ခရောက်နေပြီ ဒီအတိုင်းကြည့်နေတော့မှာလား"

ခပ်ပိုင်ပိုင်ပြောချလိုက်သောသူမအမူအရာကြောင့် ဇိုကိန်းယင့်မှာ ကြီးစွာအံ့ဩသွားရကာ. . .

"ဟင်. . . ဒီးနား၊ လူဦးမယ်က မင်းနဲ့လည်းသိတယ်"

"မင်းကရော လူဦးမယ်ကိုသိနေလို့လား"

"ဇိုကိန်းယင့်, ပြောလိုက်လေ။ ငါက ရှင့်ရဲ့တပည့်လက်သစ်လို့"

သူတို့သုံးယောက်ကြားမှာ ပတ်မွှေနေသောလူဦးမယ်ကြောင့် သူတို့သုံးယောက်လုံး တစ်ယောက်ကိုတစ်ယောက်ပြူးပြဲကာ ကြည့်မိရင်းမှ [illegible]ပေါက်သွားသလို ကိုယ်စီပြုံးလာကြသည်။

လူဦးမယ်ကတော့ ကားထဲမှာ အခုချိန်ထိ ခပ်တည်တည်ပင်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



နေပါသေးသည်။ သခင်မှတ်သောခွေးနှစ်ကောင်က ဝုန်း၊ ဝုန်းမျှပြား အာဝုလေးပင် ထွက်မလာတော့။ အခုချိန်ထိ မှင်တက်စွာရပ်နေသော အောတုရှိန်နား ရှိဒီးနောင်က လျှောက်လာကာ. . .

"ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတဲ့ဧည့်သည်ကို ဧည့်ဝတ်ပြုသ ပါတယ်"

ဟုဆိုကာ ကားတံခါးကိုဆွဲဖွင့်ပေးလာသည်။ သူမက တက်သ ကောရိုတစ်ပါးနှယ် ဝိုးကြားကြားလေး ဆင်းလိုက်သည်တွင် ခုက္ခပေးသော ဇိနပ်ချွန်ချွန်က ဆိုက်ဂိုက်ထုတ်မှာကို မလိုလားဘူးထင်ပါရဲ့။ တွန်း လိုက်သောကြောင့် သူမမှာ လူချောလေးသုံးယောက်ရှေ့ အရှက်ကွဲလ ဖြစ်သွားရသည်။

သို့သော် သူမကိုယ်လေးကို အချိန်မီဖမ်းဆွဲလိုက်တဲ့ သန့် သော အောတုရှိန်ရဲ့လက်အစုံကြောင့် ဟန်ချက်မှန်သွားသော်လည်း အစုံက တဒိုင်းဒိုင်း။ သို့သော် သူမက မကျေနပ်သည့်ပုံဖမ်းကာ ဆောင်ပန်ဆောင်လေးအရှက်ပြေ။

"ဒီလိုဒေါက်မျိုးက အမြဲစီးနေကျပါ။ ရှင်တို့အိမ်က မညီညာ ပြင်ထားလိုက်ဦး"

ချောမွတ်နေသော ကွန်ကရစ်ခင်းပြင်ကိုမှ အပြစ်တင်သွ



ကြောင့် ဖိုကိန်းယင့်နှင့်ရှိဒီးနောင်မှာ ပြုံးတုံပြုံးဖြစ်သွားရပေမယ့် အော တုရှိန်မှာတော့ အောင့်သက်သက်ကြီးမို့ မျက်နှာရဲသွားရသည်။

"ဖိုကိန်းယင့်, ရှင့်အိမ်ရောက်တုန်း ရှင့်ရဲ့ Piano ကို ကြည့်လို့ ရမလား"

"ကော်ဖီပါ တိုက်ချင်ပါသေးတယ်"

"လူချင်းတူပေမယ့် ယဉ်ကျေးမှုခြင်းက ကွာတယ်။ အချို့အချို့ အဆို ယဉ်ကျေးမှုမရှိလိုက်ပုံများ ဧည့်သည်ကိုတောင် ရိုက်ထုတ်မဲ့ပုံနဲ့"

ဒီစကားက အောတုရှိန်ကို တည့်တည့်ကြီးပစ်လိုက်တာပဲဆိုတာ သိနေသောကြောင့် သူတို့နှစ်ယောက်လုံးရဲ့အကြည့်က အောတုရှိန်ထံ ိုင်းခနဲကျရောက်သွားသည်။ အောတုရှိန်က မအီမလည်ကြီးဆိုပေမယ့် သူတို့နှစ်ယောက်ရဲ့အပြုံးက ကြည်ကြည်လင်လင်ပါ။ ထိုအပြုံးက အော ရှိန်ရဲ့ဆရာမလေးကို ဂုဏ်ပြုနေသလို၊ အပေါ်စီးနိုင်လှသော လှဦး ယ်က သူများအိမ်ကို သူမပိုင်အိမ်လို ပိုင်စိုးပိုင်နင်းလျှောက်ကြည့်နေ သေးသည်။

သူက သူမနဲ့လိုက်ကာ ရန်ဖြစ်ပစ်ချင်ပေမယ့် သူမကိုသိပ်အရေး နေသောတိုနှစ်ကောင်ကြောင့် ငြိမ်နေရသည်။ သူနှင့် ဒီးနောင်ပွဲ၌ ခြားလူကိုင်ခွင့်မရှိတဲ့ ကိန်းယင့်ရဲ့ Piano ကိုပါ ပိုင်စိုးပိုင်နင်း ဘီးခတ်

www.burmeseclassic.com

www.burmeseclassic.com



နေသေးသည်။ အမှန်ပြောရရင်တော့ သူမရဲ့လက်သံဏ မဆိုးလှ။ သို့ သော် သူမကိုမချိုးမွမ်းချင်တာကြောင့် မျက်နှာ... ခါတိုင်းထက်ပို၍မှု ကုပ်ထားလိုက်သည်။

"လှဦးမယ်, မင်းဒီနေ့သိပ်လှတယ်"

"ခါတိုင်းကရော"

"ကမောက်ကမဖုံစံထက်စာရင် ဒီနေ့ပုံလေးက တော်တော်အဆ ပြေတယ်"

"ရှင်က ယောကျ်ားပီသတယ်၊ အမှန်ကိုပြောနိုင်တယ် ဒီးနှာ"

"ဒီးနှာ. . . ငါတို့ဒီလိုလုပ်ရအောင်။ လှဦးမယ်ရဲ့ဒီလိုပုံက ထ ရှိုင်းစရာမလိုတော့ဘူး။ အဆင်သင့်လိုပဲ၊ သူ့ကိုပါခေါ်သွားရင် မကောင်း ဘူးလား"

ဗိုကိန်းယင့်ရဲ့အကြံပေးချက်မှာတော့ ရှိဒီးနောင်က. . .

"ကောင်းတယ်။ သူ့ Piano လက်သံက မဆိုးဘူး။ ပွဲထုတ်လို့ ပေါ့"

"လှဦးမယ်, ငါတို့နဲ့ ပွဲတစ်ခုကိုလိုက်မလား"

"ပွဲ"

"ဟော့. . . ဟော့, ဟော့ကောင်တွေမဖြစ်ဘူး။ ဒီလိုပြဿနာ



ကိုခေါ်သွားလို့တော့ အားလုံးလွဲကုန်မယ်။ ငါသဘောမတူဘူး"

ခါးခါးသီးသီးအဆိုပြုလာသောအောတုရှိန်ရဲ့ပုံစံက သူမရဲ့မခံချင် စိတ်ကို ဆွပေးလိုက်သလို၊ သူတို့သွားမှာ ဘာပွဲမှန်းမသိပေမယ့် သူမ အောတုရှိန်ကိုကန့်လန့်တိုက်ချင်လာသည်။

"ဒီးနှာ၊ ကိန်းယင့်. . . ရှင်တို့ ငါ့ကိုခေါ်မယ်လို့ပြောပြီးပြီနော်။ ပါတော့လိုက်မယ်"

"ဟော့. . . ငါတို့သွားမှာက ဘယ်လိုနေရာမျိုးလဲ မင်းသိလို့လား"

"ရှင့်လိုလူမျိုးကိုမယုံပေမယ့် ဒီးနှာနဲ့ကိန်းယင့်က ငါ့ကိုချောက် ချွန်းမယ့်လူမဟုတ်ဘူး"

"မင်း"

"ဒေါသကိုလျှော့လိုက်ပါ အောတုရှ။ အချိန်လည်းနီးနေပြီ။ ညည် ညည်ကို အိမ်မှာတစ်ယောက်တည်းပစ်ထားခဲ့ရင်လည်း ငါတို့က ရိုင်းမှာ ပေါ့"

"ဟုတ်ပါ့။ လူမှုရေးကိုနားမလည်ဘူး"

သူမက ကြားထဲက အညွှန့်တက်လိုက်ပါသေးသည်။

"လှဦးမယ်, မင်းထပ်ရှိုင်းဦးမလား"

"အဆင်မပြေလို့လား ကိန်းယင့်"

www.burmeseclassic.com

www.burmeseclassic.com



"အများကြီးတိုးတက်နေပါတယ်"

လူချောလေးနှစ်ယောက်ကတော့ ဟန်ဆောင်ပန်ဆောင်ပဲဖြစ်ဖြစ် အမှန်အကန်ပဲဖြစ်ဖြစ် နှုတ်ဖျားလေးနှင့် ချီးကျူးကြပါသေးသည်။ ဟိုကျောက်ရုပ်ကြီးတစ်ဆူမှာတော့ စုထော်ကာ ထိုင်နေရာမှမထသေး။

သူမက ထိုပုဂ္ဂိုလ်ကိုပိုပြီးကလိချင်တာကြောင့် ကားအနက်ရဲ့ရှေ့ခန်းထဲမှာ မိန့်မိန့်ကြီးထိုင်ပစ်လိုက်ပြပါသေးသည်။ ဒါကို ဇိုကိန်းယင့်နဲ့ ရိုဗီးနောင်က သဘောကျကျနှင့်ပြုံးနေကြတော့သည်။

"ဟေ့ ဘာလုပ်တာလဲ၊ ဆင်း"

"ငါတက်ထိုင်လိုက်လို့ ရှင့်ကားက ဓာတ်ဆီပိုကုန်သွားလို့လား။ ဘီးပေါက်သွားလို့လား"

"သွား. . . ဒီးနာ့ကားမှာ သွားတက်"

"ခြေထောက်နာတယ်၊ မလျှောက်နိုင်တော့ဘူး။ ဟား. . . မောလိုက်တာ"

ဟုဆိုကာ ကူရှင်ကိုပင် ခပ်တည်တည်နှင့်မှီလိုက်ပါသေးသည်။ သူဘာယ်လောက်ပြောပြော ဆင်းမည့်ပုံမပေါ်တဲ့ ထိုမိန်းကလေးရဲ့အမူအရာကြောင့် သူဘာတတ်နိုင်တော့မှာတဲ့လဲ။

"ဟေ့ ဒီမှာ"



"ငါ့နာမည်က ဟေ့လည်း မဟုတ်ဘူး။ ဒီမှာလည်း မဟုတ်ဘူး။ သဟတ်ထိုးလှနဲ့ လှဦးမယ်"

"မင်းဟာမင်း လှချင်လှ၊ ရုပ်ဆိုးရင်ဆိုး ငါနဲ့မဆိုင်ဘူး။ ဟိုကိုရောက်လို့ ကမောက်ကမလုပ်ရင် မင်း ငါနဲ့တွေ့မယ်"

"သြော်. . . ရှင်က ငါနဲ့ နောက်ထပ်တစ်ကြိမ်တွေ့ချင်သေးတာပေါ့။ ဟုတ်လား။ ကြိုတင်ပြီး အပွိုင့်မင့်ယူထားနော်။ ငါက အလုပ်များတယ်"

"မင်း ကားပေါ်က ဆွဲချခံချင်ပြီလား"

"ကိုယ်ချင်းစာတရားမရှိတဲ့လူ။ အဲဒီတုန်းက ငါဘယ်လောက်အားရောက်ရသလဲသိလား။ နောက်ရက်တော့ ငါ လမ်းတောင်မလျှောက်နိုင်တော့ဘူး။ ခြေထောက်တွေနာလို့၊ ရှင်သာ နည်းနည်းလေးကူညီတတ်မယ်ဆို ဒီအချိန် ငါက အဆင်ပြေနေပြီ၊ ရှင် တကယ်တစ်ကိုယ်ကောင်းနော်တယ်"

သူမက ညည်းညူညူလေးပြောလိုက်သည်တွင် သူကငြိမ်ကျသွားပါသည်။ သူနှင့်သူမကြားမှာ အခုတော့လည်း ငြိမ်သက်သွားပြန်သည်။ သူတို့လေးယောက် ကားပေါ်မှဆင်းလိုက်သည်နှင့် အသင့်စောင့်နေကြသော သတင်းထောက်တွေရဲ့ကင်မရာက အုံ၍ရောက်ရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့မွေးနေ့ပွဲမှာ Audience Park ရဲ့ တေးသံမပါတဲ့

ချည်းသက်သက်ကို ချပြမယ်လို့ကြားတယ်။ ဟုတ်ပါသလား"

"ဟုတ်ပါတယ်။ ကျွန်တော်တို့သုံးယောက်ပေါင်းပြီး တေးသွား

ပုဒ်လိုတီးခတ်မှာပါ"

"Audience Park က ကြော်ငြာထားတဲ့ရှိုးပွဲအတွက် ပြင်ဆင်

တွေက ပြည့်စုံနေပါပြီလား"

"ပြည့်စုံတယ်လို့တော့ မဟုတ်ပေမယ့် ကြိုးစားနေပါတယ်"

"အမြဲတမ်းသုံးယောက်ထဲသာတွေ့နေရတဲ့ Audience Park

က အဖွဲ့ဝင်တစ်ယောက်တိုးလာတယ်လို့ ချပြလို့ဖြစ်သလား"

"သြော်"

စကားပြောကျွမ်းကျင်လှတဲ့ ရှိဒီးနောင်ပင် ဘာမှထပ်မပြော

တော့။ လှဦးမယ်ကိုသာ ကြောင်ကြည့်နေတော့သည်။ လှဦးမယ်က

တည်တည်နှင့်ပင်။

"ပြောလို့ရပါတယ်. . . ကျွန်မက Audience Park ရဲ့

တည်းသောသူငယ်ချင်းပါ"

သူမဒူးကွေးကိုတိုက်လာတဲ့ အောတုရှိန်ရဲ့ခြေထောက်တို့

ဂရုမစိုက်နိုင်ပါ။ စကားကိုတော့ သူမ ဆုံးအောင်ပြောလိုက်နိုင်



"ဒါဆို အခုလုပ်မယ့်ရှိုးပွဲမှာ ညီမက ပါဖြစ်မှာပေါ့နော်"

"ဟုတ်ပါတယ်၊ ပါဖြစ်မှာပါ"

သူမခြေထောက်ကို ဒုတိယအကြိမ်ကန်လာတဲ့ အောတုရှိန့်ကြောင့်

သူမက ရွှဲပြောပစ်လိုက်ခြင်းဖြစ်သည်။ 'ကဲ. . . ဘာတတ်နိုင်သလဲ အော

ဆိုသောမျက်ဝန်းမျိုးနှင့်လည်း မလေးမခန့်ကြည့်လိုက်ပါသေး

လှဦးမယ်က အောတုရှိန်ကို မကျေမနပ်နှင့်လျှောက်ပြောနေသည်

သူတို့နှစ်ယောက်က အတတ်သိနေ၍ စကားကို တိဖြတ်ပစ်လိုက်

"အချိန်သိပ်နီးကပ်နေလို့ ကျွန်တော်တို့ကိုခွင့်ပြုပါဦးဗျာ"

သတင်းထောက်တွေမှာ ဆက်မေးချင်သေးသော်လည်း ယဉ်ကျေး

ရှုံ့သွားကြသည်။ သူတို့လေးယောက် ခန်းမကျယ်ကြီးထဲဝင်လိုက်

နှင့် မျက်လုံးများစွာက သူတို့ထံရောက်လာကြသည်။

သူမက နာမည်ကြီးနေတဲ့ Audience Park နဲ့အတူ လျှောက်

၍ ဖိုကြားချိမော့မယ်ကြဲခိုက် ဘွားခနဲတွေ့လိုက်ရတဲ့ ဘာဘရဲ့မျက်

ခန့်ခန့်ကြောင့် ကိုယ်လုံးကိုယ်ပန်ကြီးတဲ့ အောတုရှိန်ရဲ့နောက်ကွ

နား ခိုကပ်ပစ်လိုက်သည်။

"အောတုရှိန်. . . ငါပြဿနာတက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲသွားသောသူမအသံငယ်ငယ်ကြောင့် အောတုရှိန်ပင် အံ့ဩသွားရသည်။

"အောတုရှိန်. . . ရှင် ဒီအတိုင်းငြိမ်ငြိမ်လေးရပ်နေ"

အခုကျတော့လည်း သူက သူမပြောသည့်အတိုင်း လိုက်နာမိနေပြန်သည်။

"ရှင်, ဒီပုံစံအတိုင်းနဲ့ ငါ့ကို သန့်စင်ခန်းဘက် ခေါ်သွားပေးပါ"

"ဘာကြောင့်လဲ၊ ဘာဖြစ်ပြန်ပြီလဲ"

"ကူညီပါ။ တကယ်ပြဿနာတက်မှာမို့"

တစ်လမ်းလုံးမတည့်လာတဲ့သူတို့နှစ်ယောက်က အခုတော့လည်း အတိုင်အဖောက်ညီညီ။ ပြောင်းလဲသွားသော သူတို့နှစ်ယောက်အမူအရာကြောင့် ရိုဒီးနောင်နှင့်ဖိုကိန်းယင့်မှာ နားမလည်နိုင်။

"အောတု ဘာလုပ်နေတာလဲ။ ဘာဖြစ်လို့ရပ်နေရတာလဲ။ သွားမယ်လေ။ ဟိုမှာ အဖ, ငါတို့ကိုကြည့်နေပြီ"

"မင်းတို့သွားနှင့်။ ငါလိုက်လာခဲ့မယ်။ ငါခဏ"

"မကြာနဲ့နော်"

"အင်း"

သို့သော် သူတို့ရဲ့အဖဆိုသူက သူတို့လာအောင်ပင် မစောင့်နိုင်



တော့ဘဲ သူတို့ထံသို့ တည့်တည့်ကြီးပင် လာနေပါပြီ။ ရိုဒီးနောင်နှင့် ဖိုကိန်းယင့်က အားရဝမ်းသာနှုတ်ဆက်မယ်ကြံပြီးကာမှ သူတို့ကိုကျော်ပြီး အောတုထံ ဆိုက်ဆိုက်မြိုက်မြိုက်သွားလိုက်သောအဖကြောင့် ကြောင်နနဖြစ်သွားရပြန်သည်။

"လှဦးမယ်, ဒီတစ်ပွဲလည်း မင်း ဘဘကိုရှုံးပြန်ပြီ"

ရင်းနှီးကျွမ်းဝင်လှသောထိုအသံကြောင့် သူတို့သုံးယောက်ရဲ့အံ့ဩခြင်းက အထွတ်အထိပ်သို့ရောက်သွားရသည်။

"ဟဲဟဲ. . . ဒီမှာသူငယ်ချင်းတွေကိုဝင်ခေါ်နေတာ၊ သမီးမပြေးပါဘူး။ ဘဘရဲ့မွေးနေ့မှန်းသိလို့ သူငယ်ချင်းတွေကိုပတ်ခေါ်လာတာ။ Happy Birthday ဘဘ။ ဟဲ. . . ဟဲ. . . ဟီ"

"ထပ်လိမ်ပြန်ပြီ။ ဒီနေ့ ငါ့မွေးနေ့မှန်း မင်းဘယ်လိုမှသတိမရနိုင်ဘူး"

"ဟာ! ဘဘကလည်း သတိရတာပေါ့။ ဒါကြောင့် သူတို့တွေကိုတောင် ဝင်ခေါ်ခဲ့သေးတာ"

"ဟော့. . . မင်းတို့သုံးယောက်က သူခေါ်လို့ ငါ့ပွဲကိုလာတာလား"

"ဗျာ! "

သုံးယောက်လုံးသံပြိုင်။

www.burmeseclassic.com

www.burmeseclassic.com



သူမက နီးစပ်ရာ အောတုရှိန်ရဲ့ခြေထောက်ကို အသာအယာဖိနင်းကာ 'ဟုတ်တယ်လို့ပြောလိုက်လေ'ဆိုသောမျက်လုံးမျိုးနှင့် ငေ့လာပြန်သည်။

"လှဦးမယ်, လူကြီးကိုလိမ်ရင် ဘာဖြစ်သလဲ"

"ငယ်ငယ်လေးနဲ့ သွားကျိုးမယ်။ မျက်နှာမှာ အဖုထွက်မယ်။ ဆံပင်ကျွတ်မယ်"

"မကြာခင် ငါ့သမီးတော့ သွားကျိုးလေး ဖြစ်ဦးတော့မယ်"

"ဟာ. . . ဘဘကလည်း တကယ်ပါဆို"

"သနားဖို့ကောင်းလိုက်တဲ့ လှဦးမယ်လေ။ သူတို့ကို ဘဘကိုယ်တိုင်ခေါ်ထားတာ"

"ရှင်!"

"Happy Birthday ပါ အဖ"

ဟုပြောကာ တစ်ယောက်ပြီးတစ်ယောက် ပွေ့ဖက်လိုက်ကြသည်။ ဘဘနှင့်သိပ်ရင်းနှီးနေပုံရတဲ့ သူတို့သုံးယောက်ရဲ့ပုံကြောင့် သူမမှာ အငွေ့ပျံ ပျောက်သွားချင်နေမိသည်။ သေစမ်း! လှဦးမယ်၊ ဒီတစ်ခါလည်း ရှင်လွဲပြန်ပြီ။

♫ ❦ ♫

## အခန်း ( ၁၁ )

တိတ်ဆိတ်ငြိမ်သက်နေသော စားပွဲဝိုင်းတစ်ခုမှာ အားလုံးထက်ပို၍ ပိုပြားဝပ်စင်းနေသူက လှဦးမယ်ပါပဲ။ အဘကတော့ ဘယ်အကြောင်းအရာကိုမှ ထူးခြားမှုမရှိသလို ပကတိ အားပါးတရစားသောက်လျက်။ အဘက တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုးကို အားပါးတရစားသောက်နေပုံမှာ သူမကိုရွဲ့နေသလားဟုပင် ထင်ရပါသည်။

ဗိုက်ထဲမှ ဂလုဂလုမြည်လာတာကြောင့် သူမက ဟန်လုပ်ပြီးနှိုးကြောင်းပြမနေတော့ဘဲ အားတင်းကာ ဟင်းပန်းကန်တွေကို တူနှင့်နှိုက်မယ်ကြံတော့. . .

www.burmeseclassic.com



"မင်းတို့သုံးယောက်ညှိတယ်"

အစီအစဉ်မကျ ထွက်အန်လာသောအသံကြောင့် သူမအပါအဝင် သူတို့သုံးယောက်လုံးရဲ့အာရုံတွေက ဘာဘထံရောက်ရှိသွားကြ၏။ ဘာဘက ရေတစ်ခွက်ကို တစ်ကျိုက်တည်းသောက်ချလိုက်ပြီး. . .

"ရေဆိုတာ အရသာခံသောက်နေဖို့မလိုဘူး။ အဲ့ဒီလိုတစ်ကျိုက်တည်းသောက်ချပစ်တော့ ဆန္ဒက တစ်လုံးတည်းပြည့်သွားတာပေါ့"

ဘာဘက စကားကိုခဏရပ်ပြီးမှ. . .

"လှဦးမယ်ရဲ့စန္ဒရားလက်သံအဆုံးမှာ လက်ခုပ်သံက ပိုကျယ်တယ်"

"လှဦးမယ်ရဲ့ဆရာက ကိန်းယင့်"

အောတုရှိန်က လှဦးမယ်ကို မကြည့်သူပီပီ ကန့်လန့်ပြောလိုက်သည်။

"ဒါနဲ့ နေပါဦး။ မောင်အော, မင်းဘယ်တုန်းက ဒီလိုကုလီကူမာတွေ ပြောတတ်လာတာလဲ။ ငါသိတဲ့ မောင်အောက သူများကိစ္စကို စိတ်မဝင်စားတတ်ဖူး။ မလိုအပ်ရင် ပါးစပ်ဟဖို့တောင် ပျင်းတဲ့ကောင်ပါ"

အဖက အကြည့်တစ်မျိုးနှင့် စွဲချက်တင်လိုက်တော့ သူမှာ ပြော



စရာအပေါက်ပင် မရှိတော့။

"လှဦးမယ်က တယောလည်း တတ်တယ်။ ပန်းချီလည်း မောင်အောနဲ့ပြိုင်နိုင်တယ်။ စောစောက ခန်းမထဲက လက်ခုပ်သံလည်း မင်းတို့ကြားတဲ့တိုင်းပဲ။ ဒါတောင် မင်းတို့သုံးယောက်ပေါင်းထက်သာတာ တစ်ခုရှိသေးတယ်။ သူက ကဗျာလည်း ရေးတယ်။ မင်းတို့သုံးယောက်ပေါင်းရင် သူတစ်ယောက်စာပဲရှိတယ်"

"ဟာ. . . အဖကလည်း ကျွန်တော်တို့လည်း သီချင်းတွေရေးပါတယ်"

ဒီးနာကလည်း အဖနှိပ်နေတာဆိုတာသိ၍ မခံမရပ်နိုင်လေးပြောလိုက်ပြန်သည်။

"ဟား. . . ဟား. . . ဘာပဲပြောပြော လှဦးမယ်က အောတုရှိန်ကိုမမီပါဘူး"

အောတုရှိန်ကလည်း ဖိခွက်နင်းချင်ဖေနှင့် အားကျမခံပြောလိုက်သည့်တွင်

"မင်းတို့ မောင်အောကို သေးမတိုက်ခဲ့ကြဘူးလား။ ဒီနေ့ သူ့မှာ စပရိန်လိုဖြစ်နေတယ်"

"အဖက မှတ်ဉာဏ်နည်းလိုက်တာ၊ စောစောက ခန်းမထဲမှာ

www.burmeseclassic.com

www.burmeseclassic.com

ထွန်းတော် ဘာတူရိယာကိုင်လိုက်သလဲ''

"ဘာဂျာ"

"အဲ့ဒါပဲလေ''

အောတုရှိန် ညာဏ်ကောင်းတာကိုမေ့သွားသော တစ်ချက်လေးမှာ ဦးလှထွန်းအောင် အငိုက်မိသွားပြန်သည်။ ဒီနေ့ မိန်းကလေးရှေ့မှာ သူတို့သုံးယောက်ကိုအပြတ်နှိပ်ကွပ်ဖို့ ရည်ရွယ်ထားခဲ့တာလေ။ အခုတော့ အောတုရှိန်ကြောင့် နှိပ်ကွပ်ရမည့်စကားက ဘယ်ရောက်သွားမှန်းမသိ။

"ဟော့ မင်း ဘာဂျာမှုတ်တတ်သလား''

"ရှင်ကရော ကြက်ဥပေါင်းတတ်လို့လား''

"ဒါ မင်းညစ်ပတ်တာပဲ''

"တစ်ခုကောင်းတာက ဒါ မင်းတို့လေးယောက်ကို တွေ့တွေ့ထူးထူး မိတ်ဆက်ပေးစရာမလိုတော့တာပဲ။ အမှန်တကယ်တော့ ဒီနေ့ပွဲက မင်းတို့လေးယောက်ကိုဆုံတွေ့ပေးဖို့ အဓိကရည်ရွယ်ခဲ့တာ။ အဲ့ဒါကို ဘာမယ် ညာမသိနဲ့ ထွက်ပြေးတဲ့လူကရှိတယ်လေ။ ဟား. . . ဟား. . . တကယ့် ရေစက်ပဲ။ မောင်အောနဲ့သမီးက တော်တော်ရင်းနှီးကြတယ်ထင်တယ်"

"ဟာ. . . မရင်းနှီးပါဘူး''

နှစ်ယောက်လုံး ပြိုင်တူငြင်းမိကြခြင်းဖြစ်သည်။



"သိပါဘူး။ မင်းတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ကိုက်ချင်နေကြသလားလို့''

"ဘဘက ဒီတစ်ကြိမ်တော့ ညံ့သွားပြီ။ သမီးနဲ့ရင်းနှီးခင်မင်တာ က ဒီးနာခနဲ့ ကိန်းယင့်ပဲ။ သူတို့က သမီးရဲ့သူငယ်ချင်းတွေ။ သူတို့က လူမှုရေးသိတယ်၊ ယဉ်ကျေးတယ်၊ သမီးက လူမှုရေးအသိနည်းသူတွေ တစ်ကိုယ်ကောင်းဆန်သူတွေနဲ့မပေါင်းဘူး။ မခင်ဘူး''

"ငါကလည်း မင်းနဲ့မခင်ပါဘူး။ အဆင့်မရှိတဲ့မင်းပုံစံကို စိတ်ပျက် လွန်းလို့''

"ဘယ်သူကရော ရှင့်ကိုခင်ပါရစေပြောနေလို့လဲ။ မေ့တ္တာမဲ့တာ"

"တော်ကြပါတော့။ ဒီဝိုင်းမှာ ငါလူကြီးတစ်ယောက်လုံးရှိနေတယ်။ လူဦးမယ်, ပြိုင်ပွဲမှာသမီးရှုံးသွားတာ မှတ်မိတယ်နော်''

"ဒီနေ့ခုနစ်ရက်ပြည့်သွားပြီဆိုတာလည်း မှတ်မိတယ်''

"နာရီကိုကြည့်လိုက်ဦး။ ခုနစ်ရက်ပြည့်ဖို့ လေးဆယ့်ငါးမိနစ်လို သေးတယ်''

"ဘဘ''

"မင်း ဒီမန္တလေးမှာ ဆက်နေချင်သေးလား''

"နေချင်တယ်၊ နေချင်တယ်''

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဆိုရင် အော ဒီး ယင့်, မင်းတို့သုံးယောက် တစ်ယောက်ကို တစ်ရက်ကျ သူ့ကိုအဖော်သူငယ်ချင်းလုပ်ပေးရမယ်"

"ဗျာ. . ."

"ဘဘ"

"ရှုံးတဲ့လူက ကတိတည်ရတယ်။ မင်းလက်ခံရမယ် လှဦးမယ်။ လက်မခံနိုင်ရင် ငါနဲ့ပြန်လိုက်ခဲ့။ မိန်းကလေးတစ်ယောက်တည်း လျှောက်သွားနေတာ ဒီလိုမြို့ပေါ်မှာ ဘယ်လောက်အန္တရာယ်ကြီးတယ်မှတ်သလဲ"

"ကျွန်တော်ကတော့ ဒီကိစ္စကိုလုံးဝငြင်းတယ်"

အောတုရှိန်က ခါးခါးသီးသီးပင်အဆိုပြုလိုက်သည်။

"ကျွန်တော့်စိတ်ကို အဖသိတဲ့အတိုင်းပဲ။ ကျွန်တော်က စိတ်ပို လွယ်တယ်။ သူ့ခေါင်းမှာ ချုပ်ရာတွေဗရပွဖြစ်သွားမယ်"

"အဲ့ဒါကို ငါစိတ်မဝင်စားဘူး။ လှဦးမယ် ငါနဲ့ပြန်လိုက်မယ်ဆိုရင် တော့ မင်းတို့သက်သာသွားမှာပဲ။ လှဦးမယ်က နေခဲ့ပါမယ်ဆိုရင်တော့ မင်းတို့ ငါပြောတဲ့အတိုင်း လိုက်ကိုလိုက်နာရမယ်။ တကယ်လို့ မလိုက် နာဘူးဆိုရင်တော့ ငါ့နောက်ကိုတကောက်ကောက်လိုက်ပြီး သုံးနှစ် တိ ငါနိုင်းတာလုပ်ရမယ်"

အဖက မညှာမတာချောက်တွန်းတတ်သူမို့ သူတို့သုံးယောက်ကို



က အဖနောက်လိုက်ရမှာတော့ လန့်ကြသည်။ ပြီးတော့ သုံးနှစ်တဲ့။

ထိုသုံးနှစ်အတွင်း သူတို့လူငယ်တစ်ယောက်ရဲ့ဘဝကဲ ဆုံးရှုံးသွား နိုင်သည်လေ။ ပြီးတော့ ပြောတဲ့အတိုင်းလုပ်တတ်တဲ့ အဖရဲ့အကျင့်ကို လည်း အလွတ်ရနေပြီမို့. . .

"လှဦးမယ် နင်ပြန်လိုက်သွားလိုက်ပါ"

"အေ. . . အဲ့ဒါကောင်းတယ်"

"ဟုတ်တယ်။ ငါတို့မှာ ရှိုးပွဲအတွက် အလုပ်တွေရှိသေးတယ်"

သုံးယောက်လုံး အတိုင်းအဖောက်ညီညီပြောလာကြတော့ သူမ ကို သိပ်လိုလားခင်မင်နေကြသည့်သဘောဖြစ်လာ၍ သူမကလည်း မခံ မရပ်နိုင်ပင်။

"နေခဲ့မယ်။ ဘဘရဲ့အစီအစဉ်ကို လှဦးမယ် လက်ခံပါတယ်"

ဟုပင် ရဲရဲဝံ့ဝံ့ကြီးပြောပစ်ပါတော့သည်။ မှတ်ထားကြ။ အော ဒီး ယင့်ရေ. . . အဲ့ဒါ လှဦးမယ်တဲ့။

♫ ❡ ♫

www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၂ )

"ကဲ. . . ဘယ်လိုလဲ အောတု၊ ငါတို့သုံးယောက်ကို လှဦးမယ်က တစ်ပင်တည်းနဲ့ချည်သွားပြီ"

"အဆိုးဆုံးက သူ ဒီအိမ်မှာ လာပြောင်းနေမှာပဲ"

"အပေါ်ဆုံးပို့လိုက်ပေါ့ကွာ၊ သူမှာပါလာမယ့်အဖော်မိန်းမကြီးနဲ့ အတူနေပစေပေါ့"

"ဒီကြွက်မ, ငါတို့အခန်းမှာလာရှုပ်နေရင် ပြဿနာ"

"ငါတို့ ဒီပွဲကို သူကိုမခေါ်သွားမိရင် အကောင်းသားကွာ"

"အဖရဲ့စိတ်ကိုလည်းသိရဲ့သားနဲ့၊ ဒီပွဲမှာမတွေ့ရင်လည်း ငါတို့ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့အောင်ဆုံပေဦးမှာပဲ"

"တခြားတစ်ယောက်ဖြစ်နေရင် နာပျော်ဖွယ်ရှိဦးမယ်။ တကယ့်ပြဿနာအိုးနဲ့မှ"

"အသစ်အဆန်းလို့သဘောထားပေါ့ကွာ။ ဒီနေ့၊ မင်းပဲဆန်းတာ မှုသဘောကျတာမဟုတ်လား"

"အင်း. . . လှဦးမယ်နဲ့နေရတာက ရှေ့ဘာဖြစ်မလဲဆိုတာ ကြို တင်ပြီး တွေးကြည့်လို့မရဘူး။ သေချာတာက ပြဿနာတစ်ခုခုနဲ့ယှဉ် လာတာပဲ။ ပျော်စရာတော့ကောင်းတယ်ကွ။ ငါနဲ့နှစ်ကြိမ်ဆုံတယ်။ ဆုံ တဲ့အခါတိုင်းလည်း သူတောင်းစားရန်က ပြေးရတာချည်းပဲ။ ဖိနပ်တောင် မပါနိုင်လို့ နှစ်ကြိမ်လုံး ဖိနပ်ဆိုင်ရှေ့ပို့ပေးရတယ်။ နည်းနည်းလေးကသိ ကအောင့်ရှိပေမယ့် ပျော်စရာကောင်းတယ်"

"အင်း. . . လှဦးမယ်က ရိုးသားပွင့်လင်းတာတော့အမှန်ပဲ။ သူ နဲ့စကားပြောရတာက ပျင်းစရာမကောင်းဘူး။ သူ့ပုံစံက ရိုးရှင်းတော့ နည်းနည်းချစ်စရာကောင်းတယ်"

"သွားသေလိုက် ကိန်းယင့်၊ သွားသေလိုက်။ မျက်လုံးက ပြူးပြူး နှုတ်ခမ်းက တောင်ပို့ကွင်းကြီးလို့၊ အရပ်က ပုပု၊ ဆံပင်က တိုကောက် ကောက်၊ တစ်နေရာမှ အချိုးမပြေတဲ့ပြာကာလပ်စိန်"



"ဟား. . . ဟား. . . ဟား"

"ရီမနေနဲ့ ဒီနေ့၊ မင်းလည်းသေသင့်တယ်။ ဒီလောက်စိတ်ဆင်း ရဲရကောင်းတဲ့ကိစ္စကို မင်းပဲရှာကြံပျော်နေရသေးတယ်"

"ဘာလဲ အောတု။ မင်းက အဖနောက် သုံးနှစ်လိုက်ဖို့စိတ်ကူး သားလို့လား"

ကိန်းယင့်ရဲ့ ခပ်လျောင်လျောင်စကားအဆုံးမှာတော့ အောတုရှိန် ဒေါသဖြစ်ဖြစ်နှင့် တွေ့ကရာခုံတစ်လုံးကို ဆောင့်ကန်ပစ်တော့သည်။

"ဘုန်း!"

ဆောင့်ကန်ပြီးကာမှ ဆက်တီပေါ် ရုပ်ပျက်ဆင်းပျက်ဖြစ်သလိုပင် စိတ်ပျက်လက်ပျက်နှင့်ထိုင်ချပစ်တော့သည်။ မိန်းမလှလေးတစ်ယောက် ရောက်လာမှာကို နတ်ဆိုးတစ်သောင်းရောက်လာမှာထက် စိတ်ပျက်နေကြ သော သူတို့သုံးယောက်မှာ စကားပင်မပြောနိုင်ကြတော့။

သို့သော် ဖိုကိန်းယင့်က စိတ်ဆင်းရဲရှုပ်ထွေးမှုကို တာရှည်မသိမ်း ဆည်းထားတတ်သူပီပီ သူ့ရဲ့ Piano ခုံနားသွားကာ တစ်ချက်နှစ်ချက် ခေါက်လိုက်ပြီးမှ. . .

"အောတု, မင်းရဲ့ဘာဂျာသံစဉ်က တော်တော်မိတယ်နော်။ မင်း အဝတ်တုန်းက တတ်မြောက်သွားတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းတို့ရဲ့ဆရာပဲ။ တစ်ခုတလေတော့ သာမှာပေါ့"

"ထူးဆန်းလို့ပါကွာ။ မင်းက အဲ့လိုခံစားပြီးလုပ်ရတဲ့ကဏ္ဍတွေကို မကြိုက်ဘူးမဟုတ်လား။ မင်းက အမြဲတမ်း ဒရမ်ပဲခေါက်နေတော့ အဲ့ဒါကိုပဲ ရွေးချယ်ဖြစ်မယ်ထင်နေတာ"

"ဒါပေမဲ့ အောတု၊ အဲ့ဒီလိုရွေးချယ်လိုက်တာက ပိုအဆင်ပြေသွားတာပေါ့။ နို့မဟုတ်ရင် တော်တော်အုန်းစားရမှာ"

"အဖရဲ့အသက်က (၅၈)နှစ်ပြည့်အမှတ်တရ။ အဖက ဒါ ငါတို့ကို စမ်းသပ်နေတာလို့ ငါထင်လိုက်တယ်။ ငါထင်တဲ့အတိုင်းပဲ လူဦးမယ်ရှေ့မှာ ငါတို့ကိုနှိပ်ကွပ်တော့တာပဲ"

"မင်းဘယ်လိုစိတ်ကူးရသွားတာလဲ အောတု။ ငါက မင်းကို ဒရမ်ပဲခေါက်မယ်ထင်နေတာ"

"ငါ အဲ့ဒီလောက်ကြီး မခေါင်းပါးပါဘူးကွာ။ (၅၈)နှစ်မြောက်မွေးနေ့ပွဲမှာ အဲ့လိုမလုပ်သင့်မှန်းသိပါတယ်။ စင်ပေါ်မှာ ဘာဂျာရယ်၊ တယောရယ်၊ စန္ဒရားရယ်၊ ဒရမ်ရယ်၊ ဂစ်တာရယ် တင်ထားတယ်။ ပြီးတော့ ငါတို့ကိုတောင်းဆိုတာက သုံးယောက်ပေါင်းမှ တေးသွားတစ်ပုဒ်တည်း။ အဲ့ဒီထဲက ငါသဘောပေါက်လိုက်တယ်။ မင်းက ဘာမှမစဉ်းစားရဘဲ စန္ဒရားကိုရွေးမယ်ဆိုတာ သိနေတယ်။ ဒီးနာကလည်း တယောရွေးမှာ

အပြင် တခြားမရှိဘူး။ အဲ့ဒါကြောင့် ငါ ဘာဂျာကိုရွေးလိုက်တယ်။ ငါ၊ ဘာဂျာကိုကောက်ကိုင်လိုက်တော့ အဖရဲ့မျက်နှာကို မင်းတို့ကြည့်မိလိုက်သလား။ ငါလိုချင်တာ အဲ့ဒါပဲ၊ အဖနဲ့ငါတို့ကြားမှာ အမြဲဆန်းသစ်နေရမယ်"

"အဲ့ဒီတော့ အတိုင်းထက်အလွန်ဆန်းသစ်တဲ့ လူဦးမယ်ရဲ့ကဏ္ဍကိုရော မင်းမှုပိုင်မကိုင်တွယ်ချင်ဘူးလား"

"သချိုင်းသွားဖို့ပျင်းရင်း အပေါ်ဆုံးထပ်က လေသာဆောင်မှာ သွားသေလိုက်လို့ရတယ်။ ပူတယ်၊ ခြောက်တယ်၊ ညစ်တယ်"

"အဲ့ဒါ မင်းတိုးတက်လာတယ်လို့ပြောရမှာပဲ အောတု"

"ဘာလဲ"

"မိန်းကလေးတစ်ယောက်ကြောင့် မင်း အုန်းစားတာ၊ ဒါ ပထမဆုံးပဲ"

"ဟုတ်တယ်။ တခြားလူတစ်ယောက်အကြောင်းပြောတာလည်း ဒါပထမဆုံးပဲ"

"ဘာလဲ၊ ဘာတွေလဲ"

"ဘာပဲပြောပြော၊ ငါတို့သုံးယောက်နဲ့ လူဦးမယ်က ရှေ့ဆက်မတဲ့ ဘူး ရေအိုင်ပါဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ထိတိုက်ဆိုင်မှုမျိုးကို လောကမှာရှိမယ်လို့ကို လုံးဝမထင်ထားခဲ့ဘူး။ တမင်တကာဖန်တီးထားတာလားလို့ ထင်ရလောက်အောင် ငါတို့နဲ့လှဦးမယ်က တိုက်တိုက်ဆိုင်ဆိုင်ပဲ"

"ငါတို့ရဲ့နေ့တွေက ဖျင်းစရာကောင်းတယ်ထင်ပြီး မြားနတ်မောင်က စမ်းသပ်လိုက်ပြီနဲ့တူတယ်"

"အဲ့ဒီမြားကို မင်းတစ်ယောက်တည်း ရင်ကော့ခံတော့ ဒီးနား။ မြားက မင်းဆီတည့်တည့်လာတာလည်းဖြစ်နိုင်တယ်"

"ဟော့ကောင် ကိန်းယင့်။ ငါ့ကိုရှုတည်တည်နဲ့မနောက်နဲ့။ ငါ မေ့မြောသွားလိမ့်မယ်"

"ဟား. . . ဟား. . . ဟား, ငါတို့သုံးယောက်လုံးက လှဦးမယ်ကို လိုက်လိုက်လှဲလှဲ ခင်မင်ကြိုဆိုချင်ကြတယ်နဲ့တူတယ်"

အောတုရှိန်ရဲ့စကားအဆုံးမှာတော့ ကိုယ်စီပြုံးမိသွားကြတော့သည်။

♬ ❡ ♬

အခန်း ( ၁၃ )

သူ့ကိုယ်သူ နတ်နန်းထိပ်ဆုံးရောက်နေတယ်ဟု ထင်နေရော့သလားမသိ။ မျက်လုံးကို သေးသေးမဖွင့်အောင် ဖိမ်ခံနေလိုက်ပုံများ။ သူမ ခံရောလှပါ ကိုးရိုးကားရားဖြစ်သွားအောင် တွန်းလှဲပစ်ချင်ပါ၏။

သူမတစ်ဝိုင်းတည်းမှာ ဘာဘကိုလည်း သနားသွားမိသည်။ သူတို့ ဘာဘရဲ့ပိုက်ဆံတွေကို ဒီလိုနည်းနှင့် ထိုင်ဖြုန်းနေကြတာပေါ့။

"ဟော့. . . ဟော့. . . ဟော့"

သူမရပ်နေသည်မှာ ကြာသော်လည်း မည်သူမျှကြည့်ကြ၍ သူမ သံပြုတယ်ဆိုရုံ့လေး။

www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . လှဦးမယ်၊ ရောက်လာပြီးလား"

"အင်း"

"နင်နေရမှာက အပေါ်ဆုံးပဲ။ ဦးမာလီ နင့်ကိုလိုက်ပို့လိမ့်မယ်"

"ငါ ပစ္စည်းတွေသယ်ရဦးမှာ"

"ဦးမာလီနဲ့မောင်နောက် ရှိတာပဲ။ နင် ဘာတစ်ခုမှသယ်စရာမလိုဘူး။ နင့်အဖော်အမျိုးသမီးတစ်ယောက် ထည့်လိုက်မယ်လို့လည်း အဖက ပြောထားတယ်"

"အင်း. . . ဒါပေမဲ့. . . ငါ"

သူမ ဘာမှထပ်ပြီးဆက်မပြောဖြစ်တော့။ အကြောင်းမှာ သူမကို ဝတ်ကျေတန်းကျေသာပြောပြီးလှည့်သွားသော ရှိုဒီးနောင်ရဲ့ခပ်စိမ်းစိမ်း အပြုအမူကြောင့်ပါပဲ။ အမှန်တော့ သူမကိုပိုင်းသယ်ကူပေးပြီး လိုက်လို့လုပ်ပဲ့ရှိစေချင်သည်။

ဖိုကိန်းယင့်ကိုကြည့်လိုက်တော့လည်း ဖိုကိန်းယင့်က ဝတ်ကျေတန်းကျေပြုံးရုံလေးဖြင့်သာ နှုတ်ဆက်ရှာသည်။ အဲ့လိုစိမ်းစိမ်းကြီးဆိုတော့လည်း သူမက အတင်းကာရော လိုက်ပြီးပြောရအောင်ထိလည်း သူမအကျင့်က မပြောင်းသေးတာကြောင့် မအီမသာကြီးနှင့်ပင် ပြန်ဝည်မည်ပြုတော့ အောတုရှိန်ကိုသတိရကာ ကြည့်မိလိုက်ပြန်သည်။



မေတ္တာသုဉ်းချင်စရာကောင်းလောက်အောင်ပင် ဘသားချောက သူမကို မျက်လုံးလေးဖွင့်ကြည့်ခြင်းအားဖြင့်ပင် မနှုတ်ဆက်။ သူမရောက်နေတာကိုမသိသလို၊ ဂရုမစိုက်သလိုပင်။ ပကတိအနေအထားက လုံးဝမပျက်။ သူမ နားမလည်နိုင်အောင်ဖြစ်သွားရသည်။ သူတို့သုံးယောက်က အဲ့ဒီလိုပဲ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ နေ့နေကျလား။

သူမဒေါသလည်းဖြစ်သွားမိ၍ ခေါင့်ခေါင့်အောင့်အောင့် အထုပ်ကိုဆွဲလိုက်စဉ်. . .

"ပေးပေး. . . အဘာဆွဲပေးမယ်"

ဟုဖွတ်ဆွဲကာ လူကြီးက ရှေ့မှဦးဆောင်တက်သွားသည်။ သူမရဲ့နောက်မှာတော့ မောင်နောက်က ပစ္စည်းအတိုအထွာထည့်ထားသော ခြင်းကြီးကိုဆွဲ၍ ဒေါ်မွေးက ကိုယ့်အိတ်ကိုယ်ဆွဲ၍တက်လာခဲ့ကြသည်။ သူမကတော့ လှေကားတက်နေရင်း သရုပ်ပျက်တဲ့ထိုသုံးယောက်ကို ပြန်လှည့်ကြည့်လိုက်သည်။

သူမအကြည့်ကတော့ နေနှင့်ဦးပေါ့ဆိုတဲ့သဘောမျိုးပါ။ ထိုသုံးယောက်ကတော့ ဘာကိုမှဂရုမစိုက်၊ သတိမမူ။ သူတို့တွေပဲ ကမ္ဘာတစ်ခုမှာ သီးသန့်နေထိုင်နေကြသလို။

"ဦးမာလီ. . . သူတို့သုံးယောက်က အမြဲပဲဒီလိုနေနေကျလား"

www.burmeseclassic.com

www.burmeseclassic.com



“အစ်ကိုလေးတို့က လွတ်လွတ်လပ်လပ်နေတတ်ပေမယ့် သဘောကောင်းပါတယ်”

“အဲ့ဒါ သူတို့ကောင်မလေးတွေလား”

“ဘာကိုပြောတာလဲမမလေး”

“ဪ! ဦးမာလီကလည်း မေးလိုက်တာ။ အဲ့ဒါ သူတို့ရဲ့အချစ်တွေလားလို့မေးတာ”

“အွန်း, ဟုတ်မှာပေါ့။ သူတို့က အဲ့ဒီလိုပဲအချစ်လေးတွေ အများကြီးရှိတာ”

“ဟမ်! အများကြီး။ ဒါဆို သူတို့တွေက ရည်းစားအများကြီးထားကြတာပေါ့”

“မသိဘူး။ မိန်းကလေးတွေကတော့ အများကြီးလာကြတာပဲ။ ဒါပေမဲ့ သူတို့သုံးယောက် ပြောနေကျအကြောင်းအရာတွေထဲမှာတော့ မိန်းကလေးတွေအကြောင်းမပါဘူး”

“ဟမ်! ဘယ်လိုကြီးလဲ။ ဒါဆို သူတို့က တစ်နေ့တစ်နေ့ဘာတွေလုပ်ပြီး ဘာတွေပြောပြီး ဘယ်တွေသွားနေကြတာလဲ”

“အဲ့ဒါဆိုရင် မောင်နောက်ကိုပဲမေးလိုက်တော့။ ဦးမာလီက သူကြီးဆိုတော့ သိပ်မသိဘူး။ ဪ. . . အစ်မလေးစိတ်မဆိုးနဲ့နော်



အိမ်မှာအားလုံးအဆင်ပြေဖို့ ဦးမာလီတာဝန်ယူပါတယ်။ သူဌေးက မှာသွားတယ်။ အစ်မလေးကို အစ်ကိုလေးတို့ထက် ပိုဂရုစိုက်ရမယ်ကွဲ့။ သွားခွင့်ပြုပါဦး အစ်မလေး။ အလုပ်လေးရှိနေသေးလို့”

ဦးမာလီထွက်သွားတော့ သူမက ခုံတစ်လုံးမှာ ကျကျနနဝင်ထိုင်ကာ. . .

“မောင်နောက်. . . စောစောက စကားပြန်စရအောင်”

“အစ်ကိုတို့က သူတို့အကြောင်းကို တခြားလူဆီပြောတာ မကြိုက်ဘူးဗျ”

“ဒါဆို မင်းက မပြောဘူးလား”

“အဲ့လိုလည်းမဟုတ်ဘူးလေဗျာ။ အစ်မလေးက အစ်ကိုလေးတို့ထက် ရာထူးကြီးတော့ မောင်နောက်က အစ်မလေးသဘောကိုပဲလိုက်ရမှာပေါ့”

“ငါက ဘာဖြစ်လို့ သူတို့ထက် ရာထူးကြီးသွားရတာလဲ”

“အစ်ကိုလေးတို့ကိုကျတော့ သူဌေးက တစ်နှစ်မှ တစ်ခါနှစ်ခါလောက်ပဲ လာတွေ့တာ။ အစ်မလေးကျတော့ အမြဲတမ်း သူဌေးနားမှာ ပြီးတော့ အစ်ကိုလေးတို့က အောက်ထပ်မှာ၊ အစ်မလေးက အပေါ်ဆုံးအထပ်မှာ။ ဒါ အစ်ကိုလေးတို့ထက် ပိုလို့ရာထူးကြီးတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဟုတ်တယ်။ မင်းက အမှန်တရားကိုသိပ်မြင်တတ်တာဝဲ"

"ဟဲဟဲ. . . အစ်မလေး မောင်နောက်ကိုမုန့်ဖိုးပေးနော်"

"မင်းအလုပ်ပြုတ်သွားချင်လို့လား"

"မလုပ်ပါနဲ့အစ်မလေးရယ်။ မောင်နောက်ကပျော်လို့ အစ်မလေးကိုခင်မိလို့ စတာပါ"

"အင်း. . . မဆိုးပါဘူး။ မင်းနဲ့စကားပြောရတာ ပျော်စရာတော့ကောင်းသားပဲ"

"ကိုအောင်တုက ဒေါသကြီးတတ်တာကလွဲရင် အားလုံးကောင်းတယ်။ တစ်ခါတစ်ရံမှာ သူက ပန်းချီဆွဲတတ်တယ်။ တစ်ခါတစ်ရံမှာ ဘာကျမှုတ်နေတယ်"

"ပန်းချီဆွဲတယ်၊ သူက"

"ဟုတ်တယ်။ ပိုးက မြက်ခင်းကွက်လေးမြင်တယ်မဟုတ်လား။ အဲဒီနေရာရယ်၊ အပေါ်ဆုံးထပ်က လေသာဆောင်ရယ်၊ အဲဒါကို အောင်ရဲ့စတူဒီရိုပဲ။ ကိုဒီးကတော့ ဖတ်လမ်းကြည့်တယ်၊ တယောထိုးတယ်။ ကိုယင့်ကတော့ စန္ဒရားတီးတယ်။ တစ်ခါတစ်ရံမှာ အဝေးကြီးကိုငေးကြည့်နေတတ်တယ်"



မောင်နောက်က တစ်ချက်စဉ်းစားဟန်ပြုပြီးမှ. . .

"အစ်ကိုတို့သုံးယောက်ကို မောင်နောက် သိပ်ပြီးတော့နားမလည်ဘူး။ တစ်ခါတစ်ရံမှာ သိပ်ထူးဆန်းတယ်"

"ဘာဖြစ်တာလဲ"

"အဲ့လိုပဲ။ အစ်မချောချောလေးတွေအများကြီးနဲ့ အဲ့လိုပဲလွတ်လွတ်လပ်လပ်နေတယ်"

"တစ်ခါတစ်ရံမှလား"

"အင်း. . . အဲ့ဒီလောက်ချောတဲ့အစ်မတွေကိုလည်း စိတ်မထင်ရင် အော်ငေါက်ပစ်တတ်တယ်။ အားလုံးထက် ကိုအောင်တုက ပိုဆိုးတယ်၊ တစ်ခါတစ်ရံ ဘာမှမဟုတ်ရင်လည်း စိတ်တိုနေတတ်တယ်။ တစ်ခါတစ်ရံကျတော့လည်း သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး ဘာပြောနေကြတယ်မသိဘူး ရယ်ကြတယ်"

"သူတို့ကောင်မလေးတွေအကြောင်းနေမှာပေါ့"

"မဟုတ်ဘူးဗျ။ သူတို့က မိန်းကလေးတွေကိုစိတ်မဝင်စားဘူး။ ကောင်မလေးတွေအကြောင်းပြောလေ့မရှိဘူး။ မိန်းကလေးတွေက သူတို့နောက် အပျင်းပြေပဲတဲ့။ သူတို့က တစ်ခါတစ်ရံမှာ စားပွဲတင်တင်းနစ်ကစားတယ်။ တစ်ခါတစ်ရံမှာ ရေကူးပြိုင်ကြတယ်၊ တစ်ခါတစ်ရံမှာ ဆော်ငါး

www.burmeseclassic.com

www.burmeseclassic.com



ဘောဆော့တယ်၊ တစ်ခါတစ်ရံမှာ မှန်အပြည့်ကာထားတဲ့အလုံခန်းထဲမှာ အက,ကကြတယ်၊ သီချင်းရေးတယ်၊ သီချင်းဆိုကြတယ်၊ ဒုတိယထပ်က သူတို့ရဲ့စတူဒီယိုတဲ့။ ဟိုးမှာ ဘော်လီဘောကွင်းနဲ့ ရေကူးကန်မြင်တယ် မဟုတ်လား။ အပြင်တော့ ထွက်ခဲကြတယ်။ အကြောင်းမရှိရင် မထွက်ဘူး"

"ပျင်းစရာကြီးပါလား"

"သူတို့မှာ ချစ်စရာအကျင့်လေးတွေလည်းရှိတယ်။ ဥပမာ, ကို အောတုက လူကောင်ကြီးသာကြီးတာ၊ သရဲကြောက်တတ်တယ်ဗျာ"

ထိုအခါမှာတော့ သူမ ဝါးလုံးကွဲရယ်ပစ်ပါတော့သည်။ သူမတစ်ခု ကိုသတိရလိုက်သည်။ သူမက ကားနောက်ခန်းမှ သရဲလိုအော်ပစ်လိုက်ပေါ့။

"ရှိဒီးနောင်ကရော"

"ကိုဒီးက တီကောင်ကြောက်တယ်"

"ဟား. . . ဟား. . . ဟား, အဲ့ဒီလိုပုံစံကြီးက တီကောင်ကြောက်တယ်"

သူမ တကယ်ရယ်ချင်သွားမိတာပါ။ လူကြီးကိုကြည့်လိုက်တော့ သန်သန်မာမာ ထွားထွားကြိုင်းကြိုင်းနှင့်၊ ကြောက်တော့ တီကောင်တဲ့



"ဖိုကိန်းယင့်ကရော"

"သူက ခွေးကြောက်တယ်"

"ဟား. . . ဟား. . . ဟား"

သူမသဘောကျလွန်း၍ မျက်စိလေးတွေ မှေးကျဉ်းသွားသည်ထိ ရယ်မိလိုက်သည်။ သူမသဘောကျရင်လည်း ကျချင်စရာပဲကို။ လူကြီးတွေကိုကြည့်လိုက်ရင်တော့ တောင့်တောင့်ဖြောင့်ဖြောင့်ကြီးတွေနှင့် မျက်နှာကြီးတွေကလည်း ဘာကိုမှအကြောက်အလန့်မရှိသော ဘာမထီမျက်နှာပေးကြီးများနှင့်၊ တကယ်တမ်းကြောက်တာကတော့ ဘာမှမဟုတ်တာလေးတွေကို ကြဖန်ကြောက်နေသေးသည်ကြောင့်ပဲဖြစ်သည်။ ဒီလိုဆိုပြန်တော့လည်း သူတို့နဲ့တွေ့ရတာ သူမအတွက် ပျင်းစရာမကောင်းတော့ပါ။

"မောင်နောက်"

"ဗျာ! မမလေး"

"အောတုရှိန်ကိုသွားပြောလိုက်၊ နောက်ထပ်နာရီဝက်နေရင် ငါ အပြင်သွားမယ်လို့"

"ကိုအောတုက"

"သွားပြောလိုက်ပါ"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



မောင်နောက်က ဒေါသကြီးတဲ့အောတုရှိန်ကိုတော့ လန့်ပုံရသည်။ အို့သော်လည်း မလွန်ဆန်နိုင်သူမို့ မအီမလည်ကြီးပင် ဆင်းသွားရသည်။

သူမက အကြံနှင့်မို့ တစ်ဖက်လှည့်ကာ ပြုံးနေလိုက်သည်။ သူမကို အရေးမလုပ်ချင်တဲ့အောတုရှိန်ရဲ့ဒေါသတကြီးမျက်နှာကို မြင်ယောင်မိပါသေးသည်။ ဒါ အောတုရှိန် သူမထံရောက်လာစေတဲ့ အကောင်းဆုံးနည်းလမ်းပါပဲ။

သူမထင်ထားတာ မလွဲပါ။ တဘုန်းဘုန်းနှင့်ပြေးတက်လာသော အောတုရှိန်ရဲ့ခြေသံပြင်းပြင်းကို သဘောကျစရာကောင်းလောက်အောင်ပင် အရသာခံ နားထောင်နေလိုက်သည်။

"ဟော့. . . ဟော့"

"ရှင့်မှတ်ဉာဏ်က နည်းလှချည်လား။ ငါ့နာမည်က လှဦးမယ်"

"မင်းဟာမင်း ဘာကြီးပဲမှည့်မှည့် ငါ့မျက်စိထဲမှာတော့ မင်းက S.P မဘဲ"

"S.P ဟုတ်လား။ အဲ့ဒါဘာလဲ"

"ဟား. . . ဟား. . . စောပေါက်လေ"

"ဘာ! ရှင်. . . ရှင်"

"ဟား. . . ဟား. . . ဟား"



သူမက ဒေါသဖြစ်ရင် အောတုရှိန်က ပိုသဘောကျလေဖြစ်မှာမို့ သူမက အောတုရှိန်ကို အဲ့ဒီလိုစိတ်ချမ်းသာမှုမဖြစ်စေချင်ပါ။ ဒါကြောင့်ပင် မျက်နှာကိုပြန်ပြင်ကာ. . .

"နာမည်ဆိုတာ ပညတ်ချက်ပဲ။ ရှင့်ဟာရှင် ဘယ်လိုခေါ်ခေါ် ငါဂရုမစိုက်ပါဘူး။ ငါ့စိတ်ထဲမှာလည်း ဘယ်လိုမှမနေဘူး"

သူမက အဲ့လိုလေး ဂရုမစိုက်သလိုပြောလိုက်ပြန်တော့ အောတုရှိန်မျက်နှာကြီး ကြောင်သွားပြန်သည်။ စောစောက သဘောကျနေတာလေးတောင် ဘယ်ပျောက်သွားမှန်းမသိ။ နောက်တော့မှ လာရင်းကိစ္စကိုသတိရသွားဟန်နှင့်။

"ဟော့. . . ငါ မင်းကိုလိုက်မပို့နိုင်ဘူး"

"ဒီနေ့ ရှင့်အလှည့်။ မနက်ဖြန် ရိုဒီးနောင်၊ နောက်နေ့ ဇိုကိန်းသင့်။ ဒါအလှည့်ကျပဲ။ ရှင်စည်းဖောက်ချင်နေပြီလား"

"မပို့နိုင်ဘူးကွာ"

"မိန်းကလေးတစ်ယောက်ရှေ့မှာ အဲ့ဒီလို အကျိုးမပါဘဲ မနေသင့်ဘူး ရှင်မသိဘူးလား"

"ဘယ်မှာလဲ။ ငါတဘက်ခြုံလာတာ မင်းမတွေ့ဘူးလား"

သူဖြေရှင်းပြီးသွားကာမှ တစ်ခုခုကိုသတိရသွားဟန်နှင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းကိုဘာဂရုစိုက်နေရမှာလဲ။ ဒါ ငါတို့ပိုင်နက်၊ ငါ့ဟာငါ ကြိုက်သလိုနေမယ်။ မနေနိုင်ရင် မင်းကြိုက်တဲ့အချိန်သွားနိုင်တယ်"

မေတ္တာတုံးချင်စရာအပြောကြောင့် သူမက မသိမသာအံတစ်ချက် ကြိတ်လိုက်ကာ. . .

"နောက်. . . နာရီဝက်နေရင် ငါအပြင်သွားမယ်"

"ငါနဲ့မဆိုင်ဘူး။ မပို့နိုင်ဘူး"

"အောတုရှိန်"

"ဟား. . . ဟား"

သူက ခနဲ့တဲ့တဲ့ပင်ရယ်ကာ ဆင်းသွားပါသေးသည်။ သူမမှာသာ သူ့ပုံစံကြောင့် မခံမရပ်နိုင်ဖြစ်သွားရကာ၊ သူ့နောက်သို့တဘုန်းဘုန်းနှင့် ပြေးလိုက်လာသည်။ ပြီးနောက် လှေကားတစ်ဝက်ပင်ရှိသေးသော အောတုရှိန်ရဲ့ကိုယ်ကြီးကို ပခုံးစွန်းနှင့်တိုက်ပစ်ကာ အောတုရှိန်ကိုကျော်ပြီး အရင်ဆင်းလာခဲ့သည်။

သူမအောက်ထပ်ကိုရောက်တော့ စောစောကကောင်မလေးတွေ ရှိမနေကြတော့။ ဇိုကိန်းယင့်က ထုံးစံအတိုင်း Piano တီးလျက်။ ရှိုဒီးနောင်က တီဗွီကိမ်းဆော့လျက်ပင်။ လှေကားတစ်ဝက်မှာရပ်နေသော အောတုရှိန်ကလည်း သူမကိုပြူးပြူးကြီးကြည့်နေသည်။ သူတို့အားလုံးက သူမဘာလုပ်မလဲဆိုတာ စိတ်ဝင်စားနေကြမှာ သေချာပါပြီ။



သူမက အားလုံးကိုမထိမဲ့မြင်တစ်ချက်ကြည့်ကာ ဖုန်းနံပါတ်တစ်ခုကိုကောက်နှိပ်လိုက်သည်။

"ဘဘ. . . အီး. . . အီးဟီး"

ဟန်ဆောင်ပန်ဆောင်နှင့် ငိုချပြလိုက်သေးသည်။

"ဘဘ"

"ပြော. . . သမီး၊ သမီးကို ဟိုကောင်တွေ"

"အီး. . . ဟီးဟီး. . . အောတုရှိန်က. . . သမီးကို"

ထိုအခါမှာတော့ အောတုရှိန်က မခံမရပ်နိုင်၊ တဘုန်းဘုန်းနှင့် ပြေးဆင်းလာကာ သူမလက်ထဲမှဖုန်းခွက်ကို လုကိုင်လိုက်သည်။

"အဖေ ဘာမှမဟုတ်ဘူး။ ဒီ S.P မ သက်သက်ညာဏ်များနေတာ"

"..."

"ဟာ. . . မဟုတ်ဘူး၊ ကျွန်တော်လိုက်ပို့မယ်လို့ပြောတဲ့ဟာကို သူက နားကြားမှားသွားတာ"

"..."

"ဟုတ်. . . ဒါပဲနော်"

ဟုမအီမသာနှင့် ဖုန်းကိုချပစ်လိုက်သည်။ ပြီးနောက် ကျွေးကျေ

www.burmeseclassic.com

www.burmeseclassic.com



နှပ်နှပ်ကြိုးပြီးနေသောသူမကို ထိမထင်ကြည့်ကာ. . .

"နာရီဝက်ထက်ကြာသွားရင် လိုက်မပို့ဘူး"

ဟုမကျေမနပ်ပင် တုံးတိုကြီးပြောကာ သွားလိုက်သည်။ သူမက လည်း ဆန္ဒပြည့်သွားသူမို့ ကျေကျေနပ်နပ်ကြီးပင် လိုက်ခဲ့လိုက်သည်။ ဖိုက်နီးယင့်နှင့် ရှိဒီးနေခေါင်ကိုပင်လှည့်ကာ လျှာလေးထုတ်ပြလိုက်သေး။ သူတို့နှစ်ယောက်ကိုကြည့်ပြီး ဖိုက်နီးယင့်နှင့်ရှိဒီးနေခေါင်မှာ မျက်နှာချင်း ဆိုင်ပြုံးမိလိုက်ကြသည်။

"အောတုရဲ့ဆရာ ပေါ်လာပြီ"

"ရယ်တော့ရယ်ရတယ်ကွ။ သူက နည်းနည်းဉာဏ်များတော့ အသစ်ဖြစ်တာပေါ့ကွာ"

"အဲ့ဒီအသစ်က မကြာခင် ငါတို့နှစ်ယောက်ကိုပါ ပတ်မွှေတော့ မှာ"

"မပူပါနဲ့။ သူက အဓိကရန်လုပ်ချင်တာ အောတုပဲ။ ငါတို့သက် သာမှာပါ"

"သူ့ကို နည်းနည်းတော့အံ့သြတယ်"

"ဘာဖြစ်လို့လဲ"

"အောတုက ဒေါသဖြစ်ရင် မျက်နှာတစ်ခုလုံးနီရဲနေတာ။ ကောင်



မလေးတွေမပြောနဲ့။ ငါတို့နှစ်ယောက်တောင် ဒီကောင့်ဒေါသကို ရှိန်း တယ်။ ဒါတောင် လှဦးမယ်က နည်းနည်းမှမလန့်ဘူး"

"မင်းသတိမထားမိလို့ပါ။ အောတုရဲ့ဒေါသက သူ့အပေါ်မှာတော့ မကြမ်းဘူး"

"အင်း. . . စိတ်ဝင်စားစရာပါပဲ"

"လှဦးမယ်က နည်းနည်းပေါက်ကရနိုင်တာကလွဲလို့ ချစ်စရာ ကောင်းပါတယ်"

"အင်း. . . ငါလည်း သူနဲ့နေရတာပျော်တယ်။ ကသိကအောက် နိုင်တာက လွဲလို့ပေါ့"

"ငါတို့ကလည်း လှဦးမယ်အကြောင်းပြောဖြစ်နေပြန်ပြီ"

"ငါမှတ်ထားသလောက်တော့ ငါတို့တွေ ခေါင်းချင်းဆိုင်ပြောတာ လှဦးမယ်က ပထမဆုံးပဲ"

ရှိဒီးနေခေါင်ရဲ့ထိုသို့မှတ်ချက်မှာတော့ အတူတူပြုံးမိသွားကြတော့ သည်။ ထိုအပြုံးက တစ်ခုခုကြောင့် သက်ဝင်လှုပ်ရှားနေသလို။

♫ ❡ ♫

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

"ကဲပြော. . . ငါဘယ်ကိုပို့ပေးရမှာလဲ"

အဲ့ဒီလိုကြီးမေးလာပြန်တော့လည်း သူမက ဘာပြောလို့ပြောရမှန်းမသိပြန်ပါ။

"မင်း ငါ့ကို တမင်ဂျစ်တိုက်တာမဟုတ်လား"

"ထင်ချင်သလိုထင် အောတုရှိန်၊ ငါဗိုက်ဆာတယ်"

"မင်း အဲ့ဒီဗိုက်ဟာ အချိန်ပြည့်ဆာနေတာပါပဲလား"

"ရှင့်ကို ဒီတစ်ခါတည်းပြောဖူးပါသေးတယ်နော်"

"မင်းစားချင်တာ ဝက်သားတုတ်ထိုးတို့ အချဉ်ပေါင်ဆော့ လမ်း

www.burmeseclassic.com

www.burmeseclassic.com



သားရေခဲရေကိုလား"

မဲ့ရွဲ့ပြောလာတဲ့အောတုရှိန်ကို မကျေနပ်လှသော်လည်း အံ့ဩမိပါသည်။ သူမ ဒါတွေစားတာ အောတုရှိန် ဘယ်တုန်းက သိသွားပါလိမ့်။

"ရှင်က. . . ငါ့ကိုတော်တော်စိတ်ဝင်စားတယ်ထင်တယ်နော်။ ငါ့ကိုကြိုက်နေတာလား"

"အဟွတ်. . . အဟွတ်. . . အဟွတ်"

သူမစကားက အဲ့လောက်ထိအောင်ပဲ ရယ်စရာဖြစ်သွားပြီလား။

"မင်းကို၊ ငါက အဟားဟား. . . မင်း စိတ်ရောဂါကောင်းသေးရဲ့လား. . . ဟား"

"ဘာလဲ၊ ငါ့ရုပ်က ကာတွန်းရုပ်ပေါက်နေလို့လား"

"ဟားဟား. . . မင်းတကယ်ရယ်ရတာပဲ၊ ဘာမှမဟုတ်တဲ့ ဘဝင်က ကိုင်ချင်သေးတယ်။ တကယ်ရယ်ရတယ်"

"အံမယ်! ငါက နောက်တာပါနော်။ ရှင့်ကိုလည်း ငါကမကြိုက်ပါဘူး"

"ဘယ်သူကရော ငါ့ကိုကြိုက်သလားလို့မေးနေလို့လဲ"

"ဘယ်သူကရော ရှင့်ကိုကြိုက်နေလို့လဲ"

"မသိဘူးလေ၊ မိန်းကလေးတွေစိတ်ကို ငါမဖတ်တတ်ဘူး"



"အံမယ်. . . စွပ်စွပ်စွဲစွဲ၊ လူကိုဘာမှတ်နေသလဲ"

"ဘယ်သူကရော ဘာပြောနေလို့လဲ၊ ဟား. . . ဟား"

ထိုအခါကျတော့လည်း သူမဘာမှမပြောနိုင်ပြန်ပါ။ ရယ်လိုက်ရင်လည်း တစ်မျိုးလေး ကြည့်ကောင်းနေပြန်တဲ့ အောတုရှိန်ကို သူမ တဒင်္ဂလေး ငေးမောမိသွားသည်။ သူမရင်ထဲ ချောလိုက်တာဆိုတာမျိုးက ဖြစ်ပေါ်ကောင်းဖြစ်ပေါ်နေလိမ့်မည်။

"ဟေ့ S.P မ၊ မင်း ငါ့ကို ဘာဖြစ်လို့ အဲ့လောက်ငေးနေရတာလဲ၊ ငါက ချောလို့လား"

"အွတ်. . . ရှက်လည်းမရှက်ဘူး"

"ပြောပါ။ မင်းကိုဘယ်ပို့ပေးရမှာလဲ၊ ငါစိတ်ကောင်းဝင်နေချိန်ပြောနော်"

"ရှင်. . . ငါ့ကိုတစ်ခုခုလိုက်ကျွေးချင်စိတ်မရှိဘူးလား"

"အွန့်ဟွန်း. . . မရှိဘူး"

"ရှင် တခြားမိန်းကလေးတွေကိုရော မကျွေးဘူးလား"

"လှရင်တော့ ဟုတ်တယ်။ မလှရင်တော့"

"ဩော် ငါက မလှဘူးဆိုတဲ့သဘောပေါ့လေ"

"ကိုယ့်ကိုယ်ကိုသိလည်း ပြီးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ညနေစောင်းပြီဆိုတော့ ငါ့ကိုကန်တော်ကြီးပို့ပါလား"

"ဘာလုပ်မှာလဲဟာ၊ ပျင်းစရာကြီး"

"ငါက အဲဒီကိုပဲသွားချင်တာ"

"မင်းတို့တောသားတွေဟာ အဲ့ဒါပဲခက်တာ"

"အံ့မယ် ရှင်တို့ကရော မသွားလို့လား။ ရှင်တို့နိုင်ငံခြားက ပြန်ပြန်လာချင်းတောင် မမေ့နိုင်။ ကန်တော်ကြီးသွားကြတာပဲ"

"ဘာ. . . ဘယ်လို"

"ဘာမှမဟုတ်ဘူး"

"မင်းက ငါတို့ကို အဲ့ဒီတုန်းကတည်းက သိနေတာလား"

"ဘယ်သူက သိတယ်ပြောလို့လဲ"

"မသိလည်းပြီးတာပဲ။ အဲ့ဒီကိုတော့ မသွားချင်ဘူး။ တခြားကိုပို့နိုင်း"

"အဲ့ဒါဆိုရင် ညဈေးတန်း"

"ဘာလုပ်မှာလဲဟာ။ မင်းက သိပ်အပေါစားဆန်တာပဲ"

"ငါ ဝက်သားတုတ်ထိုးစားချင်တယ်။ ဟုတ်ပြီ။ အဲ့ဒီကိုလိုက်ပို့"

"မပို့ဘူးဟာ"

"ဒီမှာတွေ့လား"



သူမလက်ထဲမှာ အောတုရှိန်ရဲ့ဟမ်းဖုန်းက ရောက်နေပေပြီ။

"မင်း ဘယ်တုန်းက ယူထားတာလဲ"

"လျှင်သူ့ ဆရာပဲလေ"

"မင်းကို ငါစိတ်တိုတယ်"

"တိုလိုက်ပေါ့။ ဟော့ အောတုရှိန် ကားကိုရပ်လိုက်တော့။ ရှေ့မှာ ရှေ့မှာ ဝက်သားတုတ်ထိုး။ ငါစားချင်လာပြီ"

"S.P မ၊ မင်းဟာ သိပ်ပေါတာပဲ။ ဒီလောက်လူအများကြီးကို"

"ဟာ. . . မသိဘူး။ ရပ်ရပ်"

သူမက ကားတံခါးဖွင့်ဖို့ ဟန်ရွယ်လိုက်တော့လည်း သူက မရပ်လို့မရတော့။ သူကားရပ်ပေးလိုက်သည်နှင့် သူမက ကားပေါ်မှ ခုန်ဆင်းပြေးကာ အငွေ့တထောင်းထောင်းထနေသော ဝက်သားတုံးဖလုံနား အပြေးရောက်ရှိသွားသည်။

သူသိပ်အံ့သြသွားပါသည်။ အဖလို စည်းကမ်းကြီးသောပုဂ္ဂိုလ်တစ်ယောက်ဆီမှာ ကြီးပြင်းလာတဲ့မိန်းကလေးက ဖြစ်သလိုနေတတ်နေလို့ပါ။ အဖက သူတို့ကိုတော့ အဆင့်အတန်းမြင့်မြင့်နှင့် စမတ်ကျကျဖြစ်အောင် ပြုစုပျိုးထောင်ခဲ့ပြီး အနီးနားမှာနေရတဲ့ ထိုမိန်းကလေးကိုကျတော့ အဲ့သလိုကြီးဖြစ်နေတာ အတော်အံ့သြဖို့ကောင်းလှပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဖေက လှဦးမယ်ကိုတော့ တော်တော်ချစ်ပုံရသည်။ ချစ်မှာပေါ့လေ။ သူ့ရဲ့တစ်ဦးတည်းသောမျိုးဆက်ပဲဟာကို။ လှဦးမယ်က အဖေရဲ့တစ်ဦးတည်းသောဆွေမျိုးမို့ သူ့ကောင်းပေးချင်ပါသည်။ သို့သော် လှဦးမယ်ကိုမြင်တိုင်း ဘုတောပစ်ချင်တဲ့စိတ်တစ်ခုက ပြင်ရမ့်မရ။

အဖမှာ တူမလေးတစ်ယောက်ရှိတယ်ဟု သူတို့ကိုပြောခဲ့စဉ်တုန်းက အဖေရဲ့တူမဆိုသူကို သူမျက်စိထဲမှာ မြင်ယောင်မိခဲ့သည်။ ဣန္ဒြေရှိရှိ ကျက်သရေရှိရှိ ဆံပင်ရှည်ရှည်၊ ယဉ်ယဉ်ကျေးကျေးနှင့် အဆင့်အတန်းရှိရှိနှင့် လှလှလေးဖြစ်မည်ဟု။ တကယ်ှာမ်းတွေ့လိုက်ရတော့ စွာလန်ကျဲ၊ အရုပ်ပုပုနှင့် ဆံပင်ကောက်ကောက်လေး ဖြစ်သလိုနေတတ်တဲ့ လှဦးမယ်ဖြစ်နေခဲ့သည်။ သူ အံ့ဩရမလား၊ ရယ်ရမလားပင် မသိတော့ခဲ့တော့။

"အောတုရှိန်. . . ရှင်မစားဘူးလား"

ထို S.P မလေးက ပါးစပ်ထဲ မဆန့်မပြဲကြီးနှင့် သူ့ကိုလှမ်းအော်လာသည်။ သူက ဘယ်တုန်းအခါကမှ လမ်းဘေးစာတွေမစားဖူးခဲ့သူမို့ လက်ရမ်းပြလိုက်သည်။ ဒါကိုပဲ S.P မက မကျေမနပ် ဖြစ်သွားသည်ထင် ပါရဲ့။ သူ့ကို ကားပေါ်က အတင်းဆွဲချလာသည်။

"ဘယ်လိုဖြစ်နေတာလဲ"



"လာပါ၊ ငါကျွေးမှာပါ"

"ငါမစားချင်ဘူး"

"အရမ်းစားကောင်းတာ၊ အရသာရှိတယ်။ ဒီးနားဆိုရင် သူချည်းပဲကျွေးတာ။ ရှင့်ကိုအထူးအခွင့်အရေးအနေနဲ့ ငါကျွေးမှာ။ ရှင်ကံကောင်းတယ်မှတ်"

"ငါ၊ အဲ့လိုမျိုးတွေမစားဖူးဘူး"

"စားကောင်းတယ်"

"ငါ"

"ရှင်ရှက်နေသလား။ လူအများကြားမှာ ရှင်မစားရဲဘူးမဟုတ်လား"

"ဘာမစားရဲစရာရှိသလဲ"

"ရှင်မစားရဲပါဘူး။ လူတွေကိုရှက်နေပါတယ်"

"ငါက ဘာဖြစ်လို့ရှက်ရမှာလဲ။ လာ,စားမယ်။ မင်းရှင်းနိုင်ရဲ့လား"

"အများကြီးတော့ မစားနဲ့ပေါ့"

"အကုန်လုံးကို စားပစ်ဦးမှာ"

သူမသဲဘောကျသွားပါသည်။ အောတုရှိန်က သူမလှိမ့်ကွက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ထိတင်သွားလို့ပါ။ အဲ့ဒီဒေါ်သအိုးက မခံချင်အောင် ပြောပေးတာနဲ့ စဲတန်တယ်ဟု ကြုံးဝါးပစ်လိုက်သည်။ အောတုရှန် ဆိုင်ထဲဝင်ထိုင်လိုက်သည်နှင့် အချိုမိန်းကလေးတွေက အောတုရှိန်ကို တစေ့တစောင်းအကဲခတ်လာကြသည်။

သူမရင်ထဲ မနာလိုလေးဖြစ်သွားသည်။ အောတုရှိန်က ချောလို့လား။ အောတုရှိန်ကိုကြည့်လိုက်တော့ အောတုရှိန်မှာ ဘာကိုမှစိတ်ဝင်စား အလေးထားပုံမရ။ မခံချင်စိတ်လေးဖြင့်သာ ဂေါ်သားတုတ်ရှ် တစ်ချောင်းပြီးတစ်ချောင်းကုန်အောင် အချဉ်ရည်နှင့်တို့စားပစ်နေသည်။

"အောတုရှိန်"

သူမဘာဖြစ်လို့ခေါ်မိနေပါလိမ့်။ တကယ်တမ်းတော့ သူမှာ ဘာမှပြောစရာမရှိ။

"အောတုရှိန်"

"ဘာလဲ. . . ဘာလဲ. . . ဘာလဲ။ တကယ်နားငြီးတယ်"

"အံမယ်! ဘယ်သူက ရှင့်ကို အားတိုင်းခေါ်နေလို့လဲ"

"ငါက မင်းကိုဘယ်လိုမှမစွပ်စွဲပါဘူး"

"အောတုရှိန်, တော်ပြီ နားတော့။ ရှင်စားတာ များနေပြီ"

"ဘာများနေပြီလဲ။ မင်းပဲ ငါ့ကိုဖိတ်ခေါ်ထားတာ။ ငါက တသ



ကျေကောင်းတော့ စားရမှာပဲ။ မင်းပိုက်ဆံကုန်ပါစေ"

"ငါပိုက်ဆံကုန်တာက အကြောင်းလား။ ရှင်ဗိုက်နာနေမှာ စိုးနိမ်လို့"

အမှတ်တမဲ့ပြောမိလိုက်တဲ့ သူမရဲ့စကားအဆုံးမှာတော့ စားလက် ဂေါ်သားတုံးပင် ပါးစပ်ထဲ ပျောက်သွားရသည်။ သူမက အငြ ကိုရိုပ်စားမိသွား၍ မှားသွားပြန်ပြီဟုယူဆကာ. . .

"ငါပိုက်ဆံကုန်ရင် ရှင်အစားကြီးလို့ပဲ။ ရှင့်ဆီကပဲ ချေးသုံးမှာ"

"မပေးဘူး။ ငါက အဲ့လောက်မချမ်းသာဘူး"

"ကပ်စေးနှဲ ရှော့ ရှော့ဘူး။ ရှင်က လမ်းဘေးရေခဲရေ မသောက် ဟုတ်လား"

"လမ်းဘေးပဲမဟုတ်ဘူး။ ငါက ရေခဲရေမသောက်ဘူး။ ငါတို့ ဘယ်လောက်မှမလိုတော့ဘူး"

"အဲ့ဒီရှိုးပွဲရောက်ရင် ငါလည်းလိုက်မှာနော်"

"မင်းကို ဘယ်သူခေါ်မှာမို့လဲ"

"အဲ့ဒါဆိုရင် ရှင်တို့ဒုက္ခရောက်သွားမှာပေါ့။ ဟဲဟဲ. . . သတင်း တွေကို ငါဖြေပြီးပြီလေ။ ဒီရှိုးပွဲမှာ ငါလည်းပါမယ်လို့။ ဒီသတင်း နယ်ထဲနှံ့နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း. . ."

"စိတ်တိုနေပြန်ပြီလား။ စိတ်တိုရင် ၊ ..ကတ်တိုတယ်။ ရှင်တော့

ငယ်ရွယ်ရွယ်နဲ့သေဦးမယ်"

"လှဦးမယ်"

"S.P ထက်စာရင် နားထောင်လို့ကောင်းတယ်။ နောက်လည်း

လား။ မေ့ပဲခေါ်နော်"

"S.P မ၊ မင်းကို ငါအစိမ်းလိုက် ဝါးစားပစ်ချင်ပြီ"

"ဝါးစားလိုက်လေ။ ငါက ပိန်တော့၊ အရိုးတွေ ရှင့်အာခေါင်မှာ

စူးသွားမယ်"

"လှဦးမယ်"

"ရှင်ဒေါသထွက်နေတဲ့အသံက ရယ်ချင်စရာကြီး. . . ပလုံး

ပထောင်းကြီးနဲ့။ ကဲ! ရှင်ဆက်စားမှာလား။ ထပြန်မှာလား"

"ပြန်မယ်"

"အကုန်အကျသက်သာတာပေါ့"

သူမက မထိတထိကလေးပြောကာ ပိုက်ဆံရှင်းပြီး သူ့နောက်မှ

အမောတကောလိုက်လာပြန်သည်။ သူက ဒေါသဖြစ်ဖြစ်နှင့် ခြေလှမ်း

ကျဲကြီးလှမ်းနေပုံမှာ သူမအတွက် ရယ်စရာဟာသတစ်ပုဒ်နှယ်။



"အောတုရှိန်, ငါ ရုပ်ရှင်ကြည့်ချင်တယ်"

"ဒီအချိန်မမီတော့ဘူး"

"ငါ့ကိုတောသားဆိုပြီး ညာချင်တာပေါ့လေ။ ငါက အဲ့လောက်

အသူ။ (၉)နာရီခွဲပွဲမီတယ်"

"လှဦးမယ်, မင်းတော်တော်ရှုပ်ပါလား"

"ဘယ်လိုပြောပြော, ရတယ်။ ငါရုပ်ရှင်ကြည့်မယ်"

"လှဦးမယ်၊ ငါတကယ်စိတ်မရှည်တော့ဘူးနော်"

"ငါရုပ်ရှင်ကြည့်မယ်၊ မကြည့်ရရင် မပြန်ဘူး"

"ဇာတ်လမ်းမကောင်းဘူး"

"မကောင်းချင်နေ၊ ကြည့်မယ်"

"လှဦးမယ်"

"ကြည့်မယ်၊ ရုပ်ရှင်ကြည့်မယ်"

ဖွတ်တရွတ် တရစပ်ပြောနေသောလှဦးမယ်ကြောင့် သူအရှုံးပေး

ခိုင်တော့သည်။

"ငါက အဲ့လိုငြိမ်ငြိမ်ကြီးနေရတာမျိုး မကြိုက်ဘူး"

"ငါရုပ်ရှင်ကြည့်မယ်"

"မင်းကြိုက်တဲ့ဆိုင်ပြော၊ ငါတစ်ခုခုလိုက်ကျွေးမယ်ဆိုရင်ရော"

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရှင်ကြည့်မယ်"

ဘယ်လိုမှမရတော့မှန်း သူသိလိုက်ပါပြီ။ သူ့ဒေါသဖြစ်ဖြစ်နှင့်ပင် စတီယာရင်ကို ဘုန်းခနဲရိုက်ချပစ်လိုက်ပေမယ့်လည်း ရုပ်ရှင်လက်မှတ်တော့ ဝယ်ဖြစ်သွားပါပြီ။

"ငါ့ဘဝမှာ ဒါပထမဆုံးပဲ"

"ငါ့ကို ရေခဲမုန့်ဝယ်ကျွေးပါလား"

"မင်းမှာ ပိုက်ဆံမပါဘူးလား"

"ငါက ရှင့်ကိုဝယ်ကျွေးခိုင်းတာ"

"မဝယ်ပေးဘူး"

"အောတုရှိန်, ဟဲဟဲ. . . ရှင့်ကို သူများတွေ အများကြီးကြည့်နေကြတယ်နော်"

"အဲ့ဒါ ငါကဘာလုပ်ရမှာလဲ"

"ကြည့်နေကြတဲ့အထဲမှာ မိန်းမလှလေးတွေအများကြီးပါတယ်"

"ဘာလုပ်ရမှာလဲ"

"မဝယ်ပေးရင် ရှင်အရှက်ကွဲအောင် ငါက ထိုင်ငိုပစ်လိုက်မယ်"

"လုဦးမယ်. . . မင်း"

"ဝယ်မှာလား မဝယ်ဘူးလား"



တကယ်လုပ်မယ့်သူမပုံကြောင့် အောတုရှိန်မှာ မာန်လျော့လိုက်ရပုံမျိုးနှင့် မသက်မသာပင် ရေခဲမုန့်သွားဝယ်ရပြန်သည်။

"ရော့"

"ရှင်က အရမ်းလိမ္မာတယ်"

"စိတ်ညစ်တယ်"

"အောတုရှိန်, ငါ,ပြောင်းဖူးပေါက်ပေါက်လည်း စားချင်တယ်"

ထိုအခါမှာတော့ အောတုရှိန်က ဘာမှမပြောတော့ပဲ ပေစောင်းစောင်းနှင့်သာကြည့်ပါတော့သည်။ သူမက အောတုရှိန်ရဲ့မျက်နှာကြက်ကို သိသွားပြီမို့ ပျော်ရွှင်သွားရသည်။

ရုပ်ရှင်ရုံထဲရောက်တော့ ဗိုက်ပြည့်နေသောသူမက ငိုက်မြည်းစပြုလာပါပြီ။ ရုပ်ရှင်စပြသည်နှင့် သူမက ငိုက်လာပါတော့သည်။ အမှန်တကယ်တော့ သူမကလည်း ရုပ်ရှင်မကြည့်ချင်ပါ။ အောတုရှိန်ကို တမင်တကာဂျစ်တိုက်ချင်၍သာပဲဖြစ်သည်။

အောတုရှိန်ကလည်း ဒါကိုသိသိချည်းနှင့်ခံနေရ၍ ပိုပြီးကြိတ်မနိုင်ခဲမရဖြစ်ရပါသည်။ သူ့ပခုံးပေါ်ငိုက်ကျလာတဲ့ သူမခေါင်းကို တွန်းဖယ်ပစ်ချင်ပေမယ့် အသာအယာထိန်းထားပေးလိုက်ပါသည်။ လက်ထဲမှာကိုင်ထားလက်စ ပေါက်ပေါက်ဘူးလေးက အကျီပေါ် မှောက်စင်နေ

www.burmeseclassic.com

www.burmeseclassic.com



တာချောကြောင့် သူက မရဲတရဲပင် ခါချပေးလိုက်သေး၏။ သူ့ကိုယ်သူအံ့သြရပါသည်။ သူ ဘယ်တုန်းက ကြင်နာတတ်သွားပါလိမ့်။

သူမက အိပ်ရေးပုပ်သူဖြစ်မည်ထင်ပါသည်။ အိပ်နေလိုက်တာများ ပခုံးပေါ်မှာမှီထားတဲ့ခေါင်းပင် ခဏခဏပြုတ်ကျနေပါသည်။ သူမရဲ့ခေါင်းကို လက်ကလေးနှင့်ထိန်းပေးပြီး ဂရုစိုက်နေရ၍ ရုပ်ရှင်ဇာတ်လမ်းပင် ဘယ်လိုပြီးသွားမှန်းမသိ။

"လှုဦးမယ်. . . လှုဦးမယ်"

"ဟင်! ဇာတ်လမ်းပြီးသွားပြီလား။ ဇာတ်လမ်းကောင်းသလား အောတုရှိန်"

"အင်း. . . အဲ ဪ. . . ကောင်းတယ်။ အရမ်းရယ်ရတာ"

"ရှင်ရူးနေပြီ။ အခုကြည့်တာ ဟာသကားမှမဟုတ်ဘဲ"

"ဘာကားဖြစ်ဖြစ်၊ ငါက ရယ်ရတယ်ဆို ရယ်ရတယ်။ လာပြန်မယ်"

သူမနှင့်သူက ထုံးစံအတိုင်း ဗျစ်တောက်ဗျစ်တောက်။ အိပ်မှုန်မသေသေးတဲ့သူမက သူ့ကိုပင်ထပ်ပြီးရန်မလုပ်နိုင်တော့ဘဲ ကားထဲရောက်သည်နှင့် ကူရှင်ကိုမှီပြီး အိပ်ပျော်နေပြန်သည်။ အခုကျတော့လည်း အပြစ်ကင်းစင်သည့်ကလေးမတစ်ယောက်လိုပါပဲလား။



သူ့ချစ်တိထားမိလိုက်သည်က ကားကို သူ အညင်သာဆုံးမောင်းနေတယ်ဆိုတာပါပဲ။

"လှုဦးမယ်, အိမ်ရောက်ပြီ"

သူက လှုပ်နှိုးလိုက်ပေမယ့် သူမက ရှုံးရှုံးရှဲရှဲပင် အိပ်မောကျသေးသည်။

"လှုဦးမယ်. . . လှုဦးမယ်"

တကယ်ပဲ သူမအိပ်မောကျနေပြီထင်ပါရဲ့။ အိပ်နေပုံလေးမှာ ပီတိကလေးတစ်ယောက်နှယ် အပြစ်ကင်းလှပါသည်။ သူအိပ်မောကျနေသောသူမလေးကို ကြည့်နေရင်းဖြင့်ပင် ထပ်ပြီးမနှိုးရက်တော့အောင်ဖြစ်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

မနက်မိုးလင်းလာတော့ သူမက မူလအကျင့်အတိုင်း ညအိပ်ဝတ်ကြီးနှင့်ပင် ဝရန်တာဘက် ထွက်ရပ်ပစ်လိုက်သည်။

သူမကို မထင်မှတ်ထားတဲ့မြင်ကွင်းတစ်ခုက သာယာနာပျော်ဖွယ် ဆီးကြိုနေခဲ့သည်။

မှန်ပါသည်။ လူချောလေးသုံးယောက်က အသီးသီးကိုယ်စီ အားကစားလေ့ကျင့်ခန်းလုပ်နေကြလို့ပါ။ သုံးယောက်လုံး တက်ညီလက်ညီနှင့် လှပသောမြင်ကွင်းက ကြည့်ကောင်းလှပေမယ့် သူမက ထုံးစံအတိုင်း ဝင်ရှုပ်နေမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူမက ထပ်ပြီးဘာမှစဥ်းစားမနေတော့ဘဲ အားကစားဝတ်စုံလဲကာ အောက်ထပ်သို့ပြေးဆင်းလာခဲ့သည်။ ပြီးနောက် အားကစားလုပ်နေသော သူတို့သုံးယောက်ကြားဝင်ရောကာ တံတိသလောက်မှတ်သလောက်လေး အစီအစဥ်မကျ ကိုးရိုးကားရားနှင့် ဝင်လုပ်နေလိုက်သည်။

ကမောက်ကမပုံစံနှင့် သူတို့ကို တမင်ဝင်လာရှုပ်နေသောသူမကို စိတ်မတိုမိကြဘဲ ရယ်မိလိုက်ကြသည်။ ရယ်နေသောသူတို့သုံးယောက်ကို သူမက ပြူးကြောင်ကြောင်လေးလှမ်းကြည့်ကာ. . .

"ဘာရယ်တာလဲ"

သို့သော် ထိုသုံးယောက်က သူမအမေးကိုမဖြေကြပါ။ သူမရောက်လာကာမှ သူမအနားမှထွက်သွားကြသော သူတို့သုံးယောက်ကို သူမက သနားစဖွယ်လေးကြည့်ကာ. . .

"မလုပ်ကြတော့ဘူးလား"

"ပြီးသွားပြီ။ ငါတို့အပြေးကျင့်တော့မှာ"

ရှိဒီးနောင်ကပြောလိုက်သည်တွင် သူမက အားတက်သရော. . .

"ငါလည်းလိုက်မယ်လေ"

"ပြေးနိုင်လို့လား"



"ပြေးနိုင်ပါတယ်"

မပြေးနိုင်ပေမယ့်လည်း သူမက အားတက်သရော။

ပထမပြေးခါစမှာတော့ သူမက အောတုရှိန်ကိုရော၊ ရှိဒီးနောင်ကိုရော၊ ဖိုကိန်းယင့်ကိုပါ သာနေသေးသည်။ နောက်တော့ သူမတာ တဖြည်းဖြည်းနှင့် လက်ရည်ကျလာပါပြီ။ ပြေးကျင့်မရှိတဲ့သူမက အတော်လေးမောဟိုက်နေပါပြီ။ မောဟိုက်နေသောသူမကို အောတုရှိန်က စိတ်ဝင်မစားဘဲ ကျော်တက်သွားသည်။

"ရရဲ့လား လှူဦးမယ်"

ရှိဒီးနောင်ကတော့ မေးဖော်ရပါသေးသည်။

"ရပါတယ်"

ထိုမျှသာမေးပြီး ရှိဒီးနောင်လည်း ကျော်တက်သွားပြန်သည်။ သို့သော် နှလုံးသားနုတဲ့ဖိုကိန်းယင့်ကတော့ သူမကို တစ်လမ်းလုံးစောင့်ခေါ်လာခဲ့သည်။ သူမကို နူးညံ့စွာဆက်ဆံပေးတဲ့ဖိုကိန်းယင့်ကြောင့် သူမရင်ထဲကြည်နူးရပါ၏။

အားကစားဝတ်စုံအဖြူရောင်လေးနှင့် ဖိုကိန်းယင့်ရဲ့အပြုံးတာသိပ်လှပပါသည်။ ထိုအပြုံးချိုချိုလေးကို သူမသိပ်နှစ်သက်မိပါသည်။

သူမဘက်လှည့်ကြည့်ပြီး ပြုံးမြမြနှင့် စကားပြောပေးလာသော

www.burmeseclassic.com

www.burmeseclassic.com



ဖိုကိန်းယင့်ကို သူမသိပ်နှစ်သက်သွားမိသည်။ ထိုအပြုံးပွင့်လေးက သူမ နှလုံးသားကို ညှို့ငင်ဖမ်းစားနေသယောင်။

"လှုဦးမယ်, မင်းမောနေရင် နားတော့လေ"

ထိုအခါကျမှ သူမဟာ ပြေးနေတဲ့လူတစ်ယောက်ပါလားဆိုတာ သတိရသွားရသည်။

"ဖိုကိန်းယင့်. . . ဖိုကိန်းယင့်. . . ဝိုး"

ဆိုင်ကယ်ဖြတ်မောင်းသွားသောမိန်းကလေးတစ်သိုက်က သူနာမည်ကိုအော်ခေါ်သွားကြသည်။ သူက သည်း ကျော်ကြားလှသောအပြုံး မြမြနှင့် လက်ရမ်းပြလိုက်သေးသည်။

"ရှင့်ရဲ့သူငယ်ချင်းလား"

"ဒီလိုပါပဲ"

"ရှင်တို့ရှုံးပွဲက နီးနေပြီ။ ရှင်တို့ဘာမှမပြင်ဆင်သေးဘူးလား"

"မနေ့ညကနဲ့ အခုချိန်ထိ ငါတို့မအိပ်ကြသေးဘူး"

"ဟင်. . . အဲ့ဒါဘာလုပ်နေကြတာလဲ"

"ရိုဟာဇယ် လုပ်ကြည့်နေကြတာလေ"

"အဆင်သင့်ဖြစ်နေပြီလား"

"အဲ့လိုကြီးတော့ ပြောလို့မရသေးဘူး။ ငြိနေကြတုန်းပဲ"



"ရှင်တို့ အလုပ်သိပ်များနေမှာပေါ့နော်"

မနေ့က အောတုရှိန်ကိုညှဉ်းဆဲမိတဲ့အတွက် အားနာသွားရသည်။

"ငါရော ဘာကူညီရမလဲ"

"မင်း အမှန်တကယ်ကူညီမှာလား"

"အင်း. . . ပြောလေ"

"မင်းဆန္ဒရှိရင် ငါတို့ထပ်ငြိလိုက်ဦးမယ်"

"ဖိုကိ[illegible]"

"မင်းဘာစားချင်သလဲ"

"တကယ်ပြောတာ။ ငါ ရှင့်ကိုကြိုက်နေပြီထင်တယ်"

"ဟမ်!"

အမှတ်တမဲ့ ဘာပြောလိုက်မိမှန်းမသိတဲ့သူမစကားကြောင့် ဖိုကိန်းယင့်မှာ ကြောင်အမ်းသွားရသလို သူမမှာလည်း အားနာသွားရသည်။

"ဆောရီး, ငါဘာပြောလိုက်မှန်းမသိဘူး။ အဲ့လိုပဲ တစ်ခါတလေ ငါက ဂေါက်တတ်တယ်။ ဟဲဟဲ. . . အားနာစရာကြီး"

ကမောက်ကမပြောနေတဲ့သူမစကားမှာတော့ ဖိုကိန်းယင့်ဟာ ဟက်ခနဲရယ်မိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမြဲအတွက်တော့ သူမအမုန်တကယ်ပင် ရှက်ကိုးရှက်ကန်း ဖြစ်သွားရသည်။

"ဗိုက်နီးယင့်, ရှင်က အဖြူရောင် crazy နော်။ ဘာကြောင့်လဲ"

"ရှင်းသန့်လို့ကြိုက်တာ။ အဖြူရောင်ကလွဲရင် တခြားအရောင်ကိုလည်း ငါကသဘောမတွေ့ဘူး"

"ဒါဆို ရှင်က ဖြူစင်တဲ့မိန်းကလေးမျိုးကိုကြိုက်မှာပေါ့နော်"

"မသိဘူး။ အဲ့ဒီအကြောင်း ငါတစ်ခါမှမတွေးဖူးဘူး"

"ရှင်တို့သုံးယောက်က သိပ် ကြတယ်နော်"

"အွန်း. . . အူဝဲတုန်းကကြီးနဲ့ကို။ သံယောဇဉ်တွေက လုံးထွေးနေပြီ။ ယုံမလားတော့မသိဘူး၊ ငါတို့ တစ်ရက်လေးမှတောင် ခွဲမနေဖူးဘူး"

"ငါ ရှင်တို့ကိုသိပ်အားကျတာပဲ။ ငါက သူငယ်ချင်းမထားဖူးဘူး။ ဘာဘာမကြိုက်လို့။ ရှားရှားပါးပါး ငါ့မှာ သူငယ်ချင်းတစ်ယောက်တည်းရှိတယ်"

"အဖရဲ့အကျင့် အဲ့လိုပဲ။ ငါတို့လည်း အခြားလူတွေနဲ့အပေါင်းအသင်းမလုပ်ဖူးဘူး"

"အဲ့တော့ ရှင်တို့အနေမခက်ဖူးလား"



"အွန့်ဟွန်း. . . ငါတို့က သုံးယောက်ဆို ကမ္ဘာဖြစ်ပြီ"

"ငါ ရှင်တို့ကိုခင်တယ်"

"ငါတို့ကလည်း မင်းကိုခင်ပါတယ်"

"အောတုရှိန် မပါဘူး။ အဲ့ဒီခင်တဲ့ထဲမှာ"

"ဟားဟား. . . မင်း, အောတုအကြောင်းကိုမသိသေးလို့ပါ"

"ဘာဖြစ်လို့လဲ။ သူက"

"ငါတို့သိသလောက်တော့ အောတုက မင်းကိုအကောင်းဆုံး ဆက်ဆံနေတာပဲ။ အောတုက မာနကြီးတယ်။ စကားနည်းပြီး တည်တယ်။ ပြီးတော့ ဒေါသကြီးတယ်။ ဒါပေမဲ့ အောတုက သဘောလှတယ်။ အောတုက ငါနဲ့ ဒီးနာရယ်၊ အဖရယ်ကလွဲလို့ ဘယ်သူ့ကိုမှစကားသိပ်ပြောတဲ့ကောင်မဟုတ်ဘူး။ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကိုလည်း သေရေးရှင်ရေးဖြစ်ပါစေ၊ သူစိတ်မဝင်စားဘူး။ ဒါ အောတုရဲ့စတိုင်လ်ပဲ။ သူက ရှုပ်ရှုပ်ယှက်ယှက်မနေတတ်ဘူး။ တခြားလူကို သူစကားများများပြောတာ မင်းပထမဆုံးပဲ"

ထိုအခါမှာတော့ သူမက အောတုရှိန်နဲ့စတွေ့တဲ့နေ့ကို မြင်ယောင်မိလိုက်ပါသည်။

ဒါကြောင့်ကိုးဆိုတာ အဲ့ဒီတော့မှသဘောပေါက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အောတုလည်း မင်းကိုခင်ပါတယ်"

ထိုစကားက ဝမ်းသာရမှာလား၊၊ ကျေနပ်ရမှာလား၊၊ သေချာတာကတော့ သူမရင်ထဲမှာ ရှင်းလင်းပေါ့ပါးနေရပါသည်။

♫ ❡ ♫

## အခန်း ( ၁၆ )

ဒီနေ့တော့ ထူးခြားစွာ ပျောက်ချက်သားကောင်းနေသည့်ထိုသုံးယောက်ကို သူမစိတ်ထဲ သံသယဖြစ်နေမိသည်။ သူမ ဝရန်တာတက်ထွက်ကြည့်သော်လည်းမတွေ့။ အိမ်အောက်ထပ်က ခန်းမကျယ်ကြီးမှာလည်း ဘိတ်ဆိတ်လို့နေသည်။ ရေကူးကန်ဘက်များရှိမလားဆိုပြီး ကြည့်ပြန်တော့လည်း မတွေ့ပြန်။

အခုလိုမျိုးကြီး ထိုသုံးယောက်ကို မတွေ့ပြန်တော့လည်း သူမအတွက် ပျင်းစရာကြီးလို့၊ ဘာလုပ်လို့လုပ်ရမှန်းမသိ ရောက်တင်နေရော။ ဒါဆို သူတို့ အပြင်များသွားကြတာလားဟုတွေးမိကာ က[illegible]ဒေါင်ဘက်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့သည်။ သူမအံ့ဩသွားသည်က ကားသုံးစီးလုံးကို စီရရှိ တွေ့လိုက်ရလို့ပါ။

ဒါဆိုအပြေးကျင့်ကြပြီလား။ ဒါလည်းမဖြစ်နိုင်။ သူတို့ကို မနက်အစောကြီးကတည်းက သူမချောင်းကြည့်နေတာပဲလေ။ ဒါဆို သူတို့ဘယ်သွားကြတာလဲ။ မောင်နောက်ကိုမေးရမလား။ ဟာ. . . ဒါလည်းမသင့်တော်ဘူး။

ကားသုံးစီးလုံးရှိမှတော့ အိမ်မှာပဲရှိနေမှာပဲဟု တစ်ထစ်ချယုံကြည်ကာ သူမ ရှာဖွေမိတော့၏။ ရယ်တော့ရယ်စရာအကောင်းသားပင်။ လူထွားကြီးသုံးယောက်ကိုရှာဖွေနေတဲ့သူမက ရေနွေးတိုက်မြောင်းတွေကြား သစ်ပင်နောက်ကွယ်တွေကြားပါမကျန်အောင် ချောင်းကြည့်နေပြန်သည်။

ခွေးလှောင်အိမ်ဘက်မှာများ ရှိနေကြမလားဟုတွေးမိပြီး ကူးခဲ့ပြန်သည်။ အခုတော့ စိတ်ချွေဖြစ်သွားတဲ့ခွေးနှစ်ကောင်က သူမကို ဟောင်ဖို့ပင် စိတ်မကူးတော့ပါ။ အမြီးလေးနန့်ပြီးမှတောင် လှူထုတ်ပြခဲ့သေး။

ထူးဆန်းသည်က သူတို့သုံးယောက်ကို ဘယ်မှာမှရှာမတွေ့တာပါပဲ။ အိပ်ရာမထကြသေးတာများလားဟုကြံဖန်တွေးကာ အိပ်ခန်းကျယ်ကြီးသုံးခုလုံးကို ဖွင့်ကြည့်ခဲ့ပြန်ပါသေးသည်။ သို့သော် ရှုပ်ပွတွန့်လိမ်ခြင်း



အလျဉ်းမရှိတဲ့ အိပ်ရာသန့်သန့်များက သူမကိုလှောင်ပြောင်နေသလိုပင်။

ဒါဆို သူတို့ဘယ်ရောက်နေကြတာလဲ။ သူတို့ကို ဘယ်မှာရှာရှာမတွေ့၍ သူမစဉ်းစားရကျပ်စွာ ဆိုဖာခုံပေါ်ထိုင်ချပစ်တော့သည်။ အခုလိုကျတော့လည်း အိမ်ကြီးက ပျင်းစရာကြီးတဲ့။

"မမလေး. . . မနက်စာ စားတော့မလား"

မီးဖိုခန်းထဲမှ ခေါင်းပြူပြီးထွက်လာတဲ့ဒေါ်မွေးကြောင့် အတွေးစပြတ်သွားရသည်။

"မစားသေးဘူး ဒေါ်မွေး. . ."

"ပြောပါ မမလေး"

"ဘာ. . . မဟုတ်တော့ပါဘူး"

မေးမယ်ဟန်ပြင်ပြီးမှ မမေးဖြစ်တော့။ ပျင်းပျင်းရှိတာနှင့်ပဲ နံရံကပ်ထားတဲ့ Piano ကြီးကိုတီးပစ်လိုက်သည်။ တေးသွားတစ်ပုဒ်ဆုံးသွားသည်နှင့် ထိုပဟေဠိက ထပ်မံဝင်ရောက်လာပြန်သည်။ စန္ဒရားလည်းဆက်တီးချင်စိတ်မရှိတော့တာကြောင့် ထိုဖာခုံပေါ် မှောက်အိပ်ပစ်လိုက်သည်။

အတော်ကြာကြာငြိမ်သက်နေပြီးမှ သူမခေါင်းမတ်လာသည်။ သူမခေါင်းအုံးကိုယ်နှင့် ခုံပေါ်ပြန်မှောက်လိုက်သည်။ ထိုအချိန်မှာ လုံးဝသေချာ

www.burmeseclassic.com

www.burmeseclassic.com

သွားတော့သည်။ ခုံက အမှန်တကယ်လှုပ်နေတာပါ။ ဒါ အသံရဲ့တုန်ခါမှု ကြောင့်ပဲ။ သူမက ရော်ရီမှန်းသကာ အသံသေးသေးလေးလာရာ အခန်း ဘက် ကပ်လာခဲ့သည်။

တံခါးရွက်ပေါ် နားလေးကပ်ကာ နားစွင့်လိုက်တော့ သူမမျက်နှာ ကြီး ဝင်းပသွားရသည်။ မှန်ပါသည်။ ထိုအခန်းထဲက တဒုန်းဒုန်းနှင့် တီးလုံးသံကျယ်ကြီးကို ကြားလိုက်ရပြီ။ သူမအားတက်သရောနှင့် တံခါး မကြီးကို ဖွင့်ချပစ်လိုက်သည်။ သူမကို အံ့အားသင့်စရာမြင်ကွင်းတစ်ခု ကြိုဆိုနေခဲ့သည်။

Drum ကို စည်းချက်မှန်မှန်ရိုက်ခတ်နေသော အောတုရှိန်ရဲ့ ပုံစံက ကြည့်ကောင်းလှပါသည်။ သူမ မြင်ဖူးခဲ့သမျှထဲမှာ အောတုရှိန်က ဒီတစ်ခါကြည့်အကောင်းဆုံးပင်။ ခေါင်းမှာ အဝါရောင်ခေါင်းစည်းလေး နှင့်မို့ ဆံပင်တွေက ဖရိုဖရဲဝဲကျနေတဲ့အောတုရှိန်ရဲ့ mood က လှ ပါသည်။

ရှိုဒီးနောင်ကလည်း Bass Guitar ကို mood ပါပါ တီးခတ်နေ ပါသည်။ ခေါင်းစည်းကြိုးအပြာနုလေးနှင့် ရှိုဒီးနောင်ကိုလည်း သူမ ပေးခန့်ဖြစ်သွားပြန်သည်။ ထို့အတူ ကီးဘုတ်ကို mood ပါပါ တီးခတ် နေသော ဖိုကိန်းယင့်ထံမှာတော့ သူ့အကြည့်က ရပ်သွားပါ၏။



ဖိုကိန်းယင့်ကတော့ ထုံးစံအတိုင်း အဖြူရောင်မင်းသားအဖြစ် သန့်ပြန့်နေပါသည်။

အခန်းကျယ်ကြီးမှာ အသံလုံခန်းကြီးဖြစ်ပြီး စတိတ်ရှိုခန်းမတစ် ခုပုံစံဖွဲ့စည်းထားပြီး လေးဖက်လေးတန် မှန်အပြည့်ကာရံထားသည်။

သူတို့သိပ်မောနေကြသည့်ထင်သည်။ နဖူးစည်းမှာ ချွေးစို့လေး များပင် ဖြိုင်ဖြိုင်ကျနေပေပြီ။ တေးသွားတစ်ပုဒ်ဆုံးသွားသည်နှင့် သူတို့က တီးခတ်မှုကိုရပ်နားလိုက်ကြပြီး လက်ဖဝါးချင်း ရိုက်လိုက်ကြသည်။

"မင်း ဒီအခန်းကို ဘယ်လိုရှာတွေ့သွားတာလဲ"

ရှိုဒီးနောင်ကပြောလည်းပြောကာ သူမဘေးနားဆက်တီမှာ ထိုင် ချလိုက်တော့သည်။ သူမက သူတို့သုံးယောက်လုံးကိုပီတိပြုံးပြကာ ခွက် သုံးခွက်ထဲ ရေထည့်ကာ လှမ်းပေးလိုက်သည်။ ရှိုဒီးနောင်နဲ့ ဖိုကိန်းယင့် က အပြုံးနုနုနဲ့ လှမ်းယူလိုက်ပေမယ့်လည်း အောတုရှိန်ကတော့ သူ့ကို မယုံသင်္ကာကြည့်ပြီး မယူချင့်ယူချင်။

"ရှင်တို့ပင်ပန်းနေပြီနဲ့တူတယ်"

"ငါတို့ပျော်တယ်"

"စင်ပေါ်မှာ အဲ့ဒီလိုမျိုးဆိုတော့ ရှင်တို့က သိပ်ကြည့်ကောင်း တယ်"

www.burmeseclassic.com

www.burmeseclassic.com

"မင်း အမှန်အတိုင်းဝေဖန်ပေးမှာလား"

"ဘာဖြစ်လို့လဲ"

"ငါတို့ ကက္ကက်တစ်ခုထွင်ထားတယ်"

"စမ်းကြည့်လေ၊ တကယ်အမှန်ပြောပါမယ်။ ဒါနဲ့ ရှင်တို့ ဒီရှိုးပွဲမှာ ဒီလိုပဲ ပြင်းပြင်းကြီးပဲသုံးမှာလား"

"ဘာဖြစ်လို့လဲ"

"ရသစုံသွားအောင် slow လည်းထည့်ရင် ကောင်းမယ်ထင်တယ်"

"ငါတို့စီစဉ်ထားပါတယ်"

"ဟုတ်တယ် လုဦးမယ်။ မင်းကိုတောင် ငါတို့ပြောစရာရှိသေးတယ်"

"ဘာလဲ"

"မင်း ငါတို့ရှိုးမှာ ပါမလား"

"ငါက ဘာမှမတတ်ဘူး"

"မင်း Piano တီးတတ်ပါတယ်။ တေးသွားတစ်ပုဒ်တီးပါလား။ ငါတို့ သီချင်းအေးအေးလေးတစ်ပုဒ်လုပ်ထားလို့၊ အပိတ်သီချင်းပေါ့ဟာ"

"ဖြစ်ပါ့မလား"



"ဖြစ်ပါတယ်၊ သီချင်းအနေအထားအရ မိန်းကလေးတစ်ယောက်တီးခတ်တာ ပိုအဆင်ပြေမယ်ထင်လို့"

"မင်းတို့ကလည်းကွာ။ ဟုတ်မှလည်းလုပ်ပါ။ ပွဲပျက်နေဦးမယ်"

"အောတုရှိန်၊ ရှင် ငါ့ကိုဆိုသိပ်အထင်သေးတာပဲ။ ကိန်းယင့်၊ ဒီးနာ၊ ရှင်တို့ ငါ့ကိုယုံတယ်မဟုတ်လား။ ငါတီးမယ်"

ထိုအခါမှာတော့ အောတုရှိန်ရဲ့စကားလုံးကိုခံပြင်းသွားတဲ့ လုဦးမယ်ကို သူတို့နှစ်ယောက် ရယ်ဖြစ်သွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

မီးရောင်စုံတို့နှင့် ထိန်ညီးနေသော ရောင်စုံခန်းမကြီး၏နောက်ကွယ်မှာ ဂနာမငြိမ်ဖြစ်နေသူက လုဦးမယ်ပါပဲ။ များပြားလွန်းတဲ့ပရိသတ်ထုကြီးကြောင့် သူမစိတ်လှုပ်ရှားနေတာပါ။ မတည်မငြိမ်ဖြစ်နေသော သူမက ဒီနေ့တော့ သိပ်လှနေခဲ့ပါသည်။ Piano တီးမယ့်သူမက ဂါဝန်ရှည်အဖြူရောင်ကြီးနှင့် ဒဏ္ဍာရီထဲက မင်းသမီးလေးလို့ စမတ်ကျကျနှင့် ကြွကြွလေးလှနေပါသည်။ သူမကသာ သံစဉ်လေးတစ်ပုဒ်အတွက် စိတ်လှုပ်ရှားနေရပေမယ့် ပရိသတ်ရဲ့အဓိကဖြစ်တဲ့ အောင်းယင်ကတော့ အထူးပင်တည်ငြိမ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာခင်မှာ ခန်းမကြီးတစ်ခုလုံးက အမှောင်ကျသွားပြီး တိတ်ဆိတ်သွားရသည်။ ထိုအချိန်မှာ ပရိသတ်ထုကြီးထံမှ စည်ဝေစွာအသံများ ညံထွက်လာသည်။ ထိုအသံများကိုဝါးမျိုလိုက်သည်က ကြောက်မက်ဖွယ် သံပြိုင်ထွက်ပေါ်လာတဲ့မြူးဇစ်ပါပဲ။ တီးလုံးသံက ကြောက်မက်ဖွယ်ကြီးထက် တဖြည်းဖြည်းလျော့သွားကာ အေးစက်ပျောက်ကွယ်လုနီးနီး အချိန်မှာတော့. . .

"Audience Park . . . အော. . . ဒီး. . . ယင့်"

"ဝိုး. . . ဟိုး. . . ဟိုး"

ပရိသတ်ကြား ဆူညံသွားတော့သည်။ ထိုဆူညံသံတွေ မဆုံးသေးခင်မှာပင် ဖြူနီပြာဝါမီးမောင်းများက ပရိသတ်ကြား လှုပ်ရှားသွားနေရင်းမှ တစ်ပြိုင်နက်ဆိုသလို စင်ပေါ်ပြုကျလာခဲ့သည်။ ထိုအချိန်မှာပဲ တစ်ပြိုင်နက် ပူဖောင်းပေါက်ကွဲသံတွေ ဆူညံသွားပြီး လေကြမ်းကြမ်းက စင်ပေါ်မှာတင်ပဲ ဝေ့ဝဲတိုက်ခတ်သွားသည်။ ဆန်းကြယ်မှုကို အားလုံးက မှင်တက်နေစဥ်မှာပဲ ဂစ်တာကိုကိုယ်စီစီးကာ လူချောလေးသုံးယောက်က မျက်လှည့်ပြသလိုထွက်ပေါ်လာကြသည်။

ပရိသတ်ထံမှ တစ်ခဲနက်အားပေးသံတို့ ဆူညံသွားရသည်။ သူတို့သုံးယောက်ရဲ့ကြိုးစားမှုက ပရိသတ်အားပေးမှုနှင့်ထိုက်တန်ပါသည်။



စင်ပေါ်မှာပဲ ဂစ်တာကို ကျွမ်းကျင်စွာစီးပြီး ကကွက်ဆန်းများနှင့်ဈော်ဖြေတင်ဆက်သွားသလို ဖန်တီးထားသောဂီတမှာလည်း ထိုကကွက်များနှင့်လိုက်ဖက်လှပေသည်။

သီချင်းတစ်ပုဒ်ပြီးသွားသည်နှင့် မီးများက စင်ပေါ်မှာ ပကာတိမှောင်သွားပြီး တီးလုံးသံတို့က ဆူဝေစွာထွက်ပေါ်လာတတ်ပြန်သည်။ ဒုတိယတစ်ပုဒ်မှာလည်း ပထမပုဒ်လိုပင် ထူးခြားမှုတစ်မျိုးနှင့် စတင်လာကြသည်။

ပထမဆုံးအခေနှင့် ဆူညံသံတွေရုတ်ချည်းရပ်သွားချိန်မှာ ရိုးဒီးနောင်ရဲ့တယောသံက လွမ်းမောဖွယ်ထွက်ပေါ်လာခဲ့သည်။ ထိုအချိန်မှာပဲ စင်ပေါ်တွင် မီးရောင်စုံထွန်းလင်းသွားခဲ့သည်။ တယောသံထွက်ပေါ်လာချိန်မှာတော့ ပရိသတ်တွေက ရိုးဒီးနောင်ဆိုတာ သေချာပေါက်သိနေကြလိမ့်မည်။ ဒါကြောင့် တယောသံပိုင်ရှင်ကိုရှာဖွေကြလိမ့်မည်။ သို့သော် ထိုသံစဥ်ပိုင်ရှင်က လုံးဝန်းသောသစ်နက်ပင်ကြီးထဲမှ ထွက်ပေါ်လာခဲ့သည်။

အားလုံးသောလူထုကြီးမှာ အံ့အားသင့်သွားကြသည်။ ဒီလိုအံ့ဩဖွယ်ကြီးမျိုးကို သူတို့ဘယ်လိုဖန်တီးထားပါလိမ့်။ အတူကြီးဆိုတာသိစေသည့် အစစ်နှင့်ခွဲခြားမရ။

www.burmeseclassic.com

www.burmeseclassic.com



နောက်သံစဉ်တစ်မျိုးထွက်ပေါ်လာတာက တယောသံနှင့်လိုက်ဖက်ညီစွာတီးခတ်လာတဲ့ Piano သံစဉ်ပါပဲ။ ဖိုကိန်းယင့်ကတော့ ရိုးရိုးရှင်းရှင်းပင် မှောင်ပြပြနေရာတစ်ခုမှာ Piano တီးခတ်နေပါသည်။ အဲဒါ ရောင်မင်းသားနှင့် အဖြူရောင်မင်းသားက ဂီတကိုလိုက်ဖက်ညီညီဖန်တီးနေချိန်မှာ အားလုံးရဲ့နောက်ကွယ်မှာ ဘာဂျာသံတစ်ခုထွက်ပေါ်လာခဲ့သည်။ ဒါကတော့ အားလုံးမျှော်လင့်နေတဲ့အနက်ရောင်မင်းသား အောတရှိန်ပါပဲ။

လိုက်ဖက်ညီညီဖန်တီးထားသော ထိုဂီတများကြား ပရိသတ်များ ငြိမ်သက်စွာနစ်မြောနေကြသည်။ ထိုသံစဉ်ကို သူမကြားဖူးနေပါသည်။ အဘရဲ့ (၅၈)နှစ်မြောက်မွေးနေ့မှာပေါ့။ သံစဉ်တွေရပ်သွားသောအချိန်မှာတော့ သုံးယောက်လုံးက ပရိသတ်ဘက် ဦးညွှတ်ပြလိုက်ကြသည်။ ထိုအချိန်မှာ လက်ခုပ်သံတွေ၊ လက်ခေါက်မှုတ်သံတွေ ဆူညံစွာထွက်ပေါ်လာသလို. . .

"Audience. . .အော. . .ဒီး. . .ယင့်"

သူတို့အဖွဲ့ရဲ့နာမည်က ခန်းမတစ်ခုလုံးလျှံထွက်လာခဲ့သည်။ ဒါ ပရိသတ်ရဲ့ဩဘာပေးမှုပေါ့။

"Thank you ပါ။ ဒီတေးသွားကို ကျွန်တော်တို့က ဂီတညလို့



နာမည်ပေးထားပါတယ်"

"ဝိုး. . .ဝူး. . .ဝူး"

ပရိသတ်တွေဩဘာပေးမှုနှင့်အတူ သူတို့သုံးယောက်လုံး ခမော နိုင်မပန်းနိုင်နှင့် သီဆိုဖျော်ဖြေနေလိုက်တာ အချိန်တွေက ကုန်မှန်းမသိ။ သူမသိပ်အံ့ဩသွားရတာက ထီမထင်မျက်နှာပေးကြီးတွေနှင့် သူတို့က dance မှာ အခုလောက်ထိကြီး ကျွမ်းကျင်လိမ့်မယ်လို့မထင်ထားခဲ့တာပါ။ ခြေဆစ်လက်ဆစ်တွေချိုးကွေ့လှုပ်ရှားနေလိုက်ပုံများ ကကြိုးရုပ်လေးများနှယ်။ ဆတ်ကော့သေသပ်လှပါသည်။ သူမကလည်း အများနည်းတူ ငေးကြည့်နေဖြစ်ခဲ့သည်။

ရိုဒီးနောင်က နောက်ဆုံးအနေနဲ့ သီချင်းအေးတစ်ပုဒ်ကို ဖျော်ဖြေတင်ဆက်ပါမယ်လို့ကြေညာလိုက်ချိန်မှာတော့ သူမနှလုံးသွေးတွေ အေးစက်တောင့်ခဲသွားရသည်။ သိပ်တော်ကြသောသူတို့သုံးယောက်ကြားမှာ သူမကိုယ်သူမ ယုံကြည်ချက်ပျောက်ဆုံးနေရသည်။ ဒါကို ဖိုကိန်းယင့်က သိနေ၍ထင်သည်။ သူမလက်ကိုဖျစ်ညစ်ကာ အားပေးပါသည်။ အောတရှိန်ကလည်း ထူးဆန်းစွာပင် သူမပခုံးကိုဆုပ်ကိုင်ကာ မာန်အပြည့်ရှိသော မျက်ဝန်းလေးဖြင့်. . .

"မင်းလုပ်နိုင်ပါတယ် လှဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါကြောက်နေတယ်"

"အဲ့ဒါ မင်းစိုးရိမ်နေတာပါ"

"S.P မှ မင်း စောပေါက်လုပ်လိုက်တော့ စင်ပေါ်ကဆင်းတာနဲ့ ငါနဲ့တွေ့မယ်"

"အံမယ်! လူကိုများဘာထင်နေသလဲ၊ ရှင့်ထက်တောင်တီးတတ်သေး"

"တီးတတ်ရင် အခု စင်ပေါ်တက်လေ၊ ဒီနာ ခေါ်နေပြီပဲ၊ သတ္တိတော့မရှိဘဲနဲ့"

"ဘာဖြစ်လို့မရှိရမှာလဲ"

"မင်းကြောက်နေတာလေ၊ အဲ့ဒါသတ္တိမရှိလို့ပေါ့"

"ဘယ်သူက ကြောက်လို့လဲ၊ လူချင်းတူတူ"

အောတုရှိန်စကားကိုမခံချင်၍ သူမ ဒေါနှင့်မောနှင့် စင်ပေါ်တက်လာခဲ့သည်၊ ထွက်သွားသောသူမကြောင့် ဖိုကိန်းယင့်က အောတုရှိန်ကို ဟန်ပါပါကြည့်လိုက်သည်၊ အောတုရှိန်က ကျေနပ်စွာပြုံးနေလေပြီ။

"အောတု၊ မင်းလှဦးမယ် မြင်သာတဲ့နေရာမှာပဲ နေရာယူ၊ လှဦးမယ်ရဲ့သော့ချက်က အောတုရှိန်ပဲ"

"မင်းတို့ရဲ့ဆရာပဲ၊ မင်းတို့ထက်သာမှာပေါ့"



အချင်းချင်းနောက်ပြောင်ကျီစယ်ကာ လှဦးမယ်နောက် လိုက်ခဲ့လိုက်သည်။

"ဒါ ကျွန်တော်တို့ Audience Park ရဲ့ တစ်ဦးတည်းသော သူငယ်ချင်းမလေး လှဦးမယ်ဖြစ်ပါတယ်၊ လှဦးမယ်ကိုလက်ခုပ်တီးပေးပါဗျာ"

ရိုဒီးနောင်ရဲ့စကားအဆုံးမှာတော့ ပရိသတ်ထံမှလက်ခုပ်သံတွေ ညံ့ဝေသွားရသည်။ ထိုလက်ခုပ်သံတွေက သူမအတွက် အားတစ်မျိုး ဖြစ်စေခဲ့ပါသည်၊ သူမရင်ထဲ ခွန်အားတွေတိုးပွားလာကာ ပရိသတ်ဘက် ဆောင် လက်ရမ်းနှုတ်ဆက်ပြလိုက်သေးသည်။

ဒီရှိုးပွဲလေးမှာ သံစဉ်အေးလေးနှင့်အဆုံးသတ်ပြီး အောင်မြင်စွာ ပြီးဆုံးသွားချိန်မှာတော့ လေးယောက်လုံး ခုံပေါ်မှာ အားလျော့ကာထိုင် ချလိုက်ကြသည်၊ ထိုအချိန်မှာ ဘယ်အချိန်ထဲက ရောက်နေမှန်းမသိ တဲ့နေညိုရီက. . .

"လှဦးမယ်"

"ဟင်! နေညိုရီ၊ ရှင် ရှိုးပွဲလာတယ်"

"အင်းလေ. . . ရှင့်ကိုပြောဖူးသားပဲ၊ Audience Park ဆို ဘယ်က ထိပ်ဆုံးကပဲလို့၊ လှဦးမယ်, ငါ့ကိုမိတ်ဆက်ပေးစမ်းလေး ဟဲ့တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် အင်း. . . ဟော့, ရှင်တို့ကို ငါ့သူငယ်ချင်းနဲ့မိတ်ဆက်ပေးရဦးမယ်"

ထိုအခါမှာတော့ ခုံနောက်ကိုမှီကာ မျက်စိတွေကိုမှိတ်ချထားကြသောသူတို့သုံးယောက်က မျက်စိဖွင့်လာကြသည်။

"ဒါ၊ ငါ့သူငယ်ချင်း နေညိုရီတဲ့။ ငါ အရင်က သူ့အိမ်မှာနေတာ။ နေညိုရီ. . . အော,ဒီး,ယင့်ပဲ"

"ဟုတ်ကဲ့. . . သိရတာ အရမ်းဝမ်းသာပါတယ်ရှင်။ နေညိုရီက Audience ရဲ့ပရိသတ်ပါ။ လှဦးမယ်, ရှင်ဒီနေ့သိပ်လှတာပဲ။ ပရိသတ်ကြားမှာ ရှင့်သတင်းက မွှေးနေတာပဲသိလား"

"ဟုတ်လား"

"နေညိုရီ, ရှင်တို့ကိုတစ်ခုခုညှော်ခံချင်တယ်လေ၊ ရလား"

"ဆောရီးဗျာ။ ကျွန်တော်တို့ ဒီနေ့အနားယူချင်လို့"

"အားနာစရာကြီး။ ဒါဆို နေညိုရီ ပြန်လိုက်ပါဦးမယ်။ လှဦးမယ် ကျုပ်ပြန်မယ်။ နောက်နေ့မှ ရှင့်ဆီအလည်လာမယ်သိလား"

"အင်း"

သွက်လက်စွာထွက်ခွာသွားသောနေညိုရီကို သူမအားနာသွားသည်။



"ရှင်တို့ကလည်း အားနာစရာကြီး"

မကျေမနပ်လေးပြောမိလိုက်ပေမယ့် သူတို့သိပ်ပင်ပန်းနေကြမယ်ဆိုတာတော့ ကိုယ်ချင်းစာမိပါသည်။

"မင်းသူငယ်ချင်းကလည်း မင်းအတိုင်း ပြာကလပ်စိန်လေးပဲ"

အောတုရှိန်ကတော့ သူမကိုရန်လုပ်နိုင်ခဲ့ပါသေးသည်။ သူမကတော့ ပင်ပန်းနေပုံရတဲ့အောတုရှိန်ကို ထပ်ရန်မလုပ်ဖြစ်တော့ပါ။ အိမ်အပြန်လမ်းတစ်လျှောက်လုံးမှာလည်း ဘာမှကျီမတိုက်ဖြစ်တော့ဘဲ ငြိမ်သက်စွာလိုက်ပါလာခဲ့သည်။

♫ 𝄞 ♫

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၈ )

ဒီနေ့တော့ သူမက ညသန်းခေါင်ပေါက်နေပြီ၊ အိပ်၍မပျော်နိုင်သေးပါ။ မျက်ဝန်းမှိတ်လိုက်တိုင်းမှာ လျှမ်းလျှမ်းတောက် သက်ဝင်နေတဲ့ ထိုရှိုးပွဲက အာရုံထဲဝင်လာရသည်။

ဒါကြောင့် လူငယ်တွေကြားမှာ Audience Park က နာမည်ကြီးနေရတာပဲဆိုတာ သဘောပေါက်လာရသည်။ အတူတူနေသောသူမပင်လျှင် အမှန်တကယ်ထုတ်ပြသွားသော သူတို့ရဲ့အရည်အချင်းကိုအံ့အားသင့်နေခဲ့ရတာကို။

ရှိုးပွဲအပြင်အဆင်၊ ဝင်အနေအထား၊ သက်ဝင်မှုကအား ဟာတွတ်

www.burmeseclassic.com

www.burmeseclassic.com



မရှိအောင်စီမံထားပုံမှာ ကမ္ဘာကျော်ရှိုးပွဲကြီးများလိုပင်။ ပြီးတော့ သိပ် ချောတဲ့လူချောလေးသုံးယောက်ရဲ့ပုံရိပ်ကလည်း သူမအာရုံထဲက မထွက်နိုင်။ မျက်စိမှိတ်လိုက်တိုင်း ထိုပုံရိပ်များကပဲ မင်းမူနေ၍ သူမသည်းမခံနိုင်တော့တဲ့အဆုံး ဝရန်တာဘက် ထွက်ရပ်လာခဲ့သည်။

အဲ့ဒီမှာပဲ သူမက ဂန္ထဝင်မြောက်တဲ့မြင်ကွင်းတစ်ခုကိုမြင်လိုက်ရသည်။ မှန်ပါသည်။ အိမ်ရှေ့မြက်ခင်းပြင်ပေါ်က မာကျူရီမီးရောင်လေးအောက်မှာ ပန်းချီဆွဲနေသော အောတုရှိန်ပါ။ ပန်းချီဆွဲနေသော အောတုရှိန်ရဲ့ပုံရိပ်မှာ သိပ်စမတ်ကျလွန်းနေ၍ သူမသွားဝင်ရှုပ်ချင်မိပြန်သည်။ အောတုရှိန်ကိုမှရွေးပြီး ရန်ဖြစ်ချင်နေမိသည့် သူမရဲ့စိတ်ကိုလည်း သူမနားမလည်ပါ။ သူမအောက်ထပ်သို့ဆင်းမယ်ကြံပြီးမှ အပေါ်ထပ်လေသာဆောင်မှထွက်ပေါ်လာသော တယောသံကြောင့် သူမခြေလှမ်းတွေတုံ့ဆိုင်းသွားရပြန်သည်။

"ဟင်! ရှိဒီးနောင်။ သူလည်း မအိပ်သေးပါလား"

ဒါကြောင့်ပင် သူမအောက်ထပ်သို့ဆင်းမယ်ကြံပြီးမှ အပေါ်ထပ်သို့ဆက်တက်ဖြစ်ခဲ့သည်။ မှန်ပါသည်။ လရောင်အောက်မှာ တယောထိုးနေသော ရှိဒီးနောင်ပါ။ မြင်ကွင်းက ကြည့်လို့ကောင်းလွန်း၍ အဝါရောင်မင်းသားကို သူမငေးကြည့်နေဖြစ်သည်။



ထိုတယောသံမှတစ်ဆင့် သူမနှလုံးသားထဲ ဝမ်းနည်းကြေကွဲမှုကားစက်လာရသည်။ ရှိဒီးနောင်ရဲ့မျက်နှာသနင့်သနင့်ကို သူမငေးကြည့်လိုက်တော့လည်း သူမအံ့ဩသွားရပါသည်။

မှန်ပါသည်။ ရှိဒီးနောင်က ငိုနေ၍ပါ။ ထိုမျက်ရည်က သူမရင်ထဲ ပဟေဠိများဖြစ်ပေါ်သွားစေသည်။ အမြဲတမ်းပျော်ရွှင်နေတတ်သော ရှိဒီးနောင်က ဘာကြောင့်ငိုနေရတာလဲ။ ပြီးတော့ သူ့တယောသံက ဘာ့ကြောင့် သူမကိုဝမ်းနည်းစေရတာလဲ။

အလိုလိုနေရင်း သူမရင်ထဲ ဝမ်းနည်းမှုတွေ ဆင့်ကာဆင့်ကာဖြစ်ပေါ်မိ၍ သူမဘာစကားတစ်ခွန်းမှပင် ထပ်မဆိုဖြစ်တော့ဘဲ အောက်ထပ်သို့ဆင်းလာခဲ့သည်။ သူမအောက်ထပ်သို့ရောက်လာချိန်မှာပဲ အံ့ဩစရာက ထပ်ကြုံဆိုနေခဲ့ပါသည်။

"ဟင်! ကိန်းယင့်, ရှင်မအိပ်သေးဘူးလား"

"ဟွန့်အွန်း.. အိပ်ချင်စိတ်မရှိတာနဲ့ဘဲ Piano တီးနေတာ"

"ရှင် ကော်ဖီသောက်မလား။ ငါဖျော်ပေးမယ်လေ"

"ကျေးဇူးပဲ"

"ကိန်းယင့်"

"ပြောလေ၊ ဘာပြောမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ရှင်တို့က ညတွေဆို မအိပ်တတ်ကြဘူးလား"

"အင်း . . . ဆိုပါတော့"

"ရှင်တို့အကာတွေက အဲ့လိုကြီးညီပြီး စည်းဝါးကိုက်နေအောင် ရှင်တို့တော်တော်လေ့ကျင့်ခဲ့ရမှာပဲနော်"

"ငါတို့က စိတ်ကူးရရင် လုပ်နေကျမို့ ထူးပြီးပြင်ဆင်ဖို့မလိုပါဘူး"

"ရှင်တို့ကို ငါအံ့သြတယ်၊ သိလား။ ရှင်တို့က တခြားလူတွေနဲ့ မတူသလိုပဲ"

"ဘာဖြစ်လို့လဲ"

"ရှင်တို့က အိပ်ချင်မှအိပ်ကြတယ်။ ပုံမှန်မရှိဘူး။ ပြီးတော့ စကားလည်း များများကြီးမပြောကြဘူး"

"ဒါ ငါတို့ရဲ့အကျင့်ပဲ။ မင်းက အခုမှ ငါတို့နဲ့သိလို့ ထူးခြားနေတာပါ"

"ဒီးနာက အပေါ်ဆုံးထပ်မှာ တယော"

"မင်း၊ ဒီးနာကို သွားမနှောင့်ယှက်နဲ့နော်။ သူကြေကွဲနေတယ်"

"ဟင်! ဘာ. . . ဘာ"

"ကြာလာရင် မင်းသဘောပေါက်လာမှာပါ"

သူမဆက်ပြီးမေးချင်မိပေမယ့် ဘာမှထပ်မပြောဖြစ်တော့ပါ။



ဘာကြောင့်လဲဆိုတော့ အထူးတည်ငြိမ်နေတဲ့ ဇိုကိန်းယင့်ရဲ့ခပ်အေးအေး ပုံကြောင့်ပဲဖြစ်သည်။ သူမကော်ဖီဖျော်ကာ ဇိုကိန်းယင့်ကိုတစ်ခွက်ပေး လိုက်ပြီး ကျန်နှစ်ခွက်ကို လင်ဗန်းလေးထဲထည့်လိုက်သည်။

"ဘယ်သွားမလို့လဲ"

"ဟဲဟဲ. . . အောတုရှိန်ဆီသွားမလို့"

"မင်းနဲ့အောတုကတော့ တကယ်ပဲရယ်ရတယ်။ ငါတို့ကြားမှာ တော့ မင်းက ကျိုကာပဲ"

"ငါသွားတော့မယ်"

"အောတုက သူ့ပန်းချီခွဲနေချိန် တခြားလူလာတာမကြိုက်ဘူး။ သူ့စိတ်တိုတတ်တယ်"

"ငါက သူ့ကိုမကြောက်ဖူး။ သူနဲ့ရန်ဖြစ်ရတာကို ငါပျော်တယ်"

သူမ ထိုသို့ပြောလိုက်ချိန်မှာတော့ ပြုံးခဲ့တဲ့ ဇိုကိန်းယင့်ရဲ့အပြုံး ကို သူမ အမှိပ္ပာယ်မဖော်တတ်ခဲ့ပါ။

"အောတုရှိန်"

နောက်နားဆီမှ ခေါ်သံလွင်လွင်ကြောင့် သူ့အာရုံတွေ ထွေပြားသွား ရသည်။

"ရှင် ကော်ဖီသောက်မလား"

www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် . . . ရှုပ်လိုက်တာ"

"ငါက ရှင့်ကိုကော်ဖီလာပေးတာ"

"ငါမသောက်ချင်ဘူး။ မင်းပစ္စည်း မင်းပြန်သိမ်းသွား"

"ဘာပုံတွေဆွဲနေတာလဲ"

"လုဦးမယ် . . . မင်းတော်တော်ရှုပ်တဲ့ကောင်မပဲ"

"ဘယ်လိုပဲပြောပြောရတယ်။ ငါက ရှင့်ပန်းချီကိုကြည့်ချင်လို့ လာခဲ့တာ"

ထိုအခါမှာတော့ သူကဘာမှထပ်မပြောတော့ဘဲ ရေးခြစ်လက်စ ပန်းချီကားကိုသာ အာရုံစိုက်နေလိုက်သည်။

"ဟင် . . . တောင်တန်းကြီးတွေပေါ်မှာ မိန်းမကြီးတစ်ယောက်ရဲ့ မျက်နှာပဲ။ ဘာအဓိပ္ပာယ်လဲ။ ဒီပန်းချီကားကို ရှင်ဘယ်လိုနာမည်ပေး မှာလဲ"

"ပုံရိပ်"

"ပုံရိပ်"

"အင်း"

"ပန်းချီကားက တစ်မျိုးပဲနော်။ တစ်ခုခုလိုနေသလို"

"လောကမှာ ပြီးပြည့်စုံတဲ့အရာဆိုတာ မရှိပါဘူး"

"ဟင်! "

"ငါတို့က အရွယ်ရောက်လာတော့ နိုင်ငံခြားမှာ ကျောင်းတက်ခဲ့ ရတယ်။ ဒီပလိုမာတွေ အများကြီးပိုင်ဆိုင်ထားတယ်။ ဒါပေမဲ့"

"ဘာဖြစ်လို့လဲ"

"မင်း . . . မင်းရဲ့မိဘတွေကိုမှတ်မိသလား"

"အင်း . . . သိပ်တော့မမှတ်မိဘူး။ ဒါပေမဲ့ ဘာဘဆီမှာ မေမေ နဲ့ဖေဖေ့ပုံတွေရှိတယ်"

"အဖေက အရမ်းကောင်းတဲ့လူပါ။ ဒီနေ့ ဒီးနာ ဝမ်းနည်းနေတယ်"

"ငါတွေ့လိုက်တယ်။ ဘာဖြစ်လို့လဲဟင်"

"ဒီနေ့ သူ့အမေရဲ့နှစ်ပတ်လည်နေ့လေ။ ဒီးနာနဲ့ ကိန်းယင့်ကော မင်းရော ကံကောင်းကြပါတယ်။ မိဘတွေကို တစ်နာရီလေးဖြစ်ဖြစ် မြင်ဖူးကြတယ်။ ကိန်းယင့်ကလည်း သက်ရှိထင်ရှားကို မမြင်ဖူးလိုက်ပေ မယ့် ဓာတ်ပုံထဲမှာ စကားပြောခွင့်ရှိတယ်။ ဒီးနာဆိုရင် သူ့အမေရဲ့နောက် ဆုံးခရီးတောင် ပို့လိုက်နိုင်သေးတယ်"

"ရှင့်မိဘတွေက ဘယ်ရောက်သွားလို့လဲ"

"အဖပြောတာတော့ ငါ့ကိုမွေးတဲ့နေ့မှာပဲ ဆုံးသွားတယ်တဲ့။ ငါ ဘာကြောင့် အနက်ရောင်ကြီးပဲ ဝတ်သလဲသိလား။ ငါ အနက်ရောင်ကို

www.burmeseclassic.com

www.burmeseclassic.com



မနှစ်သက်ဘူး။ ဒါပေမဲ့ အနက်ရောင်ကြီးပဲ ငါဝတ်မယ်၊ အဲဒါ ငါ့ကိုယ်ငါ အကျဉ်းချထားတာ။ ဒီမှာတွေ့လား။ ဒါက ငါ့ကိုမွေးဖွားပေးခဲ့တဲ့တောင်တန်းကြီးတွေ။ ဒါက ငါ့အမေ၊ ငါနဲ့တူသလား။ ငါမုန်းဆပြီး ဆွဲကြည့်ထားတာ"

"အောတုရှိန်"

"မင်းဝမ်းနည်းသွားတာလား။ အခုတော့ ငါသိပ်ဝမ်းမနည်းတော့ဘူး။ ဘဝကိုမြင်တတ်လာလို့။ ငါ့နားမှာ ကိန်းယင်တို့ ဒီးနာတို့လိုအရမ်းချစ်ဖို့ကောင်းတဲ့သူငယ်ချင်းတွေလည်းရှိတယ်။ ပြီးတော့ မိဘရင်းလို ကောင်းပေးတဲ့အဖလည်းရှိတယ်။ အခုဆို မင်းတောင် ထပ်တိုးလာပြီပဲ။ ပျင်းဖို့မကောင်းတော့ပါဘူး"

"ဒီတောင်တန်းကြီးတွေက ဘယ်က တောင်တန်းလဲ"

"ချင်းတောင်တန်းကြီးတွေပေါ့။ ငါတို့က ချင်းလူမျိုးတဲ့၊ အဖပြောတယ်"

"ဟင်! "

သူမသိပ်အံ့သြသွားရသည်။ ဘာဖြစ်လို့လဲဆိုတော့ သူမငယ်စဉ်တည်းက ကြားဖူးနေတဲ့ပုံပြင်ထဲက မင်းသားလေးသုံးပါးက သူတို့ဖြစ်နေတာမို့ပါ။ သူမ ဘာစကားမှထပ်မပြောနိုင်တော့ဘဲ ဝိညာဉ်မဲ့သွားသလို



အပေါ်ထပ်သို့ တက်လာခဲ့ပြန်သည်။ သူမအိပ်ရာထဲ ဘုန်းခနဲလှဲချလိုက်သည်နှင့် ငယ်ငယ်တုန်းက မရိုးနိုင်အောင် နားထောင်လာခဲ့ရတဲ့အဘပြောပြနေကျပုံပြင်တစ်ပုဒ်ကို ကြားယောင်မိလိုက်သည်။

"ဟိုးတုန်းက မိသားစုတစ်စုမှာ ညီအစ်ကိုနှစ်ယောက်ရှိခဲ့သတဲ့။ အဲဒီညီအစ်ကိုနှစ်ယောက်က သိပ်ချစ်ကြတယ်။ မိဘတွေက သိပ်စည်းစိမ်ကြီးပြီး အတိုင်းထက်အလွန် ချုပ်ချယ်ကြတယ်။ ညီအစ်ကိုနှစ်ယောက်ထဲမှာ ဂျစ်ကတ်ကတ်နေတဲ့အငယ်ကောင်က မိဘတွေမလုပ်စေချင်တာမြစ်ထားတာမှန်သမျှကို တစ်ခုမကျန်လုပ်တယ်။ ဒါကြောင့် မိဘတွေက သူ့ကိုပိုပြီးချုပ်ချယ်တယ်။ တစ်နေ့တော့ သူက မိဘတွေလုံးဝသဘောမတူနိုင်သူကို ကိုယ့်သဘောနဲ့ကိုယ် လက်ထပ်ယူလိုက်တယ်။ မိဘတွေက ဆွေဂုဏ်မျိုးဂုဏ်ကိုမှမထောက် အိမ်ဖော်မကိုမှလက်ထပ်ရကောင်းလားလို့ စိတ်ဆိုးဆိုးနဲ့ အမွေပြတ်စွန့်လွှတ်လိုက်တယ်။ အဲဒီမှာပဲ ရှစ်တိုက်တဲ့သားက ဘာကိုမှဂရုမစိုက်ဘဲ အားလုံးနဲ့အဆက်အသွယ်ဖြတ်သွားခဲ့တယ်။ မိဘတွေကွယ်လွန်သွားကြချိန်တော့ သူ့ညီကိုသိပ်ချစ်တဲ့ ဆရာဝန်ကြီးဖြစ်နေတဲ့သူ့အစ်ကိုက သူ့ညီကိုလိုက်ရှာခဲ့တယ်။ အကြောင်းကတော့ သူ့ညီကို သူ့သဘောနဲ့သူ အမွေခွဲပေးဖို့ပဲ။ သူ့ငယ်ငယ်ကကည်းက ဆေးထိုးအပ်ကိုပဲ စိတ်ဝင်စားခဲ့လို့ စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



သဘားမဖြစ်ချင်ခဲ့ဘူး။ ကံဆိုးပါတယ်။ သူ့မနှစ်သက်တဲ့ စီးပွားရေး လောကထဲမှာပဲ ကျင်လည်ခဲ့ရတယ်။ အကြောင်းကတော့ သူ့ရှာတွေ့တဲ့ အချိန်မှာ သူညီက လောကကြီးကိုထာဝရစွန့်ခွာသွားခဲ့ပြီလေ။ သူ သိပ်ချစ်ရတဲ့ညီရဲ့အသက်ကိုတောင် မကယ်တင်နိုင်ခဲ့တဲ့အတွက် သူ ဆေး ထိုးအပ်ကို အပြီးအပိုင်စွန့်လွှတ်ခဲ့တယ်။ ဒါပေမဲ့ သူ့မှာကံကောင်းတာ တစ်ခုက သူညီရဲ့ဘဝအပိုင်းအစလေးက လောကမှာ တစ်ပင်ချန်ထား ခဲ့တာပဲ။ သူက နတ်သမီးလေးနဲ့တူတယ်”

“ဟင်. . . ဘဘ, အဲ့ဒါ လှဦးမယ်ပေါ့နော်”

ဟု သူမသွက်လက်စွာဖြေခဲ့တုန်းက ဘဘက သဘောကျကာ ရယ်မောခဲ့ဖူးပါသည်။ ထိုပုံပြင်လေးက သူမဘဝပဲဆိုတာ သိနေခဲ့ပေမယ့် ကျန်ပုံပြင်တစ်ပုဒ်ကိုတော့ သူမ အခုမှနားလည်လာခဲ့ရတာပါ။ ထိုပုံပြင် ကိုတော့ သူမက တကယ်ပဲဒဏ္ဍာရီလို့ထင်ထားခဲ့တာလေ။

သူမအသက် (၁၃)နှစ်အရွယ်ကဖြစ်သည်။ ထိုပုံပြင်လေးကို သူမ နှင့်ဘဘ ချင်းပြည်နယ်သို့အလည်ရောက်ခိုက် ပြောပြခဲ့တာပဲဖြစ်သည်။

“ဒီတောင်တန်းကြီးတွေမှာ လွမ်းမောဖွယ်ကောင်းတဲ့ပုံပြင်တစ်ပုဒ် ရှိခဲ့ဖူးတယ်”

“ဘာလဲဟင်. . . ဘဘပြောပြမှာလား”



“သမီး နားထောင်ချင်သလား”

“ဟုတ်”

“တကယ့်ရင်နာစရာဖြစ်ရပ်လေးပါ။ အဲ့ဒီနေ့မှာ ဆေးရုံပေါ် မွေး လုမွေးခင် လူနာသုံးယောက်ရောက်လာကြတယ်။ တစ်ယောက်ကတော့ မိုင်းမှန်ထားတဲ့ဒဏ်ရာတွေနဲ့ ကလေးကို အသက်စွန့် မွေးသွားတာပဲ။ နောက်တစ်ယောက်ကတော့ ကျန်းကျန်းမာမာနဲ့ပဲ ကလေးကိုအလွယ် တကူမွေးခဲ့တယ်။ ဒါပေမဲ့. . . ကံဆိုးတာက သူ့ခင်ပွန်းသေပြီလို့လည်း ကြားလိုက်ရော သွေးနုသားနုနဲ့ စိတ်နောက်သွားရရှာတယ်။ ကျန်တစ် ယောက်ကတော့ ကျန်းကျန်းမာမာဆိုပေမယ့် ကလေးမမွေးနိုင်ရှာပြန် ဘူး။ နောက်တော့ ရွေးချယ်ဖို့ဖြစ်လာတယ်။ ကလေးအသက်နဲ့ မိခင် အသက်။ မိခင်ဆိုတာ တကယ်ကြီးမြတ်တဲ့ပုဂ္ဂိုလ်ပဲ။ သူကလည်း အသက် စွန့်သွားရှာတယ်။ ကလေးအသက်ကိုပဲ ယူပေးပါတဲ့၊ ဒါက သူ့တို့မိသားစု ရဲ့နောက်ဆုံးမျိုးဆက်ပါတဲ့၊ ကလေးကို ကြီးပြင်းအောင် စောင့်ရှောက်ပေး ပါလို့အတန်တန်မှာထားပြီး ဆွဲကြိုးလေးတစ်ကုံး ပေးသွားခဲ့တယ်။ အဲ့ဒီ ဆွဲကြိုးလေးရဲ့လော့ခ်ကက်ထဲမှာတော့ အမျိုးသမီးတစ်ယောက်ပုံနဲ့ အမျိုး သားတစ်ယောက်ပုံပဲ၊ အဲ့ဒါ ကလေးရဲ့အဖေနဲ့အမေပေါ့။ ဝင်ဆိုက်လို့ ဆုံတွေ့ခဲ့ရတာမို့ အဲ့ဒီဆရာဝန်ပေါက်စလေးဟာ ရွေးမျိုးမရှိ ချက်ချာ

www.burmeseclassic.com



လယ်လေးနဲ့ လောကအလယ်ကိုရောက်ရှိလာတဲ့ ကလေးသုံးယောက်ကို မွေးစားဖြစ်ခဲ့တယ်။ အဲ့ဒီဆရာဝန်က သူအမှန်တကယ်ဖြစ်ချင်ခဲ့တဲ့ဆန္ဒက ဆရာဝန်မဟုတ်ဘဲ အဆိုတော်တဝဖြစ်တယ်။ ဒါကြောင့် သူ မဖြစ်ခဲ့တဲ့အဆိုတော်ဘဝကို ကလေးသုံးယောက်ထံ အပ်နှင်းချင်တယ်ထင်ပါရဲ့"

"ပြီးတော့. . . ဘာဖြစ်လဲဟင် ဘဘ"

"ဆရာဝန်က ကံကောင်းချင်တော့ ကလေးသုံးယောက်မှာ ဂီတပါရမီက ပြည့်ဝနေခဲ့တယ်"

"အဲ့တော့ ဆရာဝန်က ပျော်သွားတာပေါ့နော်"

"အေးပေါ့ကွ။ သူ့မှာ ဘာမှမလိုတော့ဘူး။ ပြည့်စုံသွားပြီလေ။ သမီးလည်းရှိတယ်။ သားသုံးယောက်လည်းရှိတယ်။ ချစ်စရာသားသမီးတွေ ရှိနေတဲ့လူတစ်ယောက်ရဲ့ဘဝမှာ ဘာလိုအပ်သေးလို့လဲ။ သိပ်ပျော်စရာကောင်းသွားတာပေါ့"

ဟု ဘဘက အားတက်သရောပြောခဲ့ဖူးသည်။

သူမ သက်ပြင်းမောကိုချလိုက်မိပါသည်။

♫ ❡ ♫

## အခန်း ( ၁၉ )

နေရောင်ခြည်က ခုတင်ပေါ်သို့စူးပြီး ဖြာကျလာတာကြောင့် သူမ ထပ်အိပ်၍မရတော့။ မနေ့ညက သူမ အိပ်လိုက်တာ ပြတင်းတံခါး ပိတ်မိလိုက်ဘူးပဲ။

သူမက မျက်လုံးနှစ်လုံးဖွင့်လိုက်သည်နှင့် တစ်ခုခုကိုသတိရသွား ပြီး ဝရန်တာဘက်ထွက်ကာ အောက်ထပ်သို့မျှော်ကြည့်လိုက်သည်။ အားကစားလုပ်နေသော လူချောလေးသုံးယောက်ကို အသင့်တွေ့ ရသည်။

သူမက ကျေကျေနပ်နပ်ကြီး တစ်ချက်ပြုံးပစ်ကာ အားကစား

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံလဲပြီး ပြေးဆင်းလာကာ၊ သူတို့ကြားဝင်ပြီး ကမောက်ကမနှင့်တတ်သလောက်မှတ်သလောက်ကလေး လုပ်နေလိုက်သည်။ ကမောက်ကမနှင့်သူမကို သူတို့က ရယ်ချင်နေကြပါသော်လည်း ပြုံးစိစိနဲ့ပင် တစ်ဖက်သို့လှည့်သွားကြသည်။ သူမက ဒါကိုသဘောမပေါက်ဘဲ သူတို့နှင့်မျက်နှာချင်းဆိုင်သို့ရွှေ့လိုက်ပြီး ဆက်လုပ်နေလိုက်ပြန်သည်။

"မပြေးကြသေးဘူးလား"

"ဘာလုပ်လို့လဲ"

"ငါလည်း ရှင်တို့နဲ့လိုက်ပြေးမယ်လေ"

"မင်းက ငါတို့ကိုလိုက်နိုင်လို့လား"

"ရှင်တို့ထက်တောင် ပြေးနိုင်သေးတယ်"

"လေကတော့ စံပဲ"

"တကယ်ပြောတာ ရှင်တို့နဲ့ငါနဲ့အပြေးပြိုင်မလား"

"လုဦးမယ်, မင်းက သနားစရာပဲ။ မင်းပဲ ငါတို့ကိုရှုံးမှာ"

"အံမယ်, အထင်သေးလို့။ ငါနိုင်ရင် ရှင်တို့ဘာချီးမြှင့်မှာလဲ"

"မင်က ဘာလိုချင်သလဲ"

"ငါနိုင်ရင် ရှင်တို့သုံးယောက် ငါ့ကိုရုပ်ရှင်ပြရမယ်။ မုန့်လိုက်ကျွေးရမယ်။ တစ်နေကုန် ငါ့သဘောပဲလုပ်ပေးရမယ်"



"မင်းရှုံးရင့်ရော"

"ရှင်တို့ ငါ့ကိုဒီမှာမနေစေချင်ဘူးမဟုတ်လား။ ငါ,ဘဘဆီပြန်မယ်"

"အိုကေ, ဒါဆိုပြိုင်မယ်။ ဟော့ကောင်တွေ သဘောတူသလား"

"တူတယ်"

"ငါလည်း အိုကေပဲ"

သုံးယောက်သား ညီညွတ်နေကြတာကြောင့် သူမက မြင်ပြင်းကပ်သွားသည်။ သူမရင်ထဲ ကြုံးဝါးနေမိသည်။ နေနှင့်ဦးပေါ့ဟ။

"ပန်းတိုင်က ဘယ်နေရာလဲ"

"ငါတို့အမြဲနားနေကျ ခုံတန်းလေး"

"အိုကေ"

သူမဦးနှောက်ထဲ အနိုင်ရဖို့နည်းလမ်းတွေကိုသာ ကွက်ပြည့်စဉ်းစားနေခဲ့ပါသည်။ တစ်၊ နှစ်၊ သုံးဟု ရိုဗီးနောင်က စအော်လိုက်သောအခါမှာပဲ သူမက အားလုံးထက်သာသွားအောင် အားကုန်ပြေးပစ်သည်။

သူတို့သုံးယောက်ကတော့ သူမကို ရှုံးမှာပဲဟူသောအကြည့်မျိုးနှင့်ပြုံးစိစိကြည့်ကာ ပုံမှန်ပင်ပြေးနေလိုက်ကြသည်။ သူမမှာတော့ သူမအကြံနှင့်သူမမို့ အားကုန်ပြေးနေပါသည်။

www.burmeseclassic.com



သူမအတော်လေးပြေးပြီးလို့ သူတို့နဲ့နည်းနည်းဝေးသွားချိန်မှာ သူမ အတော်လေးမောဟိုက်နေပါပြီ။ ဒါကြောင့်ပင် သူမ ခဏမျှအနားယူလိုက်သည်။ သို့သော် အချိန်တိုတိုလေးအတွင်းမှာပဲ အောာတုရှိန်က သူမကိုမီလာခဲ့ပါသည်။

သူမမှာ ဘာတစ်ခုမှ မယ်မယ်ရရစဉ်းစားမနေတော့ဘဲ အရှိန်နှင့် ပြေးလာသည့် အောာတုရှိန်ရဲ့ညို့သကျည်းကိုသာ စောင့်ပြီး ကျကျနန ကန်ထည့်ပစ်တော့သည်။

"အား. . ."

အောာတုရှိန်မှာ အတော်လေးအီစိမ့်သွားသည်ထင်ပါရဲ့။ အော်သံစူးစူးဝါးဝါးကြီးနှင့်အတူ ခြေထောက်ကိုကိုင်ကာ လမ်းမကြီးပေါ်လဲကျသွားတော့သည်။

"လုဦးမယ်. . . လုဦးမယ်။ ဟော့ S.P မ"

ဉာဏ်များသောသူမက လှည့်ပင်မကြည့်တော့ပါ။ ဒီလောက်ဆိုရင် အောာတုရှိန်ကို သူမနိုင်လောက်ပြီထင်ပါရဲ့။ သူမပျော်ရွှင်နေပြီး သိပ်မကြာပါ။ သူမနားသို့ ရိုဒီးနောင်က မီလာပြန်သည်။

"ငါက ခြေသလုံး မာတယ်နော်။ ကန်ထည့်လိုက်ရုံနဲ့ အောာရှုလိုမလဲနိုင်ဘူး"



ကပ်၍ထွက်ပေါ်လာသောအသံတစ်ခုကြောင့် သူမမှာ ကြံရာမရဖြစ်သွားရသည်။

"အား. . . အား. . . နာတယ်"

သူမကိုကျော်လုကျော်ခင် ရိုဒီးနောင်ကို သူမဉာဏ်များကာမှ ရပေတော့မည်။ ရိုဒီးနောင်က သူမဉာဏ်များတာကိုသိနေ၍ထင်သည်။ လှည့်ပင်မကြည့်။

"အားလား. . . အား"

သူမက အမှန်တကယ် ဗိုက်ထဲက ခံစားလာရပုံမျိုးနှင့် over လုပ်ကာ ပဲများပြလိုက်သည်။ ထိုအခါမှာတော့ အသည်းနုလုံးနုတဲ့ ရိုဒီးနောင်က အငိုက်မိသွားတော့သည်။

"ဘာဖြစ်တာလဲ"

"ဗိုက်ထဲက နာတယ်"

"တော်တော်ပဲလား။ လာ,ငါတွဲပေးမယ်"

ဟုစေတနာပိုကာ သူမလက်မောင်းကိုဆွဲကိုင်လာချိန်မှာတော့ သူမက ဝေဒနာသည်ဖြစ်နေရာမှ ချက်ချင်းအခြေအနေပြောင်းသွားပြီး ရှိသမျှအားတို့ကို လက်တွင်စုစည်းကာ အားကုန်တွန်းလှဲပစ်တော့သည်။

"အား"

www.burmeseclassic.com



"ဟဲဟဲ. . . ရှင်က ခြေသလုံးမာရင်လည်း တင်ပါးရိုးတော့ မမာနိုင်ပါဘူး။ ဆောရီးနော်"

ရှုတ်နောက်နောက် ပြောင်ချော်ချော်နှင့်လုပ်သွားသော သူမကို ရှိဒီးနောင် စိတ်မတိုဖြစ်တော့ဘဲ ပြုံးမိသွားပါတော့သည်။ မကြာခင် လဲကျနေသောရှိဒီးနောင်နား ဖိုကိန်းယင့်ရောက်လာသည်။

"ရရဲ့လား. . . ဒီးနာ"

"လက်ဆက တော်တော်ပြင်းတယ်ကွ။ ဉာဏ်လည်းများတယ်။ မင်းသတိထား ကိန်းယင့်။ မင်းကိုလည်း သူတစ်ခုခုလုပ်လိမ့်မယ်"

သူသတိပေးလိုက်ပေမယ့်လည်း ကိန်းယင့်ကတော့ ခပ်ပြုံးပြုံး။ ဖိုကိန်းယင့်၊ လုဦးမယ်ကိုမိသွားချိန်မှာတော့ လုဦးမယ်က စဉ်းစားရကြပ်သွားပါတော့သည်။

"အောတုခြေထောက်နာသွားလို့ မင်းကိုဒေါသဖြစ်နေပြီ"

"ငါက သူ့ကိုမကြောက်ဘူး"

"ဒီးနာလည်း မင်းကြောင့်ပဲ နာသွားရပြီ"

"သူက စိတ်မဆိုးတတ်ဘူး"

"မင်း၊ ငါ့ကိုရော ဘာလုပ်ဖို့ကြံရွယ်နေသလဲ"

"ရှင် ငါ့ကိုအရှုံးပေးရင်တော့ ငါကဘာမှမလုပ်ဘူး"

"အဲ့ဒါဆို ငါ့ကို ဟိုကောင်တွေထုမှာပေါ့"

"အရှုံးမပေးဘူးဆိုတဲ့သဘောပေါ့"

"ပြိုင်ပွဲဆိုမှာတော့ အရှုံးပေးလိုက်ရင် အဓိပ္ပာယ်မရှိတော့ဘူး"

"အဲ့ဒါဆိုလည်း ရှင်နဲ့ငါဆက်ပြိုင်ကြတာပေါ့။ ရှင် အဲ့ဒီလိုပြေးနေရတာ မမောဘူးလား"

"ဘယ်လိုမှမနေဘူး"

"ရှင်နဲ့ငါနဲ့ပြေးရင်း သင်္ချာတွက်ကြမလား"

"အင်း. . . ကောင်းတယ်။ အလုပ်နှစ်ခုဆိုတော့ အာရုံပိုလန်းတာပေါ့"

"တစ်နဲ့တစ်ပေါင်းရင်"

"နှစ်"

"နှစ်နဲ့သုံးပေါင်းရင်"

"လေး"

"ဟား. . . ဟား။ ရှင်မှားပြီ. . . ငါး"

"ဩော်. . . အင်း"

"သုညနဲ့တစ်ပေါင်းရင်"

"တစ်"

www.burmeseclassic.com

www.burmeseclassic.com



"သူညနဲ့ငါးပေါင်းရင်"

"ငါး"

"ဆယ်ထဲက ငါးနုတ်ရင်"

"ငါး"

"မှားပြန်ပြီ၊ ရေကျန်တယ်"

"ဟားဟား. . . လုဦးမယ်၊ မင်းသိပ်ဉာဏ်များတာပဲ"

"ကဲ. . . ဆက်ပေါင်းမယ်"

ဟုဆိုကာ သူမက၊ ကလီကမာလျှောက်ပြောနေခဲ့သည်။ ဖိုကိန်းယင့်က သူမရဲ့အာပလာသချာထဲ မျှောနေခဲ့၍ ပန်းတိုင်နားရောက်လုနီးအချိန်ပင် သတိမထားမိလိုက်ပါ။ သူမကအကြံနှင့်မို့ ဖိုကိန်းယင့်ရဲ့ဉာဏ်ရည်ကို အလစ်မပေးစတမ်း မေးခွန်းက တရစပ်။ ပန်းတိုင်ရောက်ခါနီး သုံးကိုက်လောက်အကွာမှာတော့ သူမက ရုတ်တရက်ဆိုသလို ဖိုကိန်းယင့်ရဲ့လက်ကိုဆွဲပစ်လိုက်ပြီး ဖိုကိန်းယင့်ကို နောက်သို့ရောက်သွားစေတာ သူမက ဒရကြမ်း အားသွန်ခွန်စိုက်ပြေးပစ်လိုက်သည်။ ဖိုကိန်းယင့်နား ကြောင်နနရှိနေစဉ်မှာပဲ သူမက ပန်းတိုင်ကိုရောက်ရှိသွားခဲ့ပါပြီ။

"ဟဲဟဲ. . . ကိန်းယင်၏ အဓိပ္ပာယ်ရှိတဲ့ပြိုင်ပွဲလေးပါနော်"

"မင်းသိပ်ဉာဏ်များတဲ့ငတိလေးပဲ။ ငါ ဒီးနောစကားကိုသတိထွင်



သွားခဲ့တယ်"

"ရှင်တို့ ကျေကျေနပ်နပ်ရှုံးသွားပါတယ်နော်"

ပြိုင်ပွဲက တရားမျှတမှုမရှိလှသော်လည်း ဖိုကိန်းယင့်မှာ ဉာဏ်များတဲ့သူမကို ကျေနပ်စွာပင် ပြုံးကြည့်နေဖြစ်သည်။

"ဟားဟား. . . ပျော်စရာကြီး။ ရှင်တို့ကတိအတိုင်းပဲနော်"

"ငါတို့က ရှုံးသွားပြီပဲ၊ ဘာတတ်နိုင်မှာလဲ"

"ဟဲဟဲ. . . လူချောလေးတွေ ဒီနေ့တော့ လူချောလေးတွေထိပ်မှာ ဘုရင်မကြီးရှိနေပြီ။ ကျေနပ်စရာကောင်းလိုက်တာ"

ဖိုကိန်းယင့်က အောတုရှိုန်မဟုတ်တဲ့အတွက် သူမကိုသာ ကြင်နာစွာကြည့်နေဖြစ်ပါသည်။ သူမကတော့ ထုံးစံအတိုင်း လူတစ်ဖက်သားမခံချင်အောင် စ,နေလေရဲ့။

♫ ❦ ♫

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၀ )

"မရဘူး။ အောတုရှိန်ရဲ့ကားထဲမှာပဲ အားလုံးပြုံစီးမယ်"

"ဟား. . . ငါတို့"

"မရဘူး။ ဒီနေ့ ငါ့သဘောပဲ"

ဘယ်လိုမှပြောမရတဲ့အဆုံးမှာတော့ သူမရဲ့ဆန္ဒအရပင် အောတုရှိန်ရဲ့ကားထဲ ဝင်ဖြစ်သွားကြပါသည်။

"ကဲပြော. . . S.P မ၊ မင်းကို ငါကဘယ်မောင်းပို့ရမှာလဲ"

"ရှင်တို့က မန္တလေးသားတွေပဲ၊ ရှင်တို့သွားနေကျနေရာကို ဒါ လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"KTV တို့၊ နိုက်ကလပ်တို့၊ ကျူစုံတို့ နင်လိုက်မှာလား"

"ဇာတိက ပြလာပြီ။ အဲ့လိုကြီးကို ငါက သွားစရာလား"

"ဒါဆို မင်းကဘယ်သွားမှာလဲ"

"အင်း. . . အဲ့ဒါဆိုရင် မိန်းကလေးတွေသွားတတ်တဲ့ပလာဇာတို့ စင်တာတို့ကိုသွားမယ်"

"ဟာ မသွားချင်ပါဘူး။ ရှုပ်ရှုပ်ယှက်ယှက်"

"အံမယ်! ရှင်တို့ကရော မသွားလို့လား။ ရှင်တို့ကို ငါ ပလာဇာမှာတွေ့ဖူးပါတယ်"

"အခု မသွားချင်ဘူး"

"ငါသွားမယ်"

"မပို့ဘူး"

"ကတိမတည်သူက အခြောက်ပဲ။ အောတုရှိန်, ရှင်က အခြောက်လား"

"မင်းဘာပြောတာလဲ"

"ရှင် မကြားဘူးလား"

"မင်းနော်"

အောတုရှိန်က မကျေနပ်ပေမယ့်လည်း သူမဆန္ဒကိုလိုက်လျော



မိခဲ့ပါသည်။ ပလာဇာရှေ့မှာ ရပ်လိုက်သည်နှင့် သူမက တစ်ခုခုကိုသတိရသွားပုံမျိုး ရယ်ချင်လာခဲ့သည်။

"ဒီးနာ. . . ရှင် အဲ့ဒီတုန်းက အတော်စိတ်ညစ်ခဲ့မှာပဲနော်"

"ကြောင်တောင်တောင်နဲ့ဆိုတော့ မယုံနိုင်တာကပိုတယ်"

"မင်းတို့ဘာတွေပြောနေကြတာလဲ"

အောတုရှိန်က စိတ်ဝင်စားသလိုမေးလာ၍ သူမက ပိုကလီချင်သွားကာ ဂရုမစိုက်သလိုနေပစ်လိုက်သည်။ ကားပေါ်က ဆင်းကြတော့ သူမက သူတို့သုံးယောက်ရဲ့ကြားမှာနေရာယူကာ လျှောက်လာသည်။ သူတို့လေးယောက်ကို အချို့အချို့နှင့် အားလုံးသောလူများက မသိမသာနှင့်တစ်မျိုး သိသိသာသာနှင့်တစ်ဖုံကြည့်လာကြသည်။ သူမက ရေခဲမုန့်စားချင်မိ၍ ကောင်တာမှာရပ်လိုက်စဉ်. . .

"ဘာလုပ်မလို့လဲ"

"ရေခဲမုန့်စားမယ်လေ။ ရှင်တို့ရောမစားဘူးလား"

"လှဦးမယ်. . . မင်း,ကလေးလား"

"အဲ့ဒီလိုပဲဆိုရင်ရော"

"အွန်း, ငါရောစားမယ်"

"သွားပြီ. . . ငါတို့ကိန်းယင့်ပါ ဓါက်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်ရံမှာ အဲ့ဒီလိုလျှောက်လုပ်ရတာက အရသာတစ်မျိုး ထူးတယ်ကွာ။ ငါလည်းစားမယ်"

ဟု ရှိဒီးနောင်က ဆက်ပြောလိုက်သည်တွင်. . .

"အောတုရှိန်၊ ရှင်ရောစားရမယ်"

"မစားချင်ဘူး"

"စေတနာရှိလို့ဝယ်ကျွေးတယ်မထင်နဲ့။ ရှင်တစ်ယောက်တည်း ကျန်နေမှာမို့လို့ ဟွန့်. . . ဟိတ်! ရေခဲမုန့်လေးခုပေး၊ ချောကလက်ချည်း ပဲ"

သူမက တစ်ဆက်တည်းပြောကာ လေးချကြီးပင် မှာပစ်လိုက်သည်။ သူတို့ကိုသိနေသော ရေခဲမုန့်ကောင်တာမှမိန်းကလေးက ယောင်ယောင်နနနှင့် အမှားမှားအယွင်းယွင်း. . .

"အစ်မက လုဦးမယ်နော်"

"သိလို့လား"

"Audience Park ပဲ သိတာပေါ့။ အဲ့ဒီရှိုးပွဲနေ့က လာကြည့် တယ်လေ။ အရမ်းသဘောကျတာပဲ။ တကယ်"

ဟုပြောလည်းပြော လုပ်လည်းလုပ်ကာ ရေခဲမုန့်ကိုတစ်ခုချင်း ပေးလာသည်။ သူမက လှမ်းယူလိုက်ပြီး သူတို့သုံးယောက်ကိုဝေငှ



လိုက်သည်။

"ဒီးနာ, ကောင်းလား"

"အင်း. . . ဒါ,ငါပထမဆုံးစားဖူးတာပဲ"

"ကိန်းယင့်, ရှင်ရော"

"အင်း. . . ငါသဘောကျတယ်။ ခံစားမှုတစ်မျိုးထူးတယ်"

သူ့ကိုများမေးလာလေဦးမလားဟု ဘုတောမယ်ကြံခိုက် လုဦးမယ် က သူ့ကိုပင်ဂရုမစိုက်တော့ဘဲ လှည့်သွားပါ၍ သူ့မှာတော့ ကိုးရိုးကားရား နှင့်။

သူတို့က လေးယောက်ကြီးမို့ ပေါ်ပေါ်ထင်ထင်ကြီးဖြစ်နေတာ ကြောင့် ပလာဇာထဲမှလူတွေက သူတို့ကိုသိသိသာသာ ဘပင် ကြည့်နေကုန် ကြ သည်။ သူတို့က ပလာဇာကြီးထဲမှ အမြန်ဆုံးထွက်ခွာသွားချင်ပေမယ့် ဆရာမကြီးက ဘာမှမထူးခြားသလိုနေနေတာကြောင့် အောင့်သက်သက် နှင့် ဆက်နေလိုက်ရသည်။ ဖိနပ်ရောင်းသောဆိုင်ရှေ့သို့အရောက်မှာတော့ သူမက ဘာစိတ်ကူးပေါက်သွားသည်မသိ။

"ငါ ဖိနပ်ဝယ်မယ်။ ရှင်တို့ ငါ့ကိုဖိနပ်ရွေးပေး။ အဲ့ဒါကို အောတုရှိန်, ဝယ်ပေး"

"မဝယ်ပေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အောတုရှိန်"

"မဝယ်ပေးဘူးကွာ"

"ရှင့်ကို လူတွေအများကြီးကြည့်နေတယ်နော်။ မဝယ်ပေးလို့ကတော့ အကျယ်ကြီးအော်ငိုပစ်လိုက်မှာ"

"အောတု ဝယ်ပေးလိုက်ပါကွာ"

ဟု ရှိဒီးနောင်က မထူးခြားသလိုပြောလာပြီး ဖိုကိန်းယင့်ကပါ သူမဘက်မှာမို့ အောတုရှိန် အောင့်သက်သက်ပင်။ သူမ ပျော်ပါသည်။ လူချောလေးသုံးယောက်က သူမစီးဖို့ဖိနပ်ကို စမတ်ကျကျရွေးချယ်ပေးနေလို့ပါ။

"ဒါလည်း ငါတို့တဝမှာပထမဆုံးပဲ။ လုဦးမယ်လုပ်လိုက်ရင်တော့ အဆန်းကြီးပဲ"

ဟု ရှိဒီးနောင်က ပြောနေပါသေးသည်။ မိန်းကလေးစီးဖိနပ်ဆိုင်မှာ ဖိနပ်တစ်ရန်ကို စိတ်ပါလက်ပါရွေးနေကြသောသူတို့ကို အချို့တွေက စိတ်ဝင်စားသလို ပြုံးပြုံးကြည့်လာကြသလို သူမကိုလည်း အားကျသလို ငေးမောလာကြသည်။

သူမကတော့ အောတုရှိန် မကျေမနပ်နှင့်ဝယ်ပေးသောဖိနပ်ကို ပင် သဘောကျကျနှင့်ကြည့်နေဖြစ်သေးသည်။



"ရှိဒီးနောင်, ရှင်လည်း ငါ့ကိုတစ်ခုခုဝယ်ပေးဖို့ အစီအစဉ်မရှိဘူးလား"

"မင်းက ဘာလိုချင်လို့လဲ"

"ငါက ဝက်ဝံရုပ်အကြီးကြီးလိုချင်တာ"

"မင်းကြိုက်တာရွေးလေ၊ ငါဝယ်ပေးမယ်"

ဟုပြောလာသဖြင့် သူမက အရုပ်ရောင်းတဲ့ဆိုင်ထဲဝင်ကာ အဝါရောင်မွေးမွှေဝက်ဝံရုပ်ကြီးကိုရွေးလိုက်သည်။

အောတုရှိန်ရဲ့ဘုကျကျမျက်နှာပေးက ထိုအရုပ်ကြီးကြောင့် ပြေလျော့သွားသည်။

"အောတုရှိန်. . . ရှင်ရောအရုပ်ချစ်သူလား"

"အင်း. . . အောတုက အရုပ်တွေကိုသဘောကျတယ်"

"ရော့. . . ဒါဆို ဒါကြီးပွေ့ခဲ့။ အကြီးကြီးဆိုတော့ ငါမနိုင်ဘူး"

ဟုသာကောက်ကာငင်ကာပြောကာ အရုပ်ကြီးကို အောပုရှိန်ထံ ခံပေးလိုက်သည်။ အောတုရှိန်မှာ ကိုးရိုးကားရားနှင့် မအပ်မစပ်အရုပ်ကြီးပွေ့လာရပြန်သည်။

"ကိန်းယင့်, ရှင်ပဲကျန်တော့တယ်"

"မင်းဘာလိုချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဝတ်စုံတစ်စုံဆိုရင် ပိုအဆင်ပြေတယ်။ ဖိနပ်နဲ့ဝတ်စုံလေ"

"ဝယ်ပေးမယ်လေ၊ မင်းရွေးလိုက်"

"ရှင်တို့နှစ်ယောက်က အောတုရှိန်ထက် အများကြီးလိမ္မာတယ်။ ငါဝတ်ဖို့အင်္ကျီကို ရှင်တို့ပဲရွေးပေးလိုက်။ ရှင်တို့က မျက်စိပေါက်တာပဲ"

ဟု ထိမထင်လေးပြောလိုက်ပါသေးသည်။ အင်္ကျီတစ်ထည်ကို ခေါင်းချင်းဆုံကာ ရွေးချယ်ပေးနေသော သူတို့သုံးယောက်ကို သူမက အရသာခံကြည့်နေလိုက်သည်။ အောတုရှိန်ကတော့ မအီမသာကြီးပ ဟိုနှစ်ယောက်ကိုမလွန်ဆန်နိုင်၍ ရွေးပေးနေပုံမျိုးပါ။

ထိုနေ့က သူမတို့တစ်နေ့ကုန်လျှောက်လည်ဖြစ်ကြပြီး ည(၉)နာရီ ခွဲပွဲရုပ်ရှင်ကြည့်ကာ ညဉ့်နက်မှပြန်ခဲ့ကြသည်။ သူမဘဝမှာ ထိုအချိန် လေးတွေကိုသာယာလိုက်စမ်းပါဘိ။

♫ ❡ ♫

## အခန်း ( ၂၁ )

"ကိန်းယင့်. . . မင်း, လူဦးမယ်ကိုဘယ်လိုမြင်သလဲ"

"ရိုးရှင်းပြီး ချစ်စရာကောင်းတယ်ထင်တယ်"

"ငါကတော့ လူဦးမယ်ကိုခံစားမှုအသစ်တွေပေးနိုင်တဲ့ ဝတီလေး လို့မြင်တယ်။ စိတ်ဝင်စားတယ်။ အသစ်တွေကိုဖြစ်ပေါ်စေတယ်။ သူနဲ့ တော့ ငါ့ခံစားချက်ကလည်းအသစ်ပဲ။ အောတု, မင်းရော"

"ဘာတစ်ခုမှအချိုးမပြေတဲ့ S.P မပဲ၊ ကြည့်လို့ကိုမရဘူး"

"အဲ့ဒါကြောင့် သူကမင်းကိုပိုကိုက်တာ။ သူက ချစ်စရာကောင်း ခဲ့တယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာလဲ၊ မျက်နှာလေးလား၊ ကိုယ်လုံးကိုယ်ပေါက်လား၊ အရုပ်ပုပုလား၊ 'ဘာတစ်ခုမှအဆင်မပြေဘူး

"ငါတို့ အောတုလည်း လုဦးမယ်နဲ့တော့ တော်တော်ပြောင်းလဲသွားတာပဲ"

"ဘာလဲ"

"အကောင်းမမြင်တတ်ရင်လည်း မကောင်းလေးတော့ပြောတတ်လာတယ်လေ၊ ခါတိုင်းဆို မင်းက ကျောက်ရုပ်ကြီးလိုအေးစက်စက်"

"မင်းတို့ကရော"

"ငါတို့ကတော့ ပွင့်ပွင့်လင်းလင်းပဲ၊ လုဦးမယ်က ချစ်စရာကောင်းတယ်။ စိတ်ဝင်စားစရာကောင်းတယ်။ သူက တခြားမိန်းကလေးတွေနဲ့ မတူဘူး"

"သူရောက်လာတော့ ငါတို့ကြားထဲမှာ ပျော်စရာလေးတွေတိုးလာတယ်။ စာအုပ်ကြီးအတိုင်းမသွားတော့ဘူး၊ အသစ်ပေါ့"

"ဟိတ်! ရှင်တို့ဘာတွေသစ်နေကြတာလဲ။ ငါ့အကြောင်းပြောနေတာလား"

ဟုဆိုကာ ထွက်ပေါ်လာတဲ့လုဦးမယ်အသံကြောင့် သူတို့က အသံလာရာဘက် လှည့်ကြည့်လာကြသည်။



"မင်း, ဒီနေ့ ငြိမ်ချက်သားကောင်းလှချည်လား လုဦးမယ်"

"ငါ, ရှင်တို့ကိုချောက်တွန်းဖို့စဉ်းစားနေတယ်လို့ ရှင်တို့မထင်ဘူးလား"

ဟုဆိုကာ အကဲစမ်းသလိုမေးလိုက်သည်တွင် ထိတ်လန့်သွားသောသူတို့ပုံစံကြောင့် သူမက တဟဲဟဲရယ်ကာ. . .

"စိုးရိမ်သွားကြတာထင်တယ်။ ငါ အဲ့လောက်ကြီးဆိုးနေပြီလား"

"အဲ့ဒီထက် သာနေလို့ပါ"

"ငါ့ကိုတော်တော်ချစ်ကြတယ်ထင်တယ်နော်၊ ရှုံချဖို့ဆိုရင် သုံးယောက်လုံး ညီညွတ်နေတာပဲ။ ဒါပေမဲ့ ရှင်တို့ ဒီဝဋ်က ကျွတ်တော့မှာပါ ငါ မနက်လေးမှာနေတာ သုံးလပြည့်တော့မှာလေ၊ ငါ့ကို ဘာဘာလာခေါ်တော့မှာ"

"ဟင်! "

ထိုအခါကျပြန်တော့လည်း သူတို့သုံးယောက်စလုံးရဲ့ရင်ထဲမှာ ကောင်းကြပြန်ပါ။

"နောက်ဆို ငါ ရှင်တို့ကို ဘယ်တော့မှလာရှုပ်နိုင်တော့မှာမဟုတ်ဘူး"

"မင်းက ဘယ်သွားမှာမို့လဲ"

www.burmeseclassic.com

www.burmeseclassic.com

"ငါက ဘဘနောက် တကောက်ကောက်လိုက်ရမယ်။ ပြီးတော့ အိမ်ထဲမှာပဲ ပန်းချီဆွဲမယ်။ ကဗျာရေးမယ်။ တယောထိုးမယ်။ Piano တီးမယ်။ တစ်ခါတစ်ရံမှာ ငါ့နေကိုမမြင်ဖူးတဲ့နေ့ရှိတယ်။ ပတ်ဝန်းကျင်နဲ့ရောထွေးဆက်ဆံတာ ဘဘက မကြိုက်ဘူး။ ဒါကြောင့် ငါအခုလို လွတ်လပ်ခွင့်ရတုန်းလေး ငါလွတ်လွတ်လပ်လပ်နေခဲ့တာ။ ငါလုပ်ချင်တာမှန်သမျှလည်း လုပ်တယ်။ ဝက်သားတုတ်ထိုးလည်း စားတယ်။ ရေခဲရေလည်းသောက်တယ်။ အချဉ်လည်းစားတယ်။ ငါက ဘဘက လွဲရင် တခြားလူတွေနဲ့သိပ်စကားမပြောဖူးဘူး။ ငါ ရှင်တို့ကိုကျေးဇူးတင်ပါတယ်။ ရှင်တို့နဲ့တွေ့ရတာ ငါပျော်ရွှင်ရတယ်"

"မင်းတကယ်ပြန်တော့မှာလား လှဦးမယ်"

"ဘဘက ငါ့ကို မနက်ဖြန်လာခေါ်တော့မှာ"

"ဖုန်းဆက်ခဲ့တာလား"

"ငါအလိုလိုသိနေတယ်။ မနက်ဖြန် သုံးလပြည့်ပြီလေ။ ဘဘက တိကျတယ်။ ရှင်တို့လည်း သူ့အကြောင်းကိုသိပါတယ်။ ငါ့ဘဝမှာ ဒီအချိန်လေးတွေကို အမြဲတမ်းအမှတ်ရနေပါ့မယ်။ ငါ့,ရှင်တို့ကိုဘယ်တုန်းကတည်းက သိတာလဲ သိလား။ ရှင်တို့ငါ့ကိုမသိခင်ကတည်းက ပဲ။ ငါ့,ရှင်တို့ကို ကန်တော်ကြီးမှာ စသိခဲ့တာ။ ငါ့,ရှင်တို့ကိုအရမ်း

BURMESE CLASSIC



တယ်လို့တောင် ပြောခဲ့ဖူးတယ်။ ငါက အဲ့ဒါကိုသတိရလို့ အောတုရှိန်ကို ကန်တော်ကြီးပို့ခိုင်းတာ၊ အောတုရှိန်က ငါ့ကိုမပို့ပေးဘူး"

ထိုစကားကြားလိုက်ချိန်မှာတော့ အောတုရှိန်ရင်ထဲ ကြိုးစွာခံစားလိုက်ရသည်။

"ပြီးတော့လည်း ငါ့ကို S.P မလို့ခေါ်တယ်။ ဒါပေမဲ့ ငါ့, ရှင့်ကိုလည်း ကျေးဇူးတင်ပါတယ်။ ရှင်က ငါ့ကိုဝက်သားတုတ်ထိုးလည်း စားကူတယ်။ မကျေနပ်၊ မကြည်ဖြူပေမယ့် အလျှော့ပေးခဲ့တယ်။ ကိန်းယင့်ကိုလည်း ငါက ကျေးဇူးတင်ပါတယ်။ ငါ့ကို Piano တီးသင်ပေးတယ်။ ကြင်ကြင်နာနာဆက်ဆံပေးတယ်။ ဒီးနာကိုလည်း ကျေးဇူးတင်တယ်။ ငါ့,ခက်ခဲနေချိန်တိုင်း မသိဘဲနဲ့ ကူညီပေးခဲ့တယ်။ စိတ်မပါပေမယ့်လည်း နှုတ်ဆက်ပြောဆိုပေးတယ်။ ရှင်တို့တွေ လွတ်လပ်တော့မှာပဲ။ ငါသွားတော့မှာလေ"

"လှဦးမယ်, မင်းဆက်နေပါဦးလား။ ငါတို့က အခုမှ မင်းနဲ့အထာကျစရှိသေးတယ်"

"ဟုတ်တယ်၊ မင်းက ဂျိုကာမလေးပဲ။ မင်းမရှိရင် ပျင်းစရာကြီးဖြစ်တော့မှာ"

ကိန်းယင့်နဲ့ဒီးနာကတော့ တစ်ယောက်တစ်ပေါက်ပြောလာကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့သော် သူမရဲ့ ဘုတောတော အောတုရှိန်ကတော့ သူမကို လှည့်ပင်မကြည့်။

"ရှင်တို့ ငါရှိရင် စိတ်ညစ်ကြတာပဲကို။ ငါ့ကိုဟန်ဆောင်ပြီး မပြောပါနဲ့"

"ငါတို့က ဟန်မဆောင်တတ်ပါဘူး။ ငါ့ Piano ကို ငါတို့သုံးယောက်ကလွဲရင် ကိုင်ခွင့်ရှိတဲ့လူက မင်းပဲ လုဦးမယ်။ မင်း Piano ကို ဖိုးဖိုးဖတ်ဖတ်တီးလိုက်တဲ့နေ့ကဆို ငါ့ကိုယ်ငါတောင်အံ့သြတယ်။ မင်းကိုစိတ်မဆိုးလို့၊ တကယ်တော့ ငါ,မင်းကိုခင်ပါတယ်"

"ငါလည်း မင်းကိုခင်ပါတယ်။ မိန်းကလေးတစ်ယောက်ဟာ အဲ့ဒီလို ခင်ဖို့ကောင်းနေလိမ့်မယ်လို့ ငါမတွေးခဲ့ဖူးပါဘူး။ မင်းက ပွင့်လင်းရိုးရှင်းတယ်၊ ချစ်ဖို့ကောင်းတယ်။ ငါက လူတစ်ယောက်ကိုအကြောင်းမဲ့ သက်သက်မကူညီတတ်ဘူး။ ဒါပေမဲ့ မင်းကိုတော့ ငါစတွေ့တွေ့ချင်းမှာပဲ ကူညီဖြစ်သွားတယ်"

"ရှင်တို့က အဲ့လိုပြောတော့ ငါ,ရှင်တို့နဲ့ခွဲရမှာကိုဝမ်းနည်းတယ်"

"မင်းမပြန်ပါနဲ့လို့တော့ ပြောချင်တယ်။ ဒါပေမဲ့ မင်းပြန်သွားခဲ့မယ်ဆိုရင်တောင် မင်းက Audience Park အဖွဲ့ဝင်ပဲ။ မှတ်ထားနော်"



"ရှင်တို့က အဲ့ဒီလိုပြောတော့ ငါမပြန်ချင်ဘူး"

"ဒါဆိုလည်း မပြန်နဲ့ပေါ့"

"ဘဘအကြောင်းကို ရှင်တို့သိသားနဲ့၊ ငါပြန်ရမှာ"

"မငိုပါနဲ့ဟာ"

"ဘယ်မှာငိုလို့လဲ"

"အဲ့ဒီမှာ မျက်ရည်တွေကျနေတယ်"

ရှိဒီးနောင်က ထိုင်ရာမှထလာကာ သူမမျက်ရည်တွေကို ကြင်နာစွာသုတ်ပေးလိုက်သည်။ ထိုမြင်ကွင်းက အောတုရှိန်ရင်ထဲ ဘာဖြစ်သွားမှန်းပင်မသိ။ ရှိဒီးနောင်ကိုပဲ စိတ်တိုသွားသလို ယောကျ်ားလေးတွေရှေ့ မျက်ရည်ကျနေတဲ့လုဦးမယ်ကိုပဲ အပြစ်တင်ချင်သွားသလို။

"ဒါဆို ငါတို့ ဒီနေ့နှုတ်ဆက်ညပေါ့"

"အင်း"

"ခွဲခွာခါနီး ငါတို့နှုတ်ဆက်ပွဲလေးလုပ်ကြရင်ရော၊ ဘယ်လိုလဲ"

"ကိန်းယင့်, ရှင်တကယ်ပြောတာလား"

"ငါမနောက်တတ်ဘူးလေ"

"ဒါဆို ငါတို့ ဒီနေ့ည သီးသန့်ပါတီလေးလုပ်ရအောင်၊ လုဦးမယ်ကိုဂုဏ်ပြုပွဲလေ"

www.burmeseclassic.com

www.burmeseclassic.com

"ပါတီဆိုရင် စားသောက်ဖွယ်ရာ ပါရမှာပေါ့နော်"

"ဒါပေါ့"

"ဒါဆို အချိန်ရှိတုန်းသွားဝယ်မယ်လေ"

"အင်း . . ကောင်းတယ်"

"ဒါဆို သွားမယ်။ ဒီးနာ, ရှင်နဲ့ငါသွားဝယ်ရအောင်။ ငါက ဈေးဝယ်ရတာကြိုက်တယ်။ ငါတို့နှစ်ယောက်တည်းဆို ပျင်းစရာကြီး။ ကိန်းယင့်ရောလိုက်ခဲ့လေ"

"အင်း . . . လိုက်မယ်။ အခုလား"

"အခုပေါ့"

သူ့ကိုရောခေါ်ဦးမလားဟု အောတုရှိန် နားစွင့်နေပေမယ့်လည်း သူ့နာမည်တော့ လူဦးမယ်က ထပ်မံရွတ်မလာပြန်ပါ။ သူက လူဦးမယ် မြင်သာအောင် ခေါင်းလေးမော့လာပေမယ့် လူဦးမယ်က သူ့ကိုလှည့်ပင် မကြည့်ပါ။

တကယ်တမ်း ထိုသုံးယောက် အပြင်ထွက်ဖို့ တာစူကြပြန်တော့လည်း သူက အိမ်မှာ တစ်ယောက်တည်းကျန်မထားချင်။ သူ့ကိုခေါ်ဖို့ နည်းနည်းမှသတိမရကြတဲ့ ရဲဘော်ဟောင်းကြီးများဖြစ်တဲ့ ကိန်းယင့်နဲ့ ဒီးနာကိုလည်း တစ်ချက်စီလောက်ဆွဲထိုးချင်မိသည်။



နေမထိထိုင်မသာဖြစ်နေတဲ့ သူ့စိတ်အစဉ်ကြောင့် သူကထိုင်ရတာ ညောင်းနေပြီဆိုသောပုံစံဖမ်းကာ အားလုံးရှေ့ မားမားကြီးရပ်ပြလိုက်သည်။ သို့သော်လည်း သူ့ကိုဂရုမစိုက်ကြတဲ့သူတို့ကြောင့် . . .

"လူဦးမယ်, မင်း ငါ့ကို ဒီတစ်ခါတော့ မခေါ်တော့ဘူးလား"

"ရှင်က ငါမခေါ်တာကို ဝမ်းသာနေတယ်မဟုတ်လား"

"အေးပေါ့။ ငါအများကြီးသက်သာတာပေါ့"

"စိတ်ချပါ။ ငါ,ရှင့်ကိုဒုက္ခမပေးတော့ပါဘူး။ ငါ့ကိုခင်တဲ့ဒီးနာနဲ့ ကိန်းယင့်ရှိနေတာပဲ။ ရှင်မလိုတော့ဘူး"

ထိုအခါမှာတော့ သူက အောင့်သက်သက်ကြီးခံလိုက်ရပါသည်။ ဦးဆောင်ပြီးထွက်သွားသောသူမနောက်ကိုလိုက်ရန် ဟန်ပြင်နေကြသော ဒီးနာနဲ့ကိန်းယင့်နားကပ်ကာ . . .

"ငါရော လိုက်ခဲ့ရမလား"

"ရတယ်လေ။ ငါတို့ပဲဖြစ်ပါတယ်။ မင်းက လူဦးမယ်နဲ့မတည့်တာပဲ"

"ဟော့ကောင်တွေ"

"ဘာလဲ . . . မင်းကလိုက်ချင်လို့လား"

"ဘယ်သူက လိုက်ချင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ။ မင်းပုံစံက လိုက်ချင်လားလို့"

"လိုက်ချင်မနေဘူး။ အလုပ်ရှုပ်တောင် သက်သာသေး"

"ဒါဆို ငါတို့သွားပြီ"

"ဟော့ကောင်တွေ။ ဟော့. . ."

"အား. . . ဘုန်း. . . ဝုန်းခွမ်း"

သူလျှောက်ပြောနေတယ်ဆိုတာ ဒီးနောနဲ့ကိန်းယင့်က အလွတ်ရ ရဲ့သားနဲ့ သူ့ကိုတမင်ကလိသွားတာဖြစ်၍ သူ့ဒေါသဖြစ်ဖြစ်ပင် ခုံတစ် လုံးကိုဆောင့်ကန်ပစ်လိုက်သည်။ အဲ့ဒါကိုပဲ ဇိုကိန်းယင့်နဲ့ ရှိဒီးနောင်က ပြုံးပြုံးကြီးလုပ်နေကြပါသေးသည်။ တစ်ခါတစ်ရံ အောတုကို အဲ့လိုလေး ကလိလိုက်ရတာ သူတို့သိပ်အရသာတွေ့သွားသည့်ထင်ရဲ့။ ဒါဆို ဒီ အကျင့်ကရော လူဦးမယ်ဆီက ကူးစက်ခံရတာလား။

ထွက်သွားသောကားအနီလေးကိုကြည့်ပြီး အောတုရှိန် ခုံပေါ် ဝုန်းခနဲထိုင်ချပစ်လိုက်သည်။ သူ့ရင်ထဲမှာ တစ်ခုခုကိုအကြီးအကျယ် မကျေနပ်နေသလို လိတ်ခဲတင်းလင်းနှင့်။ သို့သော် သူ့ဒေါသတွေက တဖြည်းဖြည်းနှင့်ငြိမ်ကျသွားခဲ့ပါသည်။ လူဦးမယ်ပြောရင်လည်း ပြော ရောပဲ။ သူ ဘာကြောင့် လူဦးမယ်ကိုမုန်းဖြစ်ချင်ရတာလဲ။

"ငါ့မင်းကို အမှန်တကယ်မပို့ပေးချင်လို့မဟုတ်ဘူး။ မင်းနဲ့



စကားများရတာကို ငါကြိုက်လို့ပါ။ မင်းပို့ပေးဆို ငါ အခုပဲ ကန်တော်ကြီး ကိုချက်ချင်းပို့ပေးမယ်။ တကယ့် S.P မပဲ။ လူတစ်ယောက်ရဲ့စိတ်ကို တောင် အမှန်မမြင်နိုင်ဘူး။ ငါက အဲ့လိုမျိုးကန့်လန့်မတိုက်ဘဲ လိုက် လျောရမှာ တစ်မျိုးကြီးဖြစ်နေလို့ပါ။ မင်းဂိုချင်ရင် ဖိနပ်တစ်ရန်ပဲ မဟုတ်ဘူး။ တစ်ဆိုင်လုံးဝယ်ပေးနိုင်တယ်"

"အစ်ကိုလေး ဘာတွေပြောနေတာလဲ"

အနောက်မှထွက်ပေါ်လာသော မောင်နောက်ရဲ့အသံကြားမှ သူ တစ်ယောက်တည်း စကားတွေပြောနေတာပါလားဆိုတာ သတိဝင်လာ သည်။

"ငါက ဘာပြောနေလို့လဲ"

"အစ်ကိုလေးပဲ စောစောက တစ်ယောက်တည်း စကားပြော နေတယ်ရွှေ"

"သြော်! အင်း. . . ဘာမှမပြောဘူး။ သြော်! မောင်နောက်, စတို ခန်းထဲမှာ မီးဆိုင်းသီးတွေရှိနေတယ်မဟုတ်လား"

"ရှိတယ်လေ။ ဘာလုပ်မလို့လဲ အစ်ကိုလေး"

"ည, ငါတို့ပါတီလုပ်မလို့။ အဲ့ဒီမီးသီးရောင်စုံတွေအားလုံး ရေ ကူးကန်နဲ့ မြက်ခင်းကြားမှာ သွားပုံထားလိုက်။ ငါ ခဏလေးနေရင်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့မယ်''

''မောင်နောက် ဘာကူလုပ်ပေးဦးမလဲ''

''ရတယ်၊ ငါဖာသာပဲလုပ်မယ်။ ဒါနဲ့ ဒေါ်မွေးရော''

''အပေါ်ထပ်မှာ မမလေးပြောထားလို့ထင်တယ်၊ ပစ္စည်းတွေ သိမ်းနေတယ်''

''ဟင်! ''

''မမလေးက ပြန်တော့မယ်ဆိုတော့လည်း ပျင်းစရာကြီး။ မမလေးရှိရင် ပျော်ဖို့ကောင်းတယ်။ ဒေါ်မွေးလည်းပါတော့ ဟင်းကောင်းကောင်းစားရတာပေါ့''

အမှန်တကယ်ပဲ လှဦးမယ်ပြန်တော့မယ်ဆိုတာ သိလိုက်ရတော့ သူ့ရင်ထဲမှာ မကောင်းလှပါ။ အမှန်တော့ သူလည်း လှဦးမယ်ကိုမပြန်စေချင်ပါ။ လှဦးမယ်က ဖိုးဖိုးဖက်ဖက်နိုင်ပေမယ့် သူ့ကိုလှဦးမယ်နှင့်နေရတာ ပျော်သည်။ ရန်ဖြစ်ရတာလည်းကြိုက်သည်။

သူ မီးဆိုင်းမီးလုံးတွေဆင်၍ ပြီးလုနီးနီးအချိန်မှာပင် အပြင်ထွက်သွားသော သူတို့သုံးယောက်ပြန်လာကြသည်။ သည့်တွင် မီးတွေဆင်နေသောဘွဲ့ကိုမြင်၍ ထိုသုံးယောက်မှာ ကြက်သေသေကာ အံ့သြသွားကြသည်။



ဒီလိုကြီး တစ်ယောက်ယောက်ကို ပေါ်ပေါ်ထင်ထင်ကောင်းမိသွားပြန်တော့လည်း သူမနေတတ်ပြန်ပါ။

''ငါတစ်ယောက်တည်းပျင်းတာနဲ့ အပျင်းပြေသော့နေတာ''

''ငါ့ရဲ့ပါတီကိုပုံ့ပိုးတာပါလို့ အမှန်အတိုင်းပြောလိုက်ရင်ရော ရှင့်ကိုကျူးကိုက်မှာမို့လား''

သူမဒေါသဖြစ်ဖြစ်နှင့်အော်ကာ လှည့်ထွက်မယ်ကြံတော့. . .

''ဟော့ဟော့. . . ငါလည်း ဒီပွဲမှာပါမယ်''

နုနုရွရွစကားလုံးကိုမပြောတတ်ဘဲပြောလိုက်၍ အဆီအငေါ်ကမတည့်။ သူမက ပဲများပြီး ခြေဆောင့်ကာ သွားမယ်ကြံတော့ အသုံးမကျတဲ့ဖိနပ်ချွန်ချွန်က မြက်ခင်းကြားက မြေပေါ့လေးမှ နစ်ဝင်နေပါသည်။ ဒါကို သူမက မသိဘဲ ဖိုးဖိုးဖတ်ဖတ်လှည့်လိုက်တော့ ဟန်ချက်ပျက်သွားပြီး. . .

''အမယ်လေး! ''

လဲကျလုလုသူမကို ရိုဒီးနောင်က လက်ဖြင့်ကျောကိုထိန်းလိုက်သည်တွင် အားလွန်ကာ မြေကြီးထဲနစ်ဝင်နေသောဖိနပ်က ကျွတ်ထွက်လာကာ လေထဲမြောက်တက်သွားသည်။

သည့်တွင် မြေကြီးပျော့ပျော့ထဲ ဘယ်တုန်းကကြိမ်နဲ့ ပုန်းအောင်း

www.burmeseclassic.com

www.burmeseclassic.com



နေမှုန်းမသိတဲ့တီကောင်က ဒေါက်ဖိနပ်နားကပ်ပါလာပြီး ရှိဒီးနောင်ရဲ့ လက်ဖမိုးတည့်တည့်သို့ အခွေလိုက်ပြုတ်ကျသွားသည်။

"ဝါး. . . အား. . . အား"

ရှိဒီးနောင်မှာ တီကောင်ကိုမြင်တာနဲ့ ဖျတ်ဖျတ်လူးသွားပြီး တဒင်္ဂဘာဖြစ်သွားမှန်းမသိ ခြေဦးတည့်ရာပြေးကာ အနီးအနားမှ လှဦးမယ်ကို တွန်းပစ်မိပြီး ရေကန်ထဲခုန်ချသွားသည်။

"ဘွမ်း!"

လဲကျနေသောသူမက ရှိဒီးနေ ့ာက်ကိုစိတ်ပင်မဆိုးတော့ဘဲ တဟီးဟီးရယ်ဖြစ်သွားသည်။ တီကောင်သေးသေးလေးကို ရေထဲခုန်ချရလောက်တဲ့အထိကြောက်တဲ့ရှိဒီးနောင်ကို သူမအံ့သြမိပါသည်။ ယောကျ်ားလေးတစ်ယောက်ရဲ့ထိတ်ထိတ်ပျာပျာပုံကို မမြင်ဖူးတာကြောင့်လည်း မျက်စိမပွင့်အောင် ရယ်ပစ်မိသည်။

အားလုံးက ရှိဒီးနောင်ရဲ့ဖျတ်ဖျတ်လူးပုံကို ရယ်မောနေချိန်မှာ ရှိဒီးနောင်မှာ ရေကန်ကြီးအလယ်မှာ မောပန်းတကြီးရောက်နေခဲ့ပါပြီ။ သူမလဲကျနေရာမှ ကုန်းကာ ထဖို့ပြင်ခိုက် အင်္ကျီလက်ပေါ် လှုပ်ရွလှုပ်ရွ တက်လာသော ယားကျိကျိအသိကြောင့် ကြည့်မိလိုက်စဉ်မှာ. . .

"အား. . . အား"



မှန်ပါသည်။ နှစ်ချို့ ခူယားကြီးပါပဲ။ သူမကြောက်ကြောက်လန့်လန့်နှင့် အင်္ကျီလက်ကြီးကို ခါပစ်စဉ်မှာ ကံဆိုးစွာပင် ခူယားကြီးက ခူယားကြောက်သောဖိုကိန်းယင့်ရဲ့ ဘွတ်ခ်ဖိနပ်ပေါ်သို့။ ထိုခူယားကို လည်းမြင်ရော ဖိုကိန်းယင့်က မျက်လုံးကြီးပြူးဝိုင်းသွားကာ. . .

"အား. . ."

အသားကုန်အော်ပြီး ခုန်ပစ်ပါတော့သည်။ သို့သော် ဘွတ်ခ်ဖိနပ်မှာ ငြိတွယ်နေသောခူယားက မကျနိုင်သေးပါ။ သူတော်တော်အသည်းယားသွား၍ထင်သည်။ အော်ရင်းပြေးရင်းနှင့် ရေကူးကန်ကို နှစ်ပတ်မျှပတ်ပြေးနေသည်။

ဒါကို သူတို့နှစ်ယောက်အပါအဝင် ရေကန်ထဲမှ ရှိဒီးနောင်ကလည်း ရေခယောင်ရယ်နေသေးတာကြောင့် လှောင်အိမ်ထဲမှငှက်ခွေးတွေပင် လန့်ဖျပ်ကာ ဟောင်လာသောကြောင့် သူတို့ရဲ့ဟာသပွဲမှာ ပိုရှည်ဝေသွားရတော့သည်။

♫ ❡ ♫

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"လှဦးမယ်က တကယ်ရယ်ရတယ်နော်"

"ကိန်းယင့်, အဲ့ဒီခုယားအတွက် မင်းမဖျားချင်သွားဘူးလား"

"မင်းကရော တီကောင်ကိုင်လိုက်ရလို့ ဒီနေ့စားသောက်နိုင်ပါဦး မလား"

"တကယ်ပဲ ကြဲကြဲဖန်ဖန်ဖြစ်တတ်တယ်"

"ငါတို့အိမ်မှာ လှဦးမယ်,မရှိတော့ရင် ပျင်းစရာကြီးနေမှာနော်"

"ဟုတ်တယ်ကွ။ လှဦးမယ်နဲ့ နောက်နေစရှိလို့လားမသိဘူး။ သူ ပြန်တော့မယ်ဆိုတော့ ခံစားရတယ်"

www.burmeseclassic.com

www.burmeseclassic.com



“အရင်ကလည်း ငါတို့သုံးယောက်ပဲ ကမ္ဘာတည်နေကျပဲ။ ဒါပေမဲ့ လှဦးမယ်ရောက်လာတော့ သုံးယောက်တည်းနေရတာ မပြည့်စုံလာသလို ပဲ”

ဂိုကိန်းယင့်နဲ့ရှိဒီးနောင်က အရည်နီတွေကို ဖန်ခွက်ထဲလောင်း ထည့်ပြီးပြောနေကြသော်လည်း အဝေးကိုငေးကြည့်၍ ထူးဆန်းစွာငြိမ် သက်နေသူက အောတုရှိန်တစ်ယောက်ရယ်ပါ။

“ကိန်းယင့်၊ ဒီးနော, လူတစ်ယောက်ကိုချစ်နေရင် ဘယ်လိုခံစားရ တာလဲ”

တိတ်ဆိတ်ခြင်းကြားမှာ တည်ငြိမ်စွာထွက်ပေါ်လာတဲ့ အောတုရှိန် ရဲ့အသံသြသြကြောင့် သူတို့နှစ်ယောက်လုံး အောတုရှိန်ကိုမမြင်ဖူးသူ တစ်ယောက်လိုကြည့်ပစ်လိုက်ကြသည်။

“ငါ သူ့ကိုချစ်နေပြီထင်တယ်”

“အောတု”

“သူက အဖရဲ့တူမနော်”

“ငါသိတယ်။ သူလှတာမလှတာလည်း ငါမကြည့်တတ်ဘူး။ သူနဲ့ နေရတာပျော်တယ်။ ရန်ဖြစ်ပေမယ့် ခါတိုင်းလို ဒေါသမကြီးရဘူး။ သူ ပြန်တော့မယ်ဆိုတော့ ငါ့နှလုံးသားကြီး ပဲ့ကြွေသွားသလိုခံစားရတယ်။



ငါ သူ့ကို စတွေ့ချင်းကတော့ ပေါက်ကရမလေး။ ရေခဲရေသောက်တယ်။ ဝက်သားတုတ်ထိုးနဲ့ အချဉ်ပေါင်းကိုမြိန်ရည်ယှက်ရည်စားတယ်။ အဲ့ဒီ တုန်းက ငါ သူ့ကိုကြည့်မရခဲ့ဘူး။ အပေါ်စားဆန်တဲ့မိန်းကလေးလို့ ထင်ခဲ့တယ်။ ဒါပေမဲ့ ငါ အခု အဲ့ဒီမိန်းကလေးနဲ့မဝေးချင်တော့ဘူး”

“မင်း တကယ်ပဲ လှဦးမယ်ကိုချစ်သွားပြီထင်တယ်”

“အဖကိုဘယ်လိုလုပ်မလဲ၊ သူက တယူသန်သမား”

“အဖစိတ်ဆိုးရင်လည်း ငါ့ကိုကြိုက်သလောက် ထုပစေ။ ငယ် ငယ်ကလို တစ်ပတ်လောက် အခန်းပိတ်ထားရင်လည်းရတယ်။ ငါတို့ က သူ့သားတွေပဲ။ အဖရဲ့စိတ်ကိုသိတယ်။ အဖ အကြာကြီးစိတ်မဆိုး ပါဘူး။ ဘာပဲဖြစ်ဖြစ် ငါမသိဘူး။ ငါ, လှဦးမယ်ကိုမခွဲချင်တော့ဘူး”

“အဲ့ဒါဆိုရင် မင်းဘာလုပ်မလဲအောတု။ ငါတို့ဘာကူညီရမလဲ”

“လှဦးမယ်က ငါ့ကို. . .”

“မင်း ဘယ်တုန်းက ကိုယ့်ကိုယ်ကို ယုံကြည်မှုပျက်သွားရတာ လဲ”

“ဒါပေမဲ့. . . လှဦးမယ်က”

“မင်းကိုမကြည်ဘူးလို့ထင်နေတာလား”

“အွန်း. . .”

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အမှန်တကယ်မကြည့်ရင် မင်းအကြောင်းကို စကားထဲ တောင်ထည့်ပြောတော့မှာမဟုတ်ဘူး"

"ဟုတ်တယ် အောတု။ ဒီနေ့ ငါတို့အပြင်သွားတယ်။ တစ်လမ်းလုံး မင်းကိုမကျေနပ်ကြောင်းက ထပ်နေတာပဲ။ အမှန်တော့ သူမခေါ်ချင်နေ၊ မင်းသဘောနဲ့မင်းလိုက်လာမယ်လို့ သူထင်နေတာ"

"ငါဘာလုပ်ရမလဲ"

"သေလိုက် အောတု။ မနက်ဖြန်ဆို လှဦးမယ်ကို အဖက လာခေါ်တော့မှာ"

"ဟုတ်တယ်။ အဖက တစ်ခါပေါ်လာပြီးရင် ပျောက်သွားတာက အကြာကြီးပဲ။ လှဦးမယ်ကို နောက်တစ်ကြိမ် အခုလိုထပ်ဆုံရဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူး"

ထိုစဉ် အနောက်နားဆီမှ ထွက်ပေါ်လာတဲ့ခေါက်ဖိနပ်သံ တချွ်ချွ်ကြောင့် သူတို့လှည့်ကြည့်လိုက်စဉ်မှာ။ သူတို့အကြည့်တို့က ထိုခြေသံလေးအနားမှာ တဒင်္ဂရပ်တန့်သွားကြသည်။ မှန်ပါသည်။ သူတို့သုံးယောက်ကိုယ်တိုင် ပလာဇာထဲမှ ခေါင်းချင်းဆိုင်ရွေးခဲ့ကြသော မိုးပြာရောင်ဂါဝန်လေးနှင့် အောတုဝယ်ပေးလိုက်သော နီညိုရောင်ဖိနပ်တို့ စီးပြီး ကြွကြွလေးရပ်နေသောလှဦးမယ်ပါ။



"ငါ ဒီနေ့လှလား"

"အင်း. . . လှတယ်"

ဒီနေ့တော့ သူတို့ရဲ့စားသောက်ဝိုင်းလေးက ပျင်းခြောက်ခြောက်နှင့် ပြီးဆုံးသွားရသည်။

"ဒီးနာ၊ ရှင်နဲ့ငါလက်ဆွဲနှုတ်ဆက်ကြရအောင်"

ဟုဆိုကာ သူမလက်ကမ်းပေးလိုက်သည်။ ဒီးနာနဲ့ သူမက လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ဒီမှာ ရှင့်အတွက်လက်ဆောင်"

ဟုဆိုကာ ဘယ်တုန်းကတည်းက ဆွဲထားမှန်းမသိတဲ့ ဒီးနာရဲ့ပုံတူကိုလှမ်းပေးလိုက်သည်။

"ဒါ၊ ရှင်တို့ကို စစတွေ့ချင်းနေ့ကပဲ ငါဆွဲထားတာ"

"မင်းတော်တယ် လှဦးမယ်"

"ကိန်းယင့်, ရှင်ရော ငါနဲ့လက်ဆွဲနှုတ်ဆက်မလား။ ငါက ရှင့်အမျိုးကိုသိပ်သဘောကျခဲ့တာ"

ဟု သူမက ပွင့်ပွင့်လင်းလင်းပြောလိုက်တော့ ဖိုကိန်းယင့်မှာ ထပ်မပြုံးနိုင်တော့ဘဲ သူမကိုသိုင်းဖက်ပစ်လိုက်သည်။ သည့်တွင် စိတ်ကြီးသော အောတုရှိန်က ရုတ်တရက် ကိန်းယင့်ကိုဆွဲဖယ်ပြီး နှစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ဆင့်ထိုးပစ်လိုက်သည်။

"ကိန်းယင့်, မင်းသက်သက် ငါ့ကိုကြောတာပဲ။ ငါ သူ့ကိုကြိုက်နေတယ်ဆိုတာ သိသိချည်းနဲ့။ မင်းတရားလွန်တယ် ကိန်းယင့်"

ထိုအခါမှာတော့ လှဦးမယ်က သူမနားကို သူမ မယုံနိုင်ဖြစ်သွားကာ မှင်တက်နေမိပါသည်။ သူ ဒေါသမျက်နှာနီနီကြီးနှင့်ပင် လှဦးမယ်ဘက်လှည့်လာကာ. . .

"လှဦးမယ်, ငါ မင်းကိုချစ်တယ်"

"ဟင်! ဘာ. . . ဘယ်လို"

"မင်း ကန်တော်ကြီးကိုသွားချင်တယ်ဆိုလည်း ငါလိုက်ပို့မယ်။ ဖိနပ်လိုချင်ရင်လည်း တစ်ဆိုင်လုံးဝယ်ပေးမယ်။ ဝက်သားတုတ်ထိုးလည်း ကျွေးမယ်။ ရုပ်ရှင်လည်းလိုက်ပြမယ်။ ငါ မင်းနဲ့ရန်မဖြစ်ရရင် မနေနိုင်ဘူး။ မင်းမပြန်ပါနဲ့လား။ ငါ မင်းကိုကြင်နာပါ့မယ်။ တကယ်ပါ"

သူမမှာတော့ မယုံနိုင်စွာအံ့ဩလွန်း၍. . .

"ငါပြန်တော့မှာ"

"မင်း ငါ့ကိုမချစ်ဖူးလား။ မနက်ဖြန် အဖလာတော့မှာ။ ငါတို့ ဘယ်အခါမှတွေ့ရမလဲမသိဘူး။ ငါ မင်းကိုချစ်တယ်။ ငါတို့ထွက်ပြေးကြအောင်။ မထွက်ပြေးရင် နောက် ငါတို့မတွေ့ရတော့ဘူး"



"အောတုရှိန်. . . ငါ"

"ငါ့ကို အဲ့လိုအမြဲပဲခေါ်ပေးပါ။ နင်ခေါ်တဲ့အောတုရှိန်ဆိုတာကို ငါကြိုက်တယ်။ S.P လို့ခေါ်တာမကြိုက်ရင်လည်း ငါမခေါ်တော့ဘူး။ ငါနင့်ကိုချစ်တယ်။ မင်းငါ့ကိုမုန်းပါစေ ငါချစ်တယ်။ ငါ့ပုံကို နင်မဆွဲပေးရင်လည်းရတယ်။ ငါ နင့်ကိုချစ်တယ် လှဦးမယ်"

"ဟင့်အင်း. . . ရှင့်ပုံက ငါဆွဲထားပါတယ်"

"ဘာဖြစ်လို့ ငါ့ကိုမပေးတာလဲ"

"ငါအမြဲတမ်းသိမ်းထားဖို့ ရည်ရွယ်ခဲ့တာမို့ပါ"

"ဟင်. . . ဒါဆို နင် ငါ့ကိုမမုန်းဘူးပေါ့နော်"

"ငါ ရှင့်ကိုဘယ်တုန်းကမှမမုန်းပါဘူး။ သရဲကြောက်တတ်တဲ့ ရှင့်ကို သရဲနဲ့ခြောက်လန့်ဦးမှာ။ ငါက ရှင်နဲ့အမြဲတမ်းရန်ဖြစ်ဦးမှာလေ"

"ဒါဆို, မင်း ငါ့ကို"

"ရှင့်ပုံတူကိုတောင် ငါက အမြဲတမ်းသိမ်းထားမယ့်ဟာကို"

"ဟား. . . ဟား. . . ဟား"

သူဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး သူမလေးကိုမလွှတ်တမ်းဖက်ထားလိုက်သည်။

"ဖြောင်း!. . . ဖြောင်း!. . . ဖြောင်း! "

www.burmeseclassic.com

www.burmeseclassic.com

စည်ဝေစွာထွက်ပေါ်လာသော လက်ခုပ်သံကြီး. . .

"ဟင်! အဖ"

သူတို့သုံးယောက် ပြိုင်တူကြီးပြောမိလိုက်ကြသည်။ သူတို့ရဲ့ အဖမှာတော့ ပြုံးပြုံးကြီးပင်. . .

ရှိဒီးနောင်နဲ့ဖိုကိန်းယင့်ရဲ့ရင်ထဲမှာရော၊ အမှန်တကယ်ပျော်ရွှင်ရဲ့လား။ သေချာတာကတော့ အောတုရှိုန်နဲ့လုဦးမယ် ရန်ဆက်ဖြစ်ကြဦးမယ်ဆိုတာပါပဲ။

**ရသတို့နှင့်ပြည့်စုံပါစေ။**

**မယ်နိုင်**



# မယ်ခိုင်

## ထွက်ပြီးစာအုပ်များ

ချစ်သူ့ပေဖူးလွှာ
ရည်းစားဦးကျိန်စာ
ထစ်ချုန်းမိုး
သဲမုန်တိုင်းရဲ့နှလုံးသားစိန်ခေါ်သံ
အိုအေစစ်ကိုရှာဖွေကြသူများ
နှလုံးသားတွန်သံ
ဆူးမဲ့နှင်းဆီ
အဖြူရောင်သက်တံ
မိဗုရားလားကောရီ
ကြယ်တစ်ပွင့်နှင့်တွေ့ဆုံခြင်း

ယခုလထုတ်
ဖန်ခွဲချစ်သူ

www.burmeseclassic.com